www.burmeseclassic.com



www.burmeseclassic.com

# ရာဇဝင်ကို



## နင်ရယ်...ငါရယ်...လူကြမ်းတွေရယ်

(ဆယ်အုပ်မြောက်အမှတ်တရ)

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



# တစ်

ချိုမိကျော်ထင်နဲ့ သီတာထိန်လင်းတို့နှစ်ယောက်က အတန်းလွှတ်ပြီဆိုတာနဲ့ ကန်တင်းရှိရာကို တိုင်ပင်ထားတဲ့အတိုင်း ဒိုးလာခဲ့လိုက်ကြတယ်။

"ဟဲ့. . . ငါတို့အခန်းထဲက ဟိုမှန်ကြောင်မလေးလေ. . ဘယ်သူ. . . နာမည်က ပါးစပ်ဖျားတင်မေ့နေတယ်"

"ဖြူစင်သာအေးကိုပြောတာလား. . ."

"သြော်. . . အေး၊ ဟုတ်တယ်၊ အဲဒီတစ်ယောက်က သင်္ချာကင်းကို လိုက်နေတာဆရာ၊ မနေ့က ကျောင်းပေါက်ဝမှာ ရည်းစားစကားလိုက်ပြောနေတာတွေ့လိုက်တယ်"

"တကယ်. . ."

"အင်းပါဆို. . ."

"မရလောက်ပါဘူးဟယ်၊ အဲဒီသင်္ချာကင်းဆိုတဲ့ကောင်က မာ



www.burmeseclassic.com

www.burmeseclassic.com



နက ခပ်ကြီးကြီးရယ်၊ သူနဲ့တူတဲ့တန်တဲ့သူ ဒီကျောင်းမှာမရှိဘူးလို့ကို ခံယူထားတာ"

နှစ်ယောက်သား စကားတပြောပြောနဲ့ လမ်းလျှောက်လာရင်း ကော်ရစ်တာတစ်ခုရဲ့ ထောင့်ချိုးကိုအရောက်မှာတော့ နံရံဘက်က ကပ်ပြီး လမ်းလျှောက်လာတဲ့ ချိုမီကျော်ထင်နဲ့ တစ်ဖက်ကလျှောက်လာတဲ့ ကောင်လေးတစ်ယောက်တို့က အွတ်ခနဲနေအောင် ဝင်တိုက်မိကြတော့တယ်။

"အ"

"ဟယ်!"

ကောင်လေးလက်ထဲမှာကိုင်ထားတဲ့ စာအုပ်တွေရော၊ ချိုမီကျော်ထင့်လက်ထဲက ဝတ္ထုစာအုပ်တစ်အုပ်မရာက ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားတယ်။

"ဟာ. . . ဆောရီးဗျာ၊ ကျွန်တော်မမြင်လိုက်တာပါ"

ကောင်လေးက စာအုပ်တွေကို ပြန်ကောက်ရင်းဆိုသလို ချိုမီကျော်ထင်ကလည်း ကိုယ့်ဝတ္ထုစာအုပ်ကို ပြန်ကုန်းကောက်လိုက်ရင်းက. . .

"မဟုတ်တာ၊ ကျွန်မကလည်း လေပေါလာမိတာကိုး၊ အဲဒါကြောင့် မမြင်လိုက်"

ချိုမီကျော်ထင့်စကားက တစ်ဝက်တစ်ပျက်မှာတင် ရပ်သွား





ရတယ်။ ကြည့်စမ်းပါဦး။ ချောလိုက်တဲ့ကောင်လေး။ ဒီလောက်ချောတဲ့ကောင်လေးကို အရင်က မမြင်ဖူးပါဘူး။ ချိုမီ့မျက်လုံးတွေ ဆိုင်းသွားပြရတော့မယ်ထင်တယ်။ ဘာလို့အခုမှမြင်ရတာပါလိမ့်။

သူ့မျက်နှာလေးပေါ်မှာ မျောသွားမိတာ ဘေးက သီတာထိန်လင်းက ခါးလာတို့မှပဲ သတိပြန်ကပ်လာတယ်။ ဒီတော့မှ ချိုမီကျော်ထင်က စောစောက "မမြင်လိုက်"ဆိုတဲ့စကားရဲ့ အဆက်ကို တစ်လုံးချင်းပြောလိုက်မိတယ်။

"တာ. . . ပါ. . . "

သူမပုံကိုကြည့်ပြီး ကောင်လေးက ပြုံးတယ်။ သူမမျက်လုံးထဲမှာ ကြယ်တစ်စင်းကြွေကျလာတာကို မြင်လိုက်ရသလိုပါပဲ။ ကျန်တာတွေ ဘာမှမမြင်တော့ဘဲ အဲဒီအပြုံးလေးကပဲ သူမမျက်လုံးရှေ့မှာ ပိတ်ကားကြီးတစ်ခုလို ကာထားတော့တယ်။ လူကလည်း ကျောက်ရုပ်ကြီးတစ်ခုလို တောင့်သွားတာ ကောင်လေးထွက်သွားတာကိုတောင် မသိလိုက်ဘူး။

"ဟဲ့. . . မိန်းမ"

သီတာထိန်လင်းက ပခုံးနဲ့တိုက်ကာ အော်လိုက်တော့မှ. . .

"အင်. . . ဟင်. . . "

ဆိုပြီး အယောင်ယောင်အမှားမှားနဲ့ သတိပြန်ဝင်လာတယ်။ ကောင်လေးကိုကြည့်လိုက်တော့ မရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘယ်. . . ဘယ်ရောက်သွားတာလဲ"

"သွားပြီလေ၊ မျောသွားလိုက်တာများ ဟိုကထွက်သွားလို့ သူ့အိမ်တောင်ပြန်ရောက်နေလောက်ပြီ"

"ဟယ်. . . နာမည်လေးတောင် မမေးလိုက်ရဘူး၊ နာတာပဲ"

ပြောပြောဆိုဆို ချိုမီကျော်ထင်က သီတာထိန်လင်းရဲ့ လက်တစ်ဖက်ကို ဖျတ်ခနဲဖမ်းဆွဲယူလိုက်ကာ သူမရဲ့ ဝဲဘက်ရင်အုံပေါ်ကို တင်လိုက်ကာ. . .

"မြင်လား. . . ခံစားမိလား. . . ငါ့ရင်တွေခုန်နေတာကို၊ ဘယ်ယောကျ်ားမှ ငါ့ကိုရင်မခုန်စေခဲ့ဖူးဘူး၊ သူ့ကိုတော့ ငါကြွေသွားပြီ. . . မိထိန်၊ ငါအချစ်ကိုတွေ့ပြီ. . ."

"ချက်ချင်းကြီးပါလား. . . အသာလုပ်ပါ မိန်းမရယ်. . ."

"ငါတကယ်ပြောနေတာ၊ ငါ သူ့ကို ရအောင်လိုက်တော့မယ်၊ သူဘယ်ဘက်ကို ထွက်သွားတာလဲဟင်. . ."

"ဟိုဘက်သွားတာလေ၊ နင်က ဘာလုပ်ဦးမလို့လဲ. . ."

သီတာထိန်လင်းရဲ့စကားကို ချိုမီကျော်ထင်က ဒီအတိုင်းမဖြေဘဲ သူမရဲ့ဝဲဘက်ရင်အုံကို လက်တစ်ဖက်နဲ့ဖိ၊ မျက်လုံးတွေကို မှေးမှိတ်ထားလိုက်ရင်း. . .

"ငါ့နှလုံးသားလေး သူ့နောက်ပါသွားတာ၊ ပြန်လိုက်တောင်းမလို့လေ. . ."





ဆိုတော့ သီတာထိန်လင်းက အမြင်ကတ်လာကာ ချိုမီကျော်ထင်ရဲ့နဖူးကို ဖြန်းခနဲရိုက်ချလိုက်ရင်း ပြောလိုက်တာက. . .

"သေလိုက်တော့ ! "



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကနေ မယ်ယက္ခဆင်းလိုက်စဉ်မှာပဲ သူမနောက်မှာ သူမရဲ့ ဘော်ဒီဂတ်သုံးယောက်ဖြစ်တဲ့ ပေါက်ခေါမ၊ ကျောက်ပေါက်မ နဲ့ ဖက်တီးမတို့က အော်တိုမက်တစ်နေရာယူပြီးသွားကြပြီ။ ပြီးတော့ ဖက်တီးမက မယ်ယက္ခကို ထီးဆောင်းပေးဖို့ပြင်တယ်။ ဒါကို မယ်ယက္ခ က အလိုမကျသလို မျက်လုံးပြူးကြည့်လိုက်ရင်း. . .

"နင့်ကိုငါ ဘယ်နှစ်ခါပြောရမလဲ၊ ထီးဆောင်းဖို့တာဝန်ကို နင် မယူပါနဲ့လို့၊ နင်နဲ့ငါက အလုံးအရပ်ညီနေတော့ နင်ငါ့ကိုထီးလာ ဆောင်းပေးရင် ငါသွားရလာရတာ မလွတ်လပ်ဘူးလို့ပြောထားတယ် လေ. . ."

ပြောရင်လည်း ပြောလောက်စရာပါပဲ။ မယ်ယက္ခနဲ့ ဖက်တီးမ တို့က ဂျပန်နပမ်းသမားက အမေခေါ် ရလောက်အောင်ကို ဝကြတာပါ။ သူတို့နှစ်ယောက်များ အတူတွဲလမ်းလျှောက်လာရင် သူတို့သွားရာလမ်း တစ်လျှောက်မှာ လမ်းကြိတ်စက်ကြီးတစ်စင်းဖြတ်မောင်းသွားသလို မြေ ကြီးတွေ သိမ့်သိမ့်တုန်ပြီး ကျန်ခဲ့တတ်တာပါ။





"ဆောရီးပါ ဘောစိမ၊ ကျွန်မမေ့သွားလို့ပါ"

ခေါင်းတစ်ချက်ညွှတ်ကာ ပြောလိုက်တဲ့ ဖက်တီးမရဲ့ စကား အဆုံး ပေါက်ခေါမက ဖက်တီးမလက်ထဲက ထီးကိုယူလိုက်ကာ. . .

"ပေးပေး. . . ငါဆောင်းပေးလိုက်မယ်"

ဆိုပြီး မယ်ယက္ခကို ထီးဆောင်းပေးလိုက်တယ်။ ဒီတော့မှ မယ်ယက္ခက ဘဝင်ကျသွားဟန်နဲ့ ခြေလှမ်းတွေကို စလှမ်းတယ်။ ဒါပေ မယ့် သိပ်မလှမ်းလိုက်ရသေးခင်မှာပဲ မယ်ယက္ခက ကျောင်းပေါက်ဝမှာ ရပ်နေတဲ့ ချစ်ရင်ထူးကိုမြင်သွားကာ ခြေလှမ်းတွေကို ရပ်ပစ်လိုက်ရင်း မှ. . .

"တိုးတား. . . နင်တို့ ဒီနားမှာတင်ပဲ ရပ်နေခဲ့ကြ၊ ငါ့နောက် ကို လိုက်မလာနဲ့တော့"

လို့ဆိုတော့ ဘော်ဒီဂတ်သုံးယောက်ကလည်း ဦးခေါင်းတွေ ကို ညွှတ်ပြလိုက်ကြကာ. . .

"ရက်(စ်) ဘောစိမ"

လို့ပြန်ပြောကြတယ်။ နောက်တော့ မယ်ယက္ခက သူမရဲ့ အင်္ကျီကို တစ်ချက်နှစ်ချက်လောက်ဆွဲဆန့်လိုက်ပြီး တစ်ယောက်တည်း ရပ်ကာ ကားလာအကြိုကိုစောင့်နေဟန်ရှိတဲ့ ချစ်ရင်ထူးဆီကို လျှောက် သွားလိုက်တယ်။

"ချစ်"



www.burmeseclassic.com

www.burmeseclassic.com



မယ်ယက္ခရဲ့ ချစ်စနိုးအဖျားဆွတ်ကာ ခေါ်သံအဆုံးမှာ ချစ်ရင်ထူးရဲ့အကြည့်က မယ်ယက္ခဆီကိုရောက်လာပြီး သူမကိုအတွေ့မှာတော့ မျက်နှာက ရှုံ့မဲ့သွားတယ်။

"ချစ်. . . တစ်ယောက်တည်းလားဟင်"

"ဘယ်နှစ်ယောက်မြင်လို့လဲဗျာ့"

"ချစ်ကလည်း၊ တွေ့လိုက်တာနဲ့ ဘုတောတောတာပဲ၊ ကားစောင့်နေတာ မဟုတ်လား၊ တို့လိုက်ပို့ပေးမယ်လေ၊ တို့မှာကားပါတယ်"

"မလိုဘူး၊ ရတယ်၊ အိမ်ကကားလာတော့မှာ. . ."

ချစ်ရင်ထူးက ဒီနေ့မှပျက်နေတဲ့မိမိကားကို စိတ်ထဲကနေကျိန်ဆဲလိုက်တယ်။ မမသုံးကလည်း အခုထိလာမကြိုသေး။ ဘာလို့များ အခုထိ မလာသေးတာပါလိမ့်။

"ဒါဆိုလည်း အခုလို အခါအခွင့်သင့်တုန်းလေးမှာ တို့တောင်းထားတဲ့အဖြေလေး ပေးပါလားဟင်. . . နော်"

"ကျွန်တော်. . . ခင်ဗျားကိုပြောပြီးသားပဲလေ၊ ခင်ဗျားကို ကျွန်တော်လုံးဝ မချစ်နိုင်ပါဘူးလို့"

"အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ ချစ်ရယ်၊ တို့က ချစ်ဆီကရလာမယ့် အချစ်တွေကိုမျှော်လင့်ပြီး အသက်ရှင်နေရတာပါ၊ တို့ရဲ့မျှော်လင့်ချက်တွေကို မချစ်ဘူးဆိုတဲ့ စကားတစ်ခွန်းနဲ့တော့ ရိုက်ချိုးဖျက်ဆီးမပစ်လိုက်ပါနဲ့ကွယ်. . . နော်. . . တို့ကိုပြန်ချစ်ပါနော်"





"ဟား. . . မချစ်ပါဘူးဆိုဗျာ၊ ဘယ်လိုဖြစ်နေတာလဲ"

"မလုပ်ပါနဲ့ကွယ်၊ ပြန်ချစ်ပါနော်"

"မချစ်ဘူး"

"ချစ်ပါ"

"မချစ်ပါဘူး. . ."

"ချစ်ပါကွယ်. . ."

ပြောရင်း မယ်ယက္ခက ချစ်ရင်ထူးရဲ့လက်ကို လှမ်းကိုင်လိုက်တယ်။

"ဟာ. . . ခင်ဗျား. . . ဘာလုပ်တာလဲ၊ ကျွန်တော့်လက်ကို လွှတ်. . ."

"ဟင့်အင်း. . . မလွှတ်ဘူး၊ ချစ်တယ်ဆိုမှ လွှတ်မယ်"

ချစ်ရင်ထူးက မယ်ယက္ခလက်ထဲက သူ့လက်ကို ရုန်းကြည့်တယ်။ ဒါပေမယ့် မယ်ယက္ခက သူ့ထက်အလုံးအရပ်ပိုကြီးပြီး ဗလကလည်းတောင့်တော့ ရုန်းလို့မရဘူး။

"လွှတ်နော်. . . မလွှတ်ရင် ကျွန်တော်အော်လိုက်မှာနော်"

"အော်ပေါ့. . . ဒီကမ္ဘာမှာ မယ်ယက္ခကြောက်ရတဲ့သူ တစ်ယောက်မှမရှိဘူး. . ."

ဒီအချိန်မှာပဲ ချစ်ရင်ထူးက မယ်ယက္ခနောက်ကို လက်ညှိုးထိုးပြလိုက်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

"ဟာ. . . ဟိုမှာ ခင်ဗျားကားကြီး မီးလောင်နေပြီ"

လို့ထအော်တော့ မယ်ယက္ခမျက်နှာက ပြုံးပြုံးပျာပျာဖြစ်သွားရင်း. . .

"ဟင်! ဘယ်မှာလဲ. . . ဘယ်မှာလဲ"

ဆိုပြီး နောက်ဘက်ကို ပြန်ကြည့်တယ်။ ဒီအချိန်မှာပဲ ချစ်ရင်ထူးက သူ့မလက်ထဲကနေ ဆောင့်ရုန်းလိုက်ကာ တက္ကစီတစ်စင်းကို အပြေးအလွှားဖမ်းတားပြီး တက်လိုက်သွားတော့တယ်။

"ဟယ်. . . ချစ်. . . ချစ်နေဦးလေ. . . ချစ်. . . ချစ်နေဦး လို့ပြောနေတယ်လေ. . . ချစ်"

မယ်ယက္ခတစ်ယောက် ဆွေ့ဆွေ့ခုန်ပြီး ကျန်နေခဲ့တာ လမ်းပေါ်မှာ လျှောင်အသေးစားတစ်ခု လှုပ်သွားတဲ့အတိုင်းပါပဲ။





အိမ်ထဲကို ဝုန်းဒိုင်းဝုန်းဒိုင်းနဲ့ ဝင်လာတဲ့ ချစ်ရင်ထူးကြောင့် မမသုံးယောက်စလုံးရဲ့ အကြည့်တွေက အထိတ်တလန့်ဟန်နဲ့ သူ့ဆီကိုရောက်သွားကြတယ်။ ချစ်ရင်ထူးတို့မှာက မိဘတွေမရှိကြတော့ဘူး။ မောင်နှမလေးယောက်မှာ ချစ်ရင်ထူးက အငယ်ဆုံး။ သူ့အထက်မှာက အစ်မသုံးယောက်။ နှင်းဆီမမ၊ စံပယ်မမနဲ့ ခရေမမတဲ့။ ဒါပေမယ့် ချစ်ရင်ထူးကတော့ မမတစ်၊ မမနှစ်၊ မမသုံးလို့ပဲ ကြီးစဉ်ငယ်လိုက် နံပါတ်တပ်ပြီးခေါ်တယ်။

"ဟဲ့. . . ဘာဖြစ်လာတာလဲ၊ မျက်နှာကလည်း ပုပ်သိုးလို့"

မမ့တစ်ရဲ့အမေးကို ချစ်ရင်ထူးက ဆိုဖာမှာ ဝင်ထိုင်လိုက်ရင်း. . .

"ဘာဖြစ်ရမှာလဲ၊ မမသုံးပေါ့၊ ပြောတော့ ကျွန်တော့်ကို လာကြိုမယ်ဆိုပြီး မလာဘူးလေ၊ ကျောင်းရှေ့ထွက်စောင့်နေတော့ ရည်းစားစကားအပြောခံရတာပေါ့"

သူ့စကားအဆုံး မမသုံးက. . .

"ငါလည်းလာမလို့ပဲဟဲ့၊ လာကာနီးမှ ကားကဘာဖြစ်တယ်မသိဘူး၊ နှိုးမရတော့ဘူးလေ၊ နင့်ကားရော ငါ့ကားရော တစ်နေ့တည်း ပျက်တာဆိုတော့ ဆီမကောင်းလို့များလားမသိဘူး၊ ဝပ်ရှော့ကလည်း အခုထိ ဘာမှအကြောင်းမပြန်သေးဘူး၊ ဖုန်းဆက်ဦးမှပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



မမသုံးက ပြောပြောဆိုဆို ထထွက်သွားတယ်။ မမနှစ်က သူ့ကို စူးစမ်းသလိုကြည့်လာရင်း. . .

"နေစမ်းပါဦး၊ နင့်ကိုရည်းစားစကားပြောလိုက်တာ ဘယ်သူလဲ၊ ဘယ်ကလဲ"

"ပြောတော့ရော သိမှာကျနေတာပဲ၊ ကွတ်. . ."

ပြောပြီး သူကထထွက်သွားတော့ မမတစ်က မမနှစ်အနားအသာကပ်ကာ. . .

"ဟဲ့. . . သူဘာဖြစ်လာတာလဲ၊ ငါနားလည်အောင် ပြောပြစမ်းပါဦး"

"ရည်းစားစကားအပြောခံရလို့တဲ့. . ."

"ဇီးပြား. . . ဟဲ့. . . သူကဒီအရွယ်ရောက်မှ ဇီးပြားက ဘာစိတ်ကူးပေါက်ပြီး စားချင်ရတာတုန်း"

"ဩော်. . . သူကတစ်မျိုး၊ ဇီးပြားမဟုတ်ဘူး၊ ရည်းစား. . . ရည်းစား၊ ရည်းစားစကားအပြောခံရလို့ပါဆို"

မမနှစ်က ကုန်းအော်တော့မှ မမတစ်က သဘောပေါက်သွားကာ. . .

"တိုးတိုးသက်သာပြောပါဟဲ့၊ ငါကြားပါတယ်၊ သူပီဇာစားချင်တာများ ငါလုပ်ကျွေးလိုက်ပါ့မယ်. . ."





# နှစ်

ချစ်ရင်ထူးက ကန်တင်းမှာ တစ်ယောက်တည်းအအေးသောက်ရင်းနဲ့ သူငယ်ချင်းဖိုးသစ်အလာကို စောင့်နေတုန်းတယ်။ ဒီအချိန်မှာပဲ သူ့ရှေ့ဘက်ခုံက "ရွှတ်. . . ရွှတ်ရွှတ်. . ."ဆိုတဲ့ အသံကြောင့် လှမ်းကြည့်လိုက်မိတော့ ကောင်မလေးနှစ်ယောက်။ တစ်ယောက်ကဘေးတိုက်အနေအထားဖြစ်ပြီး ကျန်တစ်ယောက်က သူနဲ့မျက်နှာချင်းဆိုင်အနေအထား။ သူချက်ချင်းမှတ်မိလိုက်ပါတယ်။ တစ်နေ့က ကော်ရစ်တာမှာ ဝင်တိုက်မိတဲ့တစ်ယောက်ဆိုတာ။

သူက အဲဒီလိုကြည့်နေတုန်းမှာပဲ ကောင်မလေးက သူ့ကို မျက်စိတစ်ဖက်မှိတ်ပြလာတယ်။ ဒါနဲ့သူက မျက်မှောင်ကြုတ်ကာ အကြည့်ကိုလွှဲလိုက်မိတယ်။ ပြီးတော့ လွယ်အိတ်ထဲက စာအုပ်တစ်အုပ်ကိုထုတ်ကာ ဖတ်သလိုလိုနဲ့ လျှောက်လှန်နေလိုက်တယ်။ ဒီအချိန်မှာပဲ စောစောက "ရွှတ်. . . ရွှတ်ရွှတ်. . ."ဆိုတဲ့ အသံက ထွက်လာပြန်ရော။ သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း အမှတ်မရှိကြည့်မိပြန်တယ်။

ဒီတစ်ခါကျတော့ သူမက မျက်စိမှိတ်မပြတော့ဘူး။ နှုတ်ခမ်းတွေကို ရှေ့ဘက်စုထုတ်ကာ အနမ်းပေးသလို လုပ်ပြတယ်။ ခက်တာပဲ. . . ဟိုကောင်ဖိုးသစ်ကလည်း အခုထိမလာသေး။

ဒါနဲ့သူက အကြည့်ကိုလွှဲလိုက်မိပြန်တယ်။ ဒီအချိန်မှာပဲ ကန်တင်းရှိရာကို လှမ်းလာနေတဲ့ ဖိုးသစ်ကို အားတက်ဖွယ်ရာတွေ့လိုက်ရတယ်။ ဒီအချိန်မှာပဲ "ရွှတ်ရွှတ်. . . "ဆိုတဲ့အသံက ထပ်ထွက်လာပေမယ့် ဒီတစ်ခါတော့ သူက မကြည့်တော့ဘူး။

ဖိုးသစ် သူ့ရှေ့ကထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီဆိုတာနဲ့. . .

"မင်းကလဲကွာ၊ ငါစောင့်နေတာကြာလှပြီ၊ ဘာလုပ်နေလို့ကြာနေတာလဲ၊ အတန်းချိန်တောင် နီးနေပြီ. . ."

"ငါလည်း လာတာပဲကွာ၊ ကျောင်းပေါက်ဝမှာ ထိပ်ထားခင်ဆိုတဲ့ကောင်မလေးနဲ့လာတိုးပြီး ဇွတ်ရောအတင်းရော အဖြေလိုက်တောင်းနေလို့ သူ့ကို ပတ်ပြေးနေရတာနဲ့ ကြာသွားတာ. . . ဟူး. . ."

"မင်း ဘာသောက်ဦးမလဲ၊ မှာလေ. . ."

"မသောက်တော့ဘူးလေကွာ၊ အတန်းချိန်က ရောက်နေပြီပဲဟာ၊ သွားရအောင်လေ. . . မေဂျာချိန်ဆိုတော့ လွတ်သွားလို့မကောင်းဘူး"

ပိုက်ဆံရှင်းပြီး နှစ်ယောက်သား အတန်းဆီသွားဖို့ ထလိုက်





တော့ သူ့အကြည့်က ဘာရယ်မဟုတ် ကောင်မလေးဆီရောက်သွားပြန်တယ်။ ကောင်မလေးရဲ့အကြည့်ကလည်း သူ့ဆီမှာ အဲဗားရှိနေတာဆိုတော့ အကြည့်ချင်းဆုံသွားကြကာ သူမက မျက်နှာကိုရှုံ့မဲ့ကာ ပြောင်ပြတယ်။

ဒီတစ်ယောက်နဲ့တော့ ခက်နေပါပြီ. . .။



www.burmeseclassic.com

www.burmeseclassic.com



မှုန်ကုပ်ကုပ်မျက်နှာလေးနဲ့ ထထွက်သွားတဲ့ ကောင်လေးကို လိုက်ကြည့်ပြီး ချိုမီကျော်ထင်က တဟားဟားရယ်တယ်။ ဘယ်လိုကြည့်ကြည့် သူ့ပုံစံလေးက ချစ်စရာလေး။

"နင်ကလည်း တော်ရုံစ,တာမဟုတ်ဘူး၊ ဟိုမှာ ရှက်လို့ထပြေးပြီ၊ ဒါနဲ့ နင်က အဲဒီတစ်ယောက်ကို အတည်လား. . . ဟုတ်လား၊ တကယ်ကို ကြွေနေတာလား. . ."

သီတာထိန်လင်းရဲ့ စကားကို ချိုမီကျော်ထင်က မေးမှမေးရက်ပလေတယ် ဆိုတဲ့ အကြည့်မျိုးနဲ့ကြည့်လိုက်ရင်း. . .

"တကယ်ပါဆိုဟယ်၊ ငါ. . . သူ့ကိုတကယ်ကို ကြွေသွားတာ၊ ငါမရရအောင်ကိုလိုက်မှာ၊ ငါစုံစမ်းကြည့်ရသလောက်တော့ သူ့မှာရည်းစား မရှိသေးဘူး၊ အဲဒါသေချာတယ်၊ ပြီးတော့ နင့်ကို အံ့သြစရာတစ်ခုပြောရဦးမယ်သိလား၊ သူနေတာက အခုငါတို့ပြောင်းနေနေတဲ့ အိမ်အသစ်နဲ့ နှစ်လမ်းကျော်မှာနေတာ. . . သိလား"

"ဟယ်. . . တကယ်"





"အင်း. . . ငါမနေ့က မြို့ထဲကအပြန် သူ့ကိုကားတစ်စီးပေါ်မှာတွေ့လို့ လိုက်ကြည့်တာ၊ ငါတို့အိမ်အသစ်နဲ့ နှစ်လမ်းကျော်ထဲကို ဝင်သွားလို့ ငါတောင်အံ့သြသွားတယ် တကယ်၊ ရင်တွေလည်း အရမ်းခုန်သွားတယ်သိလား၊ ဟီးဟီး. . . ဖူးစာပါလို့ထင်တယ်. . ."

ချိုမီကျော်ထင်က သူမစကားကို သူမသဘောကျကာ ကျိတ်ရယ်ပြန်တယ်။ ပြီးမှ စကားကိုဆက်တယ်။

"သူက မိဘတွေမရှိတော့ဘူးပဲ၊ အစ်မသုံးယောက်နဲ့နေတာ၊ အစ်မတွေက မောင်ထိ. . . ခါးကြည့် ဆိုတဲ့အစားတွေတဲ့. . ."

"မိန်းမ. . . နင်လက်သွက်လှချည်လား. . . ဟမ်၊ ဘယ်လိုများစုံစမ်းလိုက်တာလဲ၊ သတင်းတွေက စုံလှချည်လား. . ."

သီတာထိန်လင်းရဲ့ စကားအဆုံး ချိုမီကျော်ထင်က အကျီကော်လာစကို ဆွဲထောင်ပြလိုက်ရင်း. . .

"ဒါကတော့ ကိုယ်က ချစ်မိသွားတာကိုးကွယ့်၊ ဒီလောက်တော့ လက်သွက်ရမှာပေါ့၊ ဟုတ်ဖူးလား၊ သူက အဖိုးတန် အမျိုးကောင်းသားလေးဆိုတော့ သူများတွေရှာဖွေမတွေ့ရှိခင် ကိုယ်ကအပိုင်ကိုင်ထားပြီးသားဖြစ်နေမှ တော်ကာကျမှာလေ. . . ဟဲဟဲ. . . ဩော. . မေ့တော့မလို့၊ သူ့နာမည်လေးကလည်း အဆန်းရယ်. . . ချစ်ရင်ထူးတဲ့. . ."

"ဟွန်း. . . မျက်နှာကိုက. . . အမြင်ကတတ်ဖို့ကောင်းလိုက်တာများ. . ."



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ထို

သီတာထိန်လင်းက မကျေမနပ်ရေရွတ်တယ်။ ချိုမီကျော်ထင်ကတော့ မျက်လုံးထဲမှာ ချစ်ရင်ထူးရဲ့မျက်နှာလေးကို မြင်ယောင်ကြည့်ကာ အသည်းတွေယားလို့။ ချစ်လိုက်တာကွယ် . . .။



## နှင်းရယ်.. ငါရယ်.. လွမ်းကြက်တွေရယ်

မမသုံးယောက်နဲ့ သူနဲ့ Ruby Mart မှာ ဈေးလျှောက်ဝယ်နေကြတယ်။ ပထမတော့ သူက သတိမထားမိသေးဘူး။ အဝတ်အစားဆိုင်တစ်ခုကိုရောက်တော့မှ သူ့နောက်မှာ သူမ,ပါလာတာကို စပြီးသတိထားမိတာ။ သူက အပြာရောင်တီရှပ်တစ်ထည်ကို တန်းကနေဖြုတ်ယူလိုက်ပြီး ကိုယ်နဲ့တော်မတော်လိုက်မလိုက်ကို ခန္ဓာကိုယ်မှာ ကပ်ကြည့်လိုက်တုန်းမှာပဲ "ရွှတ် . . . ရွှတ်ရွှတ် . . . " ဆိုတဲ့အသံကို ကြားလိုက်မိတာ။ သူကလည်း ဘာဓာတ်သဘောရယ်တော့မသိ။ အဲဒီ ရွှတ်ရွှတ်ဆိုတဲ့ အသံကိုကြားလိုက်မိကတည်းက မျက်လုံးထဲမှာ သူမကို ဖျတ်ခနဲပြေးမြင်ယောင်လိုက်မိတာ။ ပြီးတော့မှ ပတ်ဝန်းကျင်ကို ဝေ့ဝဲရှာကြည့်လိုက်တော့ ထင်တဲ့အတိုင်း . . . သူမ။

သူမက သူနဲ့မျက်စောင်းထိုးလောက်က ဂျင်းဘောင်းဘီတွေထားတဲ့နေရာမှာ။ သူမကိုလည်း သူကြည့်လိုက်မိရော သူမက တစ်ချက်ပြုံးပြကာ လက်မတစ်ချောင်းထောင်ပြတယ်။ ဆိုလိုတာက သူ့လက်ထဲမှာကိုင်ထားတဲ့ အကျႌအပြာရောင်လေးနဲ့ သူနဲ့လိုက်ဖက်တယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘော။ အစတော့သူက အကျီလေးကိုကြိုက်နေပြီမို့ ယူတော့မလို့ပါပဲ၊ ဒါပေမယ့် သူမပြောတာကို လိုက်လုပ်တယ်ဖြစ်မှာစိုးတာနဲ့ အကျီလေးကို မယူတော့ဘဲ ပြန်ချိတ်ထားလိုက်တယ်။

ဒီလိုနဲ့ ဦးထုပ်တွေထားတဲ့နေရာမှာ ဦးထုပ်ရွေးတော့လည်း သူက အပြာရောင်ခရေဇီမို့ အပြာရောင်ဦးထုပ်လေးတစ်လုံးကို ဆောင်းကာ အနားက မှန်မှာ ကြည့်မိတဲ့အခိုက် သူမက ထုံးစံအတိုင်း "ရွှတ်. . . ရွှတ်ရွှတ်. . ." နဲ့လုပ်ပြီး လက်မတစ်ချောင်းထောင်ပြပြန်ရော။ ဒါနဲ့သူကလည်း မယူတော့ဘဲ ပြန်ချထားလိုက်ပြန်တယ်။

အဲ. . . ပြဿနာက အဝတ်အစားဆိုင်ထဲကအထွက်မှာ စတာ။ နားလေးပေမယ့် ပတ်ဝန်းကျင်စူးစိုက်မှုပိုကောင်းတဲ့ မမတစ်က သူမကို စသတိထားမိသွားတာ။

"ဟဲ့. . . မိနှစ်နဲ့ မိသုံး၊ နောက်မှာ ကောင်မလေးတစ်ယောက်ပါလာတယ်ဟဲ့၊ ငါတို့ဒီထဲကိုဝင်လာကတည်းက မယောင်မလည်နဲ့ပါလာတာ၊ အခုထိလည်း ပါလာတုန်းပဲ. . ."

လို့လည်း ပြောလိုက်ရော မမနှစ်နဲ့မမသုံးတို့က နောက်ကို ဖျတ်ခနဲ လှည့်ကြည့်ကြတယ်။ ဒါပေမယ့် သူမက ပိုအထာနပ်တယ်ဆရာ။ မမတို့လည်း ကြည့်လိုက်ရော၊ သူမက ခြေလှမ်းတွေရပ်ပစ်လိုက်ကာ ဟိုဟာကြည့်သလိုလို ဒီဟာရှာသလိုလိုနဲ့ အရှုးကွက်နင်းပြတယ်။

"ဘယ်တစ်ယောက်လဲ. . ."





မမသုံးရဲ့အမေးကို မမတစ်က. . .

"ဟိုတစ်ယောက်လေ၊ ဟိုမှာ. . . အနက်ရောင်ဦးထုပ်နဲ့တစ်ယောက်"

မမတစ်က နားထဲမှာ ခိုးလို့ခုလုယားကျိကျိနဲ့ မနေတတ်ဘူးဆိုပြီး အိမ်မှာသာ နားကြပ်မတပ်ဘဲနေပေမယ့် အပြင်သွားရင်တော့ နားကြားကိရိယာတပ်တဲ့အတွက် စကားပြောရတာ အဆင်ပြေတယ်။ "ခါးပိုက်နှိုက်တော့ မဖြစ်နိုင်ဘူး၊ ချစ်နောက်ကို လိုက်လာတာပဲ ဖြစ်ရမယ်၊ ဟဲ့. . . ချစ်. . နင်သူ့ကိုသိလား. . ."

"ဟာ. . . မမနှစ်ကလည်း၊ မသိပါဘူး"

မမသုံးယောက်စလုံးက သူ့ကို မယုံသင်္ကာဟန်နဲ့ အကဲခတ်ကြတယ်။ သူက မင်သေသေနဲ့ နေပြလိုက်တော့မှ နည်းနည်းယုံသွားကြသလိုရှိကာ ဈေးဆက်ဝယ်ကြတယ်။

သူမကလည်း မယောင်မလည်နဲ့ပါလာတာပါပဲ။ ဒီလိုနဲ့ စားသောက်ကုန်တန်းတွေနားကို အရောက်မှာတော့ မမသုံးယောက်က သည်းမခံနိုင်တော့ဟန်နဲ့ သူမဆီကို တန်းတန်းမတ်မတ် လျှောက်သွားကြတော့ သူ့မှာ ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားရတော့တယ်။ ပြဿနာကတော့ စလေပြီ။

မမသုံးက ချိုမိကျော်ထင့်ကို လူကြမ်းအထာနဲ့ မိုက်ကြည့်ကြည့်လိုက်ရင်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နင့်. . . ငါတို့နောက်ကို ဘာလိုက်လုပ်နေတာလဲ၊ ပြောစမ်း၊ မလိုက်ဘူးလို့တော့ ပြောင်မလိမ်နဲ့နော်. . ."

ဆိုတော့ ချိုမီက ဘယ်ဘက်ပါးစောင်မှာဝါးနေတဲ့ ပီကေကို ညာဘက်ပါးစောင်ဘက် ပြောင်းရွှေ့ကာ ဝါးလိုက်ရင်း. . .

"မလိမ်ပါဘူး၊ ချိုမီတို့ကတော့ ပွင့်ပွင့်လင်းလင်းပဲ၊ လိုက်လာတယ်. . . ဟုတ်တယ်၊ ဒါပေမယ့် ကျွန်မလိုက်တာက ချစ်ရင်ထူးနောက်ကို လိုက်တာပါ။ အန်တီတို့နောက်ကို လိုက်တာမဟုတ်ပါဘူး. . ."

လို့လည်း ဆိုလိုက်ရော မမသုံးယောက်ခင်မျာ စုန်စုန်ခွေ့ပြီး ဆွေ့ဆွေ့တွေခုန်သွားကြတော့တယ်။

"အမလေး. . . လေး၊ အန်. . . အန်တီဟုတ်လား၊ ညည်းကငါတို့ကို အန်တီ. . . ဟုတ်လား. . ."

"ဟုတ်ပါ့အေ. . . ဒီအဆင်နဲ့ဒီအဆင်က အန်တီခေါ်စရာလားလို့"

"ဟုတ်တယ်. . . ဟုတ်တယ်၊ စောစောက သေးသေးလေးပဲတင်းတာ၊ အခုကတော့ အကြီးကြီးကိုတင်းသွားပြီ. . . အကြီးကြီးကိုတင်းသွားပြီ. . ."

မမသုံးယောက်သားက သူမကို စားတော့ဝါးတော့မတတ် အမဲဖျက်သလို ဝိုင်းအုံပြောနေကြပေမယ့် သူမကတော့ ခပ်တည်တည်ရယ်။ ဘာကိုမှမကြောက်လို့ တစ်ဖွေတည်းလိမ့်လာတာ. . . ဆိုတဲ့ဒီဇိုင်း





နဲ့. . .

"အန်တီရုပ်ပေါက်နေလို့ အန်တီခေါ်တာ ဘာဖြစ်လဲ၊ မမရုပ်ပေါက်ရင် မမခေါ်မှာပေါ့၊ အခုဟာက သုံးယောက်စလုံး တစ်ယောက်မှမှ မမရုပ်မပေါက်တာ. . ."

လို့လည်း ထပ်ပြောလိုက်ရော သုံးယောက်စလုံး အရှိက်ကို အထိုးခံလိုက်ရတဲ့ လက်ဝှေ့သမားတွေလို မူးမေ့လဲကျမတတ် သွေးတွေပြောင်းပြန်စီးကုန်ကြတော့တယ်။

"အောင်မလေးလေး. . . ပိုဆိုးသွားပြီ၊ ဒီတစ်ခါစကားက ပိုဆိုးသွားပြီ. . ."

"အား. . . ကျွတ်ကျွတ်. . . ခေါင်းကိုက်လိုက်တာ"

"သုံး. . . သည်းမခံနိုင်တော့ဘူး၊ လုံးဝသည်းမခံနိုင်တော့ဘူး၊ ဒီကောင်မကို ကျွေး. . . ကျွေးလိုက်တော့မယ်. . ."

ဆိုပြီး မမသုံးက လက်ဝါးပြင်လိုက်တယ်။ ဒီတော့ ခပ်လှမ်းလှမ်းမှာရပ်ကြည့်နေတဲ့ ချစ်ရင်ထူးလည်း မနေနိုင်တော့ဘဲ မမသုံးကို ပြေးဆွဲရတယ်။

"ဟာ. . . မမ. . . ဘာတွေလျှောက်လုပ်နေတာလဲဗျာ၊ သူများတွေ ဝိုင်းကြည့်နေကြတာ မရှက်ဘူးလား. . ."

"ဘာကို ရှက်ရမှာလဲဟဲ့၊ ဒီမှာ ငါတို့ကို စော်ကားနေတာ မမြင်ဘူးလား. . ."



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ခိုး

"လာပါ မမတို့ရာ. . . လာပါ၊ သွားရအောင်"

သူက သူမကို ဖျတ်ခနဲတစ်ချက်ကြည့်ပြီး မမသုံးယောက်ကို လက်ဆန့်တန်းကာ သိမ်းကျုံးတွန်းထုတ်လာမိတယ်။ ဒါကို နည်းနည်းစိတ်ကြီးတဲ့ မမသုံးက သူမကို မကျေမနပ်လှမ်းကြည့်လိုက်ရင်း. . .

"နင်ဆက်လိုက်မလာနဲ့နော်၊ ဒီတစ်ခါဆိုရင်တော့ ငါက လက်ဝါးချည်းလွှတ်လိုက်မှာ. . . ဘာမှတ်နေလဲ၊ ငါ့မောင်နောက်ကို လိုက်လာတာ ငါတို့မကြိုက်ဘူး. . ."

လို့အော်တော့ ချိုမီက ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြရင်း .

"လိုက်မှာပဲ. . . လွတ်လပ်တဲ့လူပျိုနောက်ကို လွတ်လပ်တဲ့ အပျိုက လိုက်တာ. . . ဘာဖြစ်လဲ၊ ပြီးတော့ ကျွန်မလိုက်လာတာကို ရှင်တို့မကြိုက်ပေမယ့် ချစ်ရင်ထူးကတော့ ကြိုက်ရင်ကြိုက်မှာပေါ့. . ."

"ကြည့်စမ်း. . . ကြည့်စမ်း၊ ပြောနေရင်းကကို ပြန်ခံပက်နေတာ၊ ငချစ်. . . ဖယ်စမ်းငါ့ရှေ့က၊ ဒီကောင်မကို ငါတစ်ခုခုလုပ်ရမှကို ကျေနပ်မယ်. . ."

"ဟာ. . . မမသုံးကလည်းဗျာ၊ ထားလိုက်စမ်းပါ၊ သူ့ဘာသာသူ လိုက်တာပဲ၊ ကျွန်တော်တို့က ဂရုမစိုက်ရင် သူလိုက်လာတော့ရော ဘာလုပ်လို့ရမှာလဲ. . . မမတို့ကသာ သူ့ကို သွားသွားကြည့်မနေနဲ့၊ ဟာ. . . ရှုပ်ပါတယ်ဗျာ၊ ပြန်ရအောင်. . . ဘာမှဆက်ဝယ်မနေနဲ့တော့၊ ပြန်မယ်"





သူက မမတို့ကို လက်နှစ်ဖက်ဆန့်တန်းပြီး အတင်းတွန်းထုတ်ထိန်းကာ ခေါ်ထုတ်လာခဲ့လိုက်တော့တယ်။ ဒါတောင် သူနောက်ကို လှည့်ကြည့်တော့ သူမက ပြောင်စပ်စပ်မျက်နှာပေးနဲ့ ကားပါကင်အထိပါလာသေးတာ။ သူတို့တွေ ကားပေါ်တက်မောင်းထွက်လာတော့မှ သူမက ကျန်နေခဲ့တာ။

ဒါတောင် ကားဘက်မှန်ကနေ နောက်ကိုလှမ်းအကြည့်မှာ သူမက လက်တစ်ဖက်ဝှေ့ရမ်းကာ တာ့တာလုပ်ပြနေတာကို မြင်လိုက်ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com







# သုံး

နှကျောင်းထဲကို ဝင်မယ်အလုပ်မှာပဲ ကျောင်းပေါက်ဝမှာ တွေ့လိုက်ရတဲ့ မယ်ယကန္ဒနဲ့ သူမရဲ့ ဘော်ဒီဂတ်သုံးယောက်ကြောင့် ချစ်ရင်ထူးခန္ဓာကိုယ်က ဆတ်ခနဲတုန်သွားရကာ နောက်ဘက်ကို ပြန်လှည့်လာခဲ့လိုက်တယ်။ ဒုက္ခပဲ. . . အတန်းချိန်ကလည်း ကပ်နေပြီ။ အရေးထဲဆို သူ့ကားကလည်း ပျက်ပျက်နေတာ။ ကားပျက်တိုင်းလည်း ဒိမိန်းမကြီးက တိုက်တိုက်ဆိုင်ဆိုင်ကို ရောက်ရောက်လာတတ်တာ။ တမင်များ ကားပျက်တဲ့နေ့တွေကို ရွေးရွေးပြီးလာလေသလား မပြောတတ်။

သူက စိတ်ရှုပ်ထွေးစွာနဲ့ နာရီကြည့်လိုက် မယ်ယကန္ဒတို့ အုပ်စုကို ကြည့်လိုက်နဲ့ ဖြစ်နေတုန်းမှာပဲ သူ့ရှေ့နားကို ကားတစ်စီးက



www.burmeseclassic.com

www.burmeseclassic.com



ထိုးဆိုက်လာတော့တယ်။ သူက ဘာလဲဟ ဆိုတဲ့ပုံစံနဲ့ကြည့်နေမိတုန်းမှာပဲ တင်ထားတဲ့ ကားမှန်တွေက လျှောခနဲပွင့်သွားကာ အထဲက လူကို တွေ့လိုက်ရတယ်။

ကားထဲမှာက သူမ. . .။

"ဘာဖြစ်နေတာလဲ၊ တို့ကူညီနိုင်တာဆိုရင်ပြောလေ၊ တို့ကူညီပေးပါ့မယ်. . ."

အစတော့ သူက ငြင်းလိုက်ဦးမလို့ပင်။ ဒါပေမယ့် အတန်းချိန်ကလည်း နီးနေ၊ မယ်ယက္ခတို့အုပ်စုကလည်း တော်တော်နဲ့ပြန်သေးဦးမယ့်ပုံမပေါ်ဘူး။ ဒါနဲ့သူက သူမကို အားနာသလိုတစ်ချက်ကြည့်လိုက်ကာ. . .

"ဟို. . . အပန်းမကြီးဘူးဆိုရင်. . . ကျွန်တော် ခင်ဗျားကားနဲ့ ကျောင်းထဲရောက်တဲ့အထိ လိုက်ခဲ့လို့ရမလား. . ."

သူ့စကားလည်းဆုံးရော သူမက သူ့ကို အားရပါးရပြုံးပြလာကာ. . .

"သိပ်ရတာပေါ့. . ."

တဲ့။

သူမဘေးမှာ သူဝင်ထိုင်လိုက်စဉ်မှာပဲ သူမက ကားမှန်တွေကို ပြန်တင်လိုက်ပြီး ကားကိုမောင်းထွက်တယ်။ ခုမှ သူက သက်ပြင်းမောကို ဟူးခနဲ မှုတ်ထုတ်လိုက်ကာ. . .





"ကျေးဇူးပါပဲဗျာ. . ."

ဆိုတော့ သူမက ပြုံးတယ်။ ပြီးတော့မှ. . .

"မလိုပါဘူး. . ."

တဲ့။

ကားက မယ်ယက္ခဘေးကနေ လျှောခနဲ ဖြတ်မောင်းသွားတော့ သူ့ကျောထဲမှာ စိမ့်ခနဲတောင်ဖြစ်သွားတယ်။ မယ်ယက္ခကတော့ သူ့ကို မမြင်ရှာ။ လမ်းရဲ့ဘယ်ညာကို လှည့်ပတ်ကြည့်ကာ ရှာနေသလို အထက်အောက်အမည်းဝမ်းဆက်ကြီးတွေဝတ်ပြီး နေကာမျက်မှန်အမည်းကြီးတွေ တပ်ထားတဲ့ သူမရဲ့ ပုံဆိုးပန်းဆိုး ဘော်ဒီဂတ်သုံးယောက်ကလည်း ကျီးကန်းကိုတောင်းနဲ့မှောက်ထားသလို ဟိုကြည့်ဒီကြည့်။

ကားက ကျောင်းထဲကို ခပ်ဖြည်းဖြည်းလေးပဲ ဝင်သွားတယ်။ အတန်းအသင့်ဝင်လာပြီးတဲ့ အခါမှာတော့. . .

"ဟို. . . ရပြီ. . . ရပြီဗျာ့၊ ကျွန်တော်ဒီနားမှာပဲ ဆင်းလိုက်တော့မယ်၊ ကားရပ်လိုက်တော့. . ."

ဆိုပြီး သူမက ကားရပ်ပေးလိုက်စဉ်မှာပဲ သူက ကားပေါ်က ခပ်သွက်သွက်ဆင်းလိုက်ကာ. . .

"ကျေးဇူးတင်ပါတယ်. . ."

ဆိုပြီး ကားတံခါးကိုပြန်ပိတ်ပေးလိုက်တယ်။ ဒါပေမယ့် ကားက မောင်းထွက်မသွားသေးဘဲ ကားမှန်တွေက လျှောခနဲပွင့်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကာ သူမက သူ့ကို ခပ်တည်တည်စိုက်ကြည့်လာပြီး...

"တို့က မင်းနဲ့မိတ်ဆွေလုပ်ဖို့ အစီအစဉ်မရှိဘူးနော်..."

တဲ့။ သူမစကားကြောင့် သူတောင် ကြောင်သွားရတယ်။ ပြီးတော့မှ သူ့ကိုသူမက အပြာရောင်စာအိတ်လေးတစ်စောင် ကမ်းပေးလာရင်း...

"ဒီစာလေး ဖတ်ကြည့်ပေးပါလား..."

တဲ့။ သူက တန်းတော့မယူသေး။ သူမမျက်နှာကို တစ်ချက်ကြည့်လိုက်မိသေးတယ်။ သူမက ပြုံးလိုက်ရင်း ခေါင်းလေးကိုငဲ့စောင်းကာ တစ်ချက်ညိတ်ပြလာတော့မှ ဘယ်လိုဆွဲအားတွေရယ်ကြောင့်တော့ မသိပါဘူး။ သူလက်တွေက စာကိုယူပြီးသား ဖြစ်သွားတယ်။

သူမကား မောင်းထွက်သွားတဲ့အချိန်အထိ သူက မသွားမိသေးဘဲ စာအိတ်လေးကို ကိုင်ထားရင်းက နေရာမှာတင် အကြာကြီးရပ်နေမိတယ်။ မယ်ယက္ခကိုကြောက်လို့ သူမကားနဲ့လိုက်လာမှပဲ ရည်းစားစာအပေးခံရချေပြီ။

နောက်တော့မှ သူလည်း အတန်းချိန်နီးနေတာကို အမှတ်ရကာ အတန်းဆီ သုတ်ခြေတင်ရတော့တယ်။ တော်ပါသေးရဲ့ သူနဲ့ဆရာက ရှေ့ဆင့်နောက်ဆင့်ရောက်သွားလို့။ ဒီမေဂျာဆရာက နည်းနည်းက စည်းကမ်းကြီးတယ်။ အတန်းထဲကို သူရောက်ပြီးလို့ ငါးမိနစ်ကြာမှာရောက်လာတဲ့ ကျောင်းသားကျောင်းသူ ဘယ်သူ့ကိုမှ ဝင်ခွင့်ပေးတာ





မဟုတ်ဘူး။

စာသင်နေတဲ့ တစ်ချိန်လုံး ဘေးနားက ဖိုးသစ်ကို ရည်းစားစာကိစ္စပြောပြချင်တာ ပါးစပ်ကိုယားနေတာပဲ။ ဒါပေမယ့် ဘယ်လိုမှပြောခွင့်မသာတာနဲ့ အတန်းပြီးလို့ ကန်တင်းရောက်မှပဲ သူက အကြောင်းစုံပြောပြလိုက်ရတယ်။ နောက်တော့ နှစ်ယောက်သား ရည်းစားစာကို ဖောက်ဖတ်ကြတယ်။

ကောင်လေးရေ..

- တို့ရင်ထဲမှာ မင်းကိုတွေ့တွေ့ချင်း ခံစားလိုက်ရတဲ့ခံစားချက်က အယ်လွန်းဝါ (အကြိမ်ကြိမ်ရင်ခုန်မိသော မင်းမျက်ဝန်း×××အာရုံမှာငြိတဲ့မျက်ဝန်း×××မင်းရဲ့ အကြည့်မှာမျောနေခဲ့×××နေ့တွေညတွေမှားသွားခဲ့)
- အဲဒီနောက်တစ်ဆက်တည်းခံစားလိုက်ရတာက အေသင်ချိုဆွေ(ဘယ်သူ ဘယ်ကမှန်းလည်း မသိပါ××× ဒီမျက်ဝန်းလေးထဲမှာ×××ငါလေကပ်ငြိသွားလို့×××မေ့မှာစိုးတယ်)
- အစကတော့ တို့ခံယူချက်က ထွန်းအိန္ဒြာဗိုလ် (လာမယ့်နှစ်မှာရည်းစားထားမယ်)
- အခုတော့ ဆုံးဖြတ်ချက်ပြောင်းသွားရပြီ။ အဲဒါဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကျော်

ကြောင့်လဲဆိုတော့. . . လေးဖြူ(မင်းမှမင်းပဲ×××မင်းမှမင်းပဲ)

- တို့လိုအပ်နေတာက. . . ချမ်းချမ်း(တကယ်ဆိုရင် အချစ်ပဲလိုတယ်)
- မျှော်လင့်နေမိတာက. . . ဇော်ပိုင်နဲ့ ချောစုခင် (နှစ်ယောက်တည်းကမ္ဘာ)
- အဲဒါကြောင့် ဖြူဖြူကျော်သိန်းလိုတော့ (မိန်းကလေးတစ်ယောက်အသည်းကွဲနေတယ်)လို့ မအော်ပါရစေနဲ့နော်. . .

ချိုမီကျော်ထင်. . .

စာကိုဖတ်ပြီးတော့ ဖိုးသစ်က ခွက်ထိုးခွက်လန်ရယ်တယ်။ သူလည်း မပြုံးပဲမနေနိုင်ဘူး။

"ရည်းစားစာကလည်းကွာ၊ ဘယ်လိုကြီးလဲ. . ."

"သူလည်း သူရေးတတ်သလိုရေးထားတာနေမှာပေါ့၊ အဓိကက သူငါ့ကိုချစ်တယ်ဆိုတာ ငါသိရင်ပြီးတာပဲ မဟုတ်လား"

"အဲဒါဆို မင်းလည်း ဒီလိုစာပြန်လိုက်ပါ့လား. . ."

"ဘယ်လိုလဲ. . ."

"ကျွန်တော်ကလည်း မေခလာလို(ဂိုးသွင်းကောင်းတဲ့ကိုကို)ပါ)လို့. . ."



### နင်ရယ်. . ငါရယ်. . လွမ်းကြမ်းတွေရယ်

ဖိုးသစ်စကားအဆုံး သူက ပျစ်ပျစ်နှစ်နှစ် ဆဲရေးဖြစ်တယ်။ ဖိုးသစ်ကတော့ သူ့စကားသူ သဘောပြန်ကျကာ တဟားဟားအော်ရယ်လို့. . .။



www.burmeseclassic.com

www.burmeseclassic.com

# ဈာနဝင်ခိုင်

သူအိမ်ပြန်ရောက်တော့ မမသုံးယောက်စလုံးကို ဧည့်ခန်းထဲမှာတွေ့လိုက်ရတယ်။

"ဩော. . . ပြန်လာပြီပေါ့၊ လာစမ်းပါဦး. . . ဒီကို"

မမနှစ်ရဲ့စကားကြောင့် သူကထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ. . .

"မင်း. . . ဒီနေ့ ကောင်မလေးတစ်ယောက်ရဲ့ ကားပေါ်ကို တက်လိုက်သွားတယ်မလား၊ ပြောစမ်းမှန်မှန်၊ လိမ်မယ်တော့ မကြံနဲ့နော်၊ ငါတို့သတင်းအတိအကျရထားပြီးသား. . ."

သတင်းကလည်း မြန်လှချည်လားလို့ သူတွေးလိုက်မိတယ်။ လိမ်နေရင်လည်း အကြောင်းထူးမှာမဟုတ်တာကိုသိတော့ အမှန်အတိုင်းပဲ ဝန်ခံလိုက်တယ်။

"ဟုတ်တယ်. . . အဲ. . . ဟုတ်တယ်ဆိုပေမယ့် အဲဒီကောင်မလေးနဲ့ ကျွန်တော်နဲ့ ဘာမှမပတ်သက်ဘူးနော်၊ ကျွန်တော့်ကို လိုက်





လိုက်နှောက်ယှက်နေတဲ့ ဘွားတော်တစ်ယောက်က ကျောင်းပေါက်ဝမှာရောက်နေလို့ ကျွန်တော်က အကူအညီတောင်းပြီး လိုက်သွားတာ၊ ပြီးတော့ ကျောင်းထဲရောက်တာနဲ့ ကားပေါ်က တန်းပြန်ဆင်းတာ. . ."

မမတစ်က သူ့ကိုမယုံသင်္ကာဟန်နဲ့ ကြည့်လာရင်း. . .

"သေချာလို့လား"

လို့ မေးလာတယ်။ သူမကလည်း အိမ်နေရင်း မတပ်စဖူး နားကြားကိရိယာတွေဘာတွေ တပ်ထားတာကိုကြည့်ခြင်းအားဖြင့် သူ့ကို အပီအပြင်ချဲဖို့ ပြင်ထားတယ်ဆိုတာ သိသာတယ်။

"ဟုတ်ပါတယ်ဆိုဗျာ၊ ကျွန်တော်ဘယ်တုန်းက မမတို့ကို လိမ်ဖူးလို့လဲ. . ."

"မောင်မယားနေ အစ်မဖင်ကျိန်းတဲ့၊ ဒီသတင်းကိုရရချင်း ငါတို့ဘယ်လောက်ခံရခက်နေလဲ နင်သိလား၊ နင်ရော. . . နင့်ဟာမကိုရော သတ်ပစ်ချင်နေတာနော်၊ နေစမ်းပါဦး၊ အကူအညီတောင်းမယ်ဆိုရင်လည်း ယောကျ်ားလေးမောင်းလာတဲ့ကားကို အကူအညီတောင်းပါလား၊ ဘာလို့မိန်းကလေးမောင်းလာတဲ့ကားကိုမှ ရွေးပြီးအကူအညီတောင်းရတာလဲ. . ."

"မရွေးပါဘူး မမသုံးရာ၊ အတန်းချိန်ကနီးနေတာနဲ့ ဒီလိုပဲ တွေ့တဲ့ကားတစ်စီးကို ဖမ်းတားပြီး အကူအညီတောင်းလိုက်တာ၊ အဲဒါ မိန်းကလေးတစ်ယောက်မောင်းတဲ့ကားဖြစ်နေတာတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်းမတတ်နိုင်ဘူး"

"မိန်းကလေးမောင်းတဲ့ကား ဖြစ်နေမှန်းသိသွားရင်လည်း လိုက်မသွားတော့နဲ့ပေါ့၊ ယောက်ျားလေးမောင်းတဲ့ကားကို ပြောင်းတားလို့ရတာပဲ၊ နင်က အဲဒီလိုလိုက်သွားတော့ တခြားလူတွေက နင်နဲ့အဲဒီကောင်မလေးကို ဘယ်လိုထင်မလဲ နင်မတွေးမိဘူးလား၊ နင်ဟာလေ. . နည်းနည်းလေးမှကို မစဉ်းစားတတ်ဘူး၊ နင့်ဦးနှောက်ထဲမှာ ချေးတွေပဲရှိတာလား ပုဇွန်ဦးနှောက်ရဲ့. . ."

"ဟား. . . မမနှစ်ကလည်း၊ ကျွန်တော်ပြောပြီးပြီလေ၊ အဲ့တန်းချိန်က နီးနေပါပြီဆို၊ အဲဒါကြောင့်ပြောတာပေါ့၊ ကျွန်တော့်ကားက ခဏ ခဏပျက်နေလို့ ကားလဲပေးပါဆိုတော့ နေ့ရွှေ့ညရွှေ့နဲ့ လုပ်နေတာလေ. . ."

"ဟေ့. . . နင့်ကားကို လဲပေးထားတာ တစ်နှစ်တောင်ကောင်းကောင်းပြည့်သေးလို့လား၊ နင့်ဘာသာမရှိသေလို့ ပျက်တာ၊ လဲမပေးနိုင်သေးပါဘူး၊ အနည်းဆုံး နောက်ထပ်တစ်နှစ်ခွဲနှစ်နှစ်လောက်စီးပြီးမှ လဲပေးနိုင်မယ်. . . ဒါပဲ၊ ပြီးတော့ကားဆိုတာက စီးပြီးလို့ပြန်ရောင်းရင် ရှုံးတာချည်းပဲ၊ ဘယ်တုန်းကမြတ်ဖူးလို့လဲ. . ."

မမတစ်စကားအဆုံး သူက ပွစိပွစိရေရွတ်ကာ ထထွက်သွားဖို့ပြင်တော့ မမသုံးက. . .

"နေဦး၊ ငါတို့စကားပြောလို့ မပြီးသေးဘူး"





ဆိုတာနဲ့ ကြွနေတဲ့ဖင်ကို ထိုင်ခုံပေါ် ပြန်ချဖြစ်တယ်။

"နင် ရည်းစားတွေဘာတွေတော့ မထားသေးတာသေချာပါတယ်နော်၊ အေး. . . ငါတို့မသိအောင်ထားနေရင်လည်း စောစောစီးစီးဖြတ်ထားလိုက်၊ နင့်ကို ငါတို့က ငါတို့သဘောတူတဲ့လူနဲ့ပဲပေးစားမှာ၊ အဲဒါကို နင့်ခေါင်းထဲမှာ စွဲစွဲမြဲမြဲမှတ်ထား. . ."

"ဟုတ်တယ်. . . ခုခေတ်မိန်းကလေးတွေက ငါတို့တုန်းကလို မဟုတ်တော့ဘူး၊ သူတို့တွေအားလုံးရဲ့ ရင်ဘတ်ထဲမှာ နှလုံးသားမရှိတော့ဘူး၊ ဂဏန်းပေါင်းစက်တွေချည်းပဲ ဖြစ်ကုန်ပြီ၊ ယောက်ျားလေးတစ်ယောက်ကို စလိုက်တော့မယ်ဆိုကတည်းက ဒီယောက်ျားကိုရရင် သူက ငါ့ကို ဘယ်လိုလုပ်ကျွေးမှာ၊ ဟိုယောက်ျားကတော့ နောက်ခံတောင့်တယ်၊ ဒီတစ်ယောက်ကတော့ အမွေတွေအများကြီးရမှာနဲ့ တွက်ချက်ပြီးတော့မှ လိုက်တာ. . . ခိုင်းစားလို့ကောင်းမယ့် ယောက်ျားမျိုးကိုပဲ ရွေးပြီးလိုက်ကြတော့တာ၊ နင့်ကိုကပ်လာတဲ့ မိန်းကလေးမှန်သမျှကလည်း နင့်ကိုကြိုက်လို့ချစ်လို့တော့ မထင်လိုက်နဲ့၊ နင်ရမယ့် အမွေတွေကို မက်ပြီးတော့ ကပ်လာတယ်ဆိုတာ သဘောပေါက်ထား. . . ကြားလား. . . ငါ့မောင်လေးတော်လှတော်လှနဲ့ ဘာဂျာမှုတ်ပြီး ထွက်ပြေးလို့ကတော့ အမွေပြတ်ပဲ. . . နားလည်လား"

သူက ပြီးပြီးရောဆိုတဲ့သဘောနဲ့ ခေါင်းတစ်ချက်ညိတ်ကာ ထိုင်ရာက ထထွက်လာခဲ့လိုက်တယ်။ တော်တော်စိတ်ရှုပ်ဖို့ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



အစ်မတွေ။

မနက်ဖြန်ကျရင် ဘုရားသွားပြီး နောင်ဘဝဆက်တိုင်း အစ်မ, မရှိသောသူ ဖြစ်ရပါလို၏ဘုရားလို့ သွားဆုတောင်းဦးမှပါ။





# လေး

စာအုပ်ဆိုင်ထဲက အထွက်မှာပဲ မလှမ်းမကမ်းမှာရပ်နေတဲ့ ချိုမီကျော်ထင့်ကို သူတွေ့လိုက်ရတယ်။ ဒါပေမယ့်သူက မသိချင်ယောင်ဆောင်ကာ စာအုပ်ကိုလက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း ကိုယ့်လမ်းကို လျှောက်လာခဲ့လိုက်တယ်။

သူမ လိုက်လာမယ်ဆိုတာ သူ စိတ်ထဲက ကြိုတင်သိထားပြီးသားပါ။

"ဟေ့. . . ရှုတ်. . ."

နောက်ကနေ အချက်ပေးကာ ခြေသံတစ်ဘုန်းဘုန်းနဲ့ ပြေးလိုက်လာသံကိုကြားလိုက်ရတယ်။ သူ့ရင်ထဲ တစ်ချက်ဆောင့်ခုန်သွားသလို တစ်ချိန်တည်းမှာပဲ မမတို့မြင်သွားရင်ဆိုတဲ့အတွေးကြောင့် ချွေးပျံ



www.burmeseclassic.com

www.burmeseclassic.com



ချင်သွားရပြန်တယ်။

သူမကတော့ ဘာကိုမှ ဂရုမစိုက်လေဟန်နဲ့ သူ့ဘေးကို ပေါ့ ပေါ့ပါးပါးပဲ ရောက်လာတယ်။

"ချစ်ရင်ထူး. . ."

"ဗျာ"

"အဲ. . . ထူးတယ်ဆိုတော့ ကျွန်မကိုချစ်တယ်ပေါ့၊ ဟုတ်လား၊ အဲဒီလိုလား"

သူမစကားကြောင့် သူက နည်းနည်းရှက်သွားရရင်း. . .

"ဟာ. . . မဟုတ်ပါဘူး၊ မင်းခေါ်လို့ ထူးတာလေကွာ. . ."

"ကျွန်မက ရှင့်နာမည် ချစ်ရင်ထူးကို ခေါ်တာမဟုတ်ပါဘူး၊ ကျွန်မကို ချစ်ရင်ထူးလို့ပြောတာ၊ ချစ်တယ်မလားဟင်. . . ကျွန်မကို ပြန်ချစ်ပါလားဟင်. . .၊ ကျွန်မပေးထားတဲ့စာ ဖတ်ပြီးပြီမလား၊ အဖြေ ပေးတော့လေ. . . နော်"

"ဟာ. . . ကိုယ်စဉ်းစားဦးမယ်၊ ပြီးတော့ မမတို့က မှာထားတယ်၊ ရည်းစားထားရင် သတ်မှာတဲ့"

ပြောရင်း သူက ခြေလှမ်းတွေကို မြန်မြန်လှမ်းမိတယ်။ ဒီတော့ သူမကလည်း သူ့ခြေလှမ်းတွေနဲ့အပြိုင် ခြေလှမ်းတွေကို လိုက်သွက် လိုက်ရင်း. . .

"မကြောက်စမ်းပါနဲ့ရှင်၊ အရွယ်ရောက်လို့ ရည်းစားထားတာ





ပဲဟာ၊ ပြီးတော့ ကျွန်မက ရှင့်ကို တစ်ဘဝလုံးအတွက်ရည်ရွယ်ပြီးမှ ချစ်ခွင့်ပန်တာပါ"

သူက ဘာမှပြန်မပြောတော့ဘဲ ခြေလှမ်းတွေကိုသာ သွက် သထက်ပိုသွက်အောင် လျှောက်မိတယ်။ သူမကလည်း သူ့နောက်ကို ထပ်ချပ်မကွာ ကပ်ပါလာတယ်။

ဒီအချိန်မှာတင်ပဲ သူတို့အနားမှာ လင်ခရူဆာကားကြီးတစ် စီးက ဘရိတ်ကိုခပ်ကြမ်းကြမ်းအုပ်ကာ ရပ်သွားပြီး ကားမှန်တစ်ဖက် က လျှောခနဲပွင့်သွားတယ်။ ကားထဲမှာ မြင်လိုက်ရတာက မမသုံး။

"ချစ်ရင်ထူး ! နင်အဲဒီမှာ ဘာလုပ်နေတာလဲ၊ တက်စမ်းအခု ကားပေါ်ကို"

သူက တိုက်တိုက်ဆိုင်ဆိုင် မမသုံးနဲ့မှ လာတိုးနေတာမို့ ထိတ် လန့်ကာ ကြောင်နေမိသေးတယ်။

"ဘာရပ်ကြောင်နေတာလဲ၊ ကားပေါ်တက်လို့ပြောနေတာ မကြားဘူးလား"

မမသုံးဆီက နောက်ထပ်အော်သံကြီးထွက်လာတော့မှ သူက ပစ္စက္ခအခြေအနေကိုသတိရကာ. . .

"ဟုတ်. . . ဟုတ်"

ဆိုပြီးတော့ ကားပေါ်ကိုတက်ရတယ်။ ကားပေါ်ရောက်မှ သူမ ကို တစ်ချက်ပြန်ကြည့်မိတော့ သူမက သူ့ကို ခပ်ဆွေးဆွေးလေးငေး



www.burmeseclassic.com

www.burmeseclassic.com



လို့။ သူ့စိတ်ထဲမှာလည်း နည်းနည်းတော့ လှုပ်ခတ်သွားရတယ်။ ဒါပေမယ့် မမသုံးက သူ့ကိုကြာကြာလှုပ်ခတ်ခွင့်မပေး။ ကားကို ဝေါခနဲနေအောင် လီဗာဆောင့်နင်းကာ ကွက်တယ်။

အိမ်ပြန်ရောက်တော့ နည့်ခန်းထဲမှာ မမတစ်က ကြက်မွေးတစ်ချောင်းနဲ့ အလုပ်တွေရှုပ်နေတယ်။ ကားသော့ စားပွဲပေါ်ပစ်တင်ကာ ဆိုဖာပေါ် ဆောင့်ကြီးအောင့်ကြီးထိုင်ချလိုက်တဲ့ မမသုံးကို မမတစ်က စူးစမ်းသလိုကြည့်လိုက်ရင်း. . .

"ဟဲ့. . . မိသုံး. . . ဘာဖြစ်လာတာတုန်း"

ဆိုတော့ မမသုံးက မမတစ်ကို မပြောချင်ပါဘူးဆိုတဲ့ ဒီဇိုင်းနဲ့. . .

"ဘာဖြစ်ရမှာလဲ၊ သူပေါ့၊ လမ်းထိပ်မှာ ဟိုဘက်နှစ်လမ်းကျော်က ကောင်မလေးနဲ့ အကြည်ဆိုက်နေတယ်လေ"

လို့ဆိုတယ်။ ဒါကိုကြားချင်ရာကြားသွားတဲ့ မမတစ်က သူ့ဘက်ကို လှည့်ကြည့်လာရင်း. . .

"ဟယ်. . . မောင်လေးကလည်း၊ မမက မင်းကြိုက်တဲ့ ငါးဖယ်ချက်ပေးထားတယ်လေ၊ ဘာလို့ အပြင်ထွက်ပြီး ထမင်းစားရတာတုန်း၊ အပြင်ဆိုင်ကအစာတွေ မစားပါနဲ့ဆိုတာကို"

"အို. . . မမတစ်ကလည်း ဘာတွေကြားနေပြန်တာတုံး၊ ပြောနေတာက တခြား"





"ဟဲ့. . . ငါလည်း ဘယ်လိုလုပ် စားရသေးမှာတုန်း၊ နင်မလာသေးလို့ စောင့်နေတာလေ"

"ဩော်. . . ဒီတစ်ယောက်နဲ့လည်း သေချင်ပါတယ်"

"ဩော်. . . ရေအရင်ချိုးမှာလား၊ အေးအေး. . . ချိုးချည်လေ၊ ငါလည်းသိပ်မဆာသေးပါဘူး"

နှစ်ယောက်သား ပြောချင်ရာပြော ကြားချင်ရာကြားနေတာကိုကြည့်ပြီး ချစ်ရင်ထူးက ရယ်ချင်စိတ်ကို မနည်းထိန်းထားရတယ်။ ဒီအချိန်မှာတင်ပဲ မမနှစ်က အပေါ်ထပ်ကဆင်းလာရင်း. . .

"ဘာဖြစ်နေကြတာလဲဟဲ့၊ ညံနေတာပဲ"

ဒီတော့မှ မမသုံးက လက်ညီတဲ့လူတွေ့သွားတဲ့ အားကစားသမားတစ်ယောက်လို တက်ကြွသွားရင်း. . .

"ဘာဖြစ်ရမှာလဲ မမနှစ်ရဲ့၊ ချစ်ရင်ထူးလေ၊ ဟိုတစ်ခါ သုံးတို့နဲ့ Ruby Mart မှာ ပြဿနာတက်တဲ့တစ်ယောက်နဲ့ လမ်းထိပ်မှာ အကြည်ဆိုက်နေလို့လေ၊ သုံးကတွေ့လို့ ကားပေါ်ခေါ်တင်လာခဲ့တာ"

"ဟင်. . . ဟုတ်လား၊ ဟဲ့. . . ငချစ်. . . နင်အနေအထိုင်ဆင်ခြင်နော်၊ ဘာအသံမှ ငါမကြားချင်ဘူးလို့ ပြောထားတယ်မဟုတ်လား၊ ပြီးတော့ အဲဒီကောင်မလေးက ခပ်ရိုင်းရိုင်းရယ်၊ နင်ရည်းစားထားနေပြီလား ပြောစမ်း"

"မဟုတ်ပါဘူး မမနှစ်ရာ၊ ကျွန်တော်က စာအုပ်ဆိုင်ကအထွက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ လာပြီးစကားပြောတာကို မမသုံးကမြင်ပြီး လျှောက်ရမ်းနေတာ. . . အလကား"

သူ့စကားအဆုံး မမသုံးရဲ့မျက်လုံးအစုံက ပြူးကျယ်ဝိုင်းစက်သွားကာ. . .

"ဘာအလကားလဲ၊ နင့်မျက်နှာက ကျေနပ်နေတာ ငါမသိဘူးများအောက်မေ့နေလား၊ ခုခေတ်မိန်းကလေးတွေက လွယ်တာမဟုတ်ဘူး၊ နင့်ကိုတကယ်ချစ်လို့များ ထင်နေလား၊ နင်ရမယ့်အမွေတွေကိုမက်လို့ နင့်အနားကိုကပ်နေတာ နားလည်လား. . . "

"ဟုတ်တယ်. . . သုံးပြောတာ နှစ်လည်း လက်ခံတယ်၊ နင်အနေအထိုင်ဆင်ခြင်စမ်း ချေစ်၊ မိန်းမယူတော့မယ်ဆိုရင်လည်း ငါတို့ပေးစားတာကိုပဲ နင်ယူရမယ်လို့ပြောထားပြီးသားနော်"

သူက စိတ်ညစ်လွန်းအားကြီးလာကာ ငှားလာတဲ့စာအုပ်ကိုကောက်ကိုင်လိုက်ပြီး ထထွက်သွားဖို့ပြင်တယ်။

"ဒါက ဘယ်ကိုသွားမလို့လဲ၊ ငါတို့စကားပြောနေတာ မပြီးသေးဘူးလေ၊ ပြောလိုက်ရင်လည်း မျက်နှာက ရှစ်ခေါက်ချိုးနဲ့၊ အပြောမခံချင်ရင် အစကတည်းက အပြောမခံရအောင် နေပေါ့၊ ခုတော့နန့်ချင်နေတာကိုး၊ ယောက်ျားတို့ကျွန်ဗြဲ ရွေးပေးလို့မရတဲ့၊ နင်မကြားဖူးဘူးလား. . . ကျွန်ဗြဲကိုတစ်စက်မှမရှိဘူး နင်က"

မမနှစ်နဲ့ မမသုံးတို့ သူ့ကိုငေါက်နေတာကိုကြည့်ရင်း ဘေးနား





ကနေ နားလည်အောင် မနည်းအာရုံစိုက်နေတဲ့ မမတစ်က. . .

"ဟဲ့. . . တော်ကြပါတော့ဟယ်၊ အပြင်လေးတစ်ခါလောက်ထမင်းသွားစားမိတာကို နင်တို့ကလည်း ပြောလို့ကိုမပြီးတော့ဘူး၊ သူက နောက်သွားမစားတော့ဘူးလို့ပြောပြီးပြီပဲဟာ၊ တော်တော့. . . "

"ဩော်. . . မမတစ်ကလည်း၊ ထမင်းစားတဲ့ကိစ္စမဟုတ်ပါဘူးဆိုနေ၊ ချေစ်ရည်းစားထားတဲ့ ကိစ္စကိုပြောနေတာ. . . ကြားပြီလား"

မမသုံးက မမတစ်ရဲ့နားနားကို ကပ်ပြီး ကုန်းအော်လိုက်တော့မှ မမတစ်က သဘောပေါက်သွားဟန်နဲ့. . .

"ဟင်. . . ဟုတ်လား၊ ဟဲ့. . . ကောင်မလေးက ဘယ်ကလဲ၊ နင်တို့ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ၊ ပြောစမ်း. . . "

သူဘာမှမပြောတော့။ စာအုပ်ကိုကိုင်ပြီး ထထွက်လာခဲ့လိုက်တော့ သုံးယောက်သားအော်ဟစ်ပြီး ကျန်နေခဲ့တော့တယ်။ အပေါ်ထပ်ကိုတက်တဲ့ လှေကားတွေကိုနင်းတက်လာရင်း မျက်လုံးထဲမှာ ချိုမီကျော်ထင်ဆိုတဲ့ ကောင်မလေးမျက်နှာလေးကို ပုံဖော်ကြည့်လာမိတယ်။ မမတို့ပြောသလို မဖြစ်နိုင်ပါဘူး။

သူမမျက်နှာလေးက ရိုးသားပုံပေါက်ပါတယ်။



www.burmeseclassic.com

ဖက်တီးမက စားပွဲပေါ်မှာတင်ထားတဲ့ အအေးခွက်ကို လက်လှမ်းလိုက်စဉ်မှာပဲ ဖန်ခွက်ထဲက အအေးမျက်နှာပြင်ဟာ လှိုင်းတွေထပြီး လှုပ်ခတ်လာတာကို တွေ့လိုက်ရတယ်။ တစ်ပြိုင်တည်းလိုလိုပဲ ကျောက်ပေါက်မရဲ့ မှန်တင်ခုံပေါ်မှာထောင်ထားတဲ့ အလှပြင်ပစ္စည်းတွေဟာလည်း ကြမ်းပြင်ပေါ်ကို တစ်ခုပြီးတစ်ခု လိမ့်ဆင်းလာတော့တယ်။ ဒါဟာ မယ်ယက္ခ သူမတို့အခန်းဆီကို လမ်းလျှောက်လာလေတိုင်း ဖြစ်တတ်လေ့ရှိတဲ့ကိစ္စမို့ သူမတို့သုံးယောက်သားက တံခါးဝမှာသွားရပ်ကာ သတိအနေအထားနဲ့ စောင့်နေလိုက်ကြတယ်။

"ဘောစိမကလည်း. . . နေ့လည်နေ့ခင်း ခဏအနားယူချိန်မှာတောင် တို့အခန်းကိုလာပြီး ဘာတွေသြဝါဒခြွေဦးမယ်မသိဘူး. . ."

ပေါက်ခေါမရဲ့ မကျေမနပ်ရေရွတ်မှုကို ကျောက်ပေါက်မက နှုတ်ခမ်းတွေရှေ့ လက်ညှိုးတစ်ချောင်းထောင်ပြလိုက်ရင်း. . .

"ရှူး. . . ကြားသွားလို့ ကိုင်ပေါက်ခံနေရဦးမယ်"

ဒီအခိုက်မှာတင်ပဲ သူမတို့သုံးယောက်အတွက်ပေးထားတဲ့ အခန်းကြီးရဲ့တံခါးက ပွင့်သွားကာ အပေါက်ဝမှာ မယ်ယက္ခ ပေါ်လာတယ်။ သူတို့သုံးယောက်ကလည်း ပြိုင်တူဦးညွှတ်ပြီးသား။

မယ်ယက္ခက သူမတို့သုံးယောက်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက်. . .

"ရပြီ. ... သက်သာသလိုနေကြ. . ."





လို့ဆိုတယ်။ ဒီတော့မှ သူမတို့သုံးယောက်က သတိအနေအထားကိုဖြုတ်ကာ ခုံအသီးသီးမှာ ဝင်ထိုင်လိုက်ကြတယ်။

မယ်ယက္ခက အခန်းထဲကို ဝေ့ဝဲကြည့်ပြီး ရုပ်ဆိုးသလောက်အလှကြိုက်လွန်းလို့ အနည်းငယ်လှတပတရှိတဲ့ အိပ်ရာခင်းလေးတွေခင်းထားတဲ့ ကျောက်ပေါက်မရဲ့ ခုတင်ပေါ်ကို တင်ပါးလွှဲဝင်ထိုင်လိုက်တယ်ဆိုရင်ပဲ ခုတင်ဆီကနေ မယ်ယက္ခရဲ့ခန္ဓာကိုယ်ဝိတ်ကို မခံနိုင်တဲ့အလား. . .

"ဂျွတ် ! "

ဆိုတဲ့ မြည်သံထွက်လာတော့ မယ်ယက္ခက လှစ်ခနဲ မတ်တပ်ပြန်ထရပ်တယ်။ ဘော်ဒီဂတ်သုံးယောက်က ရယ်ချင်ပေမယ့် ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရတယ်။ မယ်ယက္ခကတော့ ခပ်တည်တည်ရုပ်နဲ့ ဣန္ဒြေဆည်သလို ချောင်းတစ်ချက်ဟန့်လိုက်ရင်း. . .

"ငါအခုတလော ချစ်ကိုမတွေ့ရလို့ နေလို့ထိုင်လို့သိပ်မကောင်းဘူးဖြစ်နေတယ်၊ သူက ငါ့ကိုမတွေ့အောင် တမင်တကာရှောင်နေပုံပဲ. . . အဲဒါကြောင့် မနက်ဖြန်ကျရင် ကျောင်းထဲမှာ လူခွဲပြီးပိုက်စိပ်တိုက်ရှာမယ်. . . ကြားလား. . ."

မယ်ယက္ခရဲ့ စကားအဆုံး ဘော်ဒီဂတ်သုံးယောက်က မတ်တပ်ထရပ်လိုက်ကြကာ. . .

"ရက်စ်. . . ဘောစိမ. . ."



www.burmeseclassic.com

www.burmeseclassic.com



လို့ တည်တည့်တည်းတည်း အော်ကြတယ်။ မယ်ယက္ခက ခေါင်း တစ်ချက်ညိတ်လိုက်ပြီး ပြန်မယ်လုပ်ပြီးမှ နောက်ကြောင်းကိုတစ်ခါပြန် လှည့်လာကာ. . .

“ဒါနဲ့ ပေါက်ခေါမ. . .”

“ရှိပါတယ်. . . ဘောစိမ”

“ခဏနေရင် ငါ့အခန်းကိုလာခဲ့၊ စောစောတုန်းက ငါလေ့ ကျင့်ခန်းလုပ်လိုက်တာ၊ မနေ့ကမှဝယ်လာတဲ့ဘောင်းဘီ ဖင်ကွဲသွား တယ်၊ အဲဒါ ဆိုင်မှာသွားချုပ်ပေးဦး. . .”

“ရက်စ်. . . ဘောစိမ”

ပေါက်ခေါမကိုပြောပြီးတော့ မယ်ယက္ခအကြည့်က ကျောက် ပေါက်မဆီကိုရောက်သွားကာ. . .

“ပြီးတော့ ကျောက်ပေါက်မကိုလည်း ပြောရဦးမယ်. . .”

“ပြောပါ. . . ဘောစိမ”

“နင်နောက်တစ်ခါ ငါ့ကြောင်လေးဂျပ်စတင်ဘီဘာရှေ့မှာ မျက်နှာကို ဘာမှမဖုံးမကွယ်ထားဘဲ လမ်းတောင်ဖြတ်မလျှောက်ပါနဲ့၊ မနက်အစောတုန်းက နင် အိပ်ရာကထထချင်း မျက်နှာမသစ်သေးဘဲ ခြံထဲဆင်းလာတာလေ၊ အဲဒီရုပ်ကို ငါ့ကြောင်လေးဂျပ်စတင်ဘီဘာမြင် သွားတာ အခုလန့်ဖျားဖျားနေပြီ. . .”

“ဟင်. . . ဘောစိမကလည်း၊ ဒါတော့ ဘောစိမရဲ့ကြောင်လေး





ဂျပ်စတင်ဘီဘာက အလှတရားကို မခံစားတတ်လို့နေမှာပါ၊ ကျွန်မက ဒီလောက်ချောတာကို”

“တော်စမ်း. . . ငါ့ကိုထမင်းစားပျက်အောင် မပြောစမ်းနဲ့၊ ငါခိုင်းတဲ့အတိုင်းသာလုပ်”

မယ်ယက္ခရဲ့ စကားအဆုံး ကျောက်ပေါက်မက မကျေနပ်သလို မျက်နှာရှုံ့မဲ့သွားရင်း. . .

“ရက်စ်. . . ဘောစိမ”

လို့ ပြောတယ်။ နောက်ဆုံးတစ်ယောက်ဖြစ်တဲ့ ဖက်တီးမကို လည်း မယ်ယက္ခက စွေစောင်းကြည့်လိုက်ရင်း. . .

“ပြီးတော့ ဟိုကျန်တဲ့တစ်ယောက်. . .”

“အမိန့်ရှိပါ. . . ဘောစိမ”

“နောက်တစ်ခါ အပေါ်ထပ်ကိုတက်ရင် လှေကားတွေပေါ် သာသာတက်ပါ၊ လှေကားပေါ်နင်တက်တက်လာရင် မျက်နှာကျက်က ဖုန်တွေတောင် ပြုတ်ပြုတ်ကျလာတယ်. . . ကြားလား. . .”

“နောက်ကိုဆင်ခြင်ပါ့မယ်. . . ဘောစိမ. . .”

“ကောင်းပြီ. . . ဒါဆိုငါသွားမယ်. . .”

ပြောပြီး မယ်ယက္ခက အခန်းအပြင်ကို ပြန်ထွက်သွားတယ်။ ဒီအချိန်မှာပဲ စောစောက ပြုတ်မကျဘဲ ကျန်နေသေးတဲ့ ပစ္စည်းမှန်သမျှ မယ်ယက္ခရဲ့ခြေလှမ်းသံတွေနဲ့အတူ တစ်ခုပြီးတစ်ခု ပြုတ်ကျကုန် တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ခုံ

"ချောချောလေးမို့ချစ်တာ×××ရိုးရိုးလေးနဲ့ချစ်တာ×××အသည်းလေးကွဲဖို့ချစ်လိုက်တာမဟုတ်ပါ×××စတွေ့ကတည်းကချစ်တာ×××စိတ်ကူးထဲလည်းမင်းပါ×××မင်းရဲ့အရိပ်က စိုးမိုးနေလိုက်တာ×××ချစ်သူရာ×××"

တီဗီကြည့်မယ်ပြင်ကာရှိသေး အိမ်ရှေ့က ထွက်လာတဲ့သီချင်းသံကြောင့် မမသုံးယောက်က ခေါင်းတွေထောင်သွားကြတယ်။ အသံက ဘယ်လောက်ကျယ်တယ် မကျယ်တယ်ပြောမနေနဲ့၊ နားလေးတဲ့ မမတစ်တောင် တစ်ခါတည်းခေါင်းထောင်သွားရတဲ့အထိ။

"ဟဲ့. . . ဒါဘယ်ကအသံလဲ၊ ထီသည်လား. . ."

"ဟုတ်မယ်ထင်တယ်. . ."

"ဟယ်. . . ထီသည်ကလည်း၊ သီချင်းသံကိုဒီလောက်အကျယ်ကြီး ဖွင့်ရလား၊ တော်ရုံတန်ရုံကြားရ. . . တော်ရောပေါ့"





သုံးယောက်သားက ပွစိပွစိရေရွတ်ကာ တီဗီဆက်ကြည့်နေလိုက်ကြတယ်။

"မထင်မှတ်ပဲ×××မင်းလှည့်ကြည့်ခိုက်မှာ×××မျက်လုံးချင်းဆုံတွေ့ခဲ့ကြတာ×××ရင်ခုန်သံများ×××ရိုးရိုးလေးနဲ့ပါ×××စွဲလမ်းခဲ့ကျောင်းတုန်းကပါ×××နေ့တွေညတွေ ပြောင်းသွားလည်း×××ငါ့အချစ်မပြောင်းနိုင်×××တို့တွေနှစ်ဦးသား မသိထားလည်း×××ရင်မှာတော့ချစ်လိုက်မှာပဲ×××"

ဒါပေမယ့်သီချင်းသံက သူတို့အိမ်ရှေ့မှာပဲ ရပ်တန့်နေတော့တဲ့အခါကျတော့ သူတို့တွေ သိပ်မသက်သာတော့ဘူး။ ဒါနဲ့ အိမ်ရှေ့ဘက်ကို အပေါ်စီးက လှမ်းမြင်ရမယ့် အပေါ်ထပ်က ဝရန်တာဆီကို ပြေးတက်လာခဲ့လိုက်ကြတယ်။ ဝရန်တာက ချစ်ရင်ထူးနေတဲ့ဘက်မှာတစ်ခု ဒီဘက်မှာတစ်ခုလုပ်ထားတာဆိုတော့ သူတို့က လွယ်လွယ်သွားလို့ရတဲ့ ဒီဘက်က ဝရန်တာကိုပဲ ထွက်လာခဲ့လိုက်ကြတယ်။

ဝရန်တာပေါ်ကိုရောက်လို့ အိမ်ရှေ့ကို ကြည့်လိုက်တဲ့အခါမှာတော့. . .

"ဟင် ! "

သုံးယောက်စလုံး မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရတော့တယ်။ အိမ်ရှေ့မှာ လင်ခရူဆာကားတစ်စီးရပ်ထားပြီး အဲဒီကားရဲ့တံခါးတစ်ဖက်က ဖွင့်ထားကာ ကောင်မလေးတစ်ယောက်က ကားထဲ



www.burmeseclassic.com

www.burmeseclassic.com



ကနေ စီဒီစက်တစ်လုံးနဲ့ သီချင်းကိုဖွင့်နေတာ။ ဆောင်းဘောက်နှစ်ခုကို ကျတော့ အပြင်မှာ ဒီအတိုင်းထုတ်ချထားတယ်။

နေဦး။ အဲဒါက အသာထားလိုက်ဦး။ အဲဒါက အရေးမကြီးသေးဘူး။ အရေးကြီးတာက ကားခေါင်မိုးပေါ်ကိုတက်ပြီး အိုက်တင်အမျိုးမျိုးနဲ့ အိမ်ဘက်ကိုကြည့်ကာ ကျူနေတဲ့ကောင်မလေး။ ကောင်မလေးရဲ့ မျက်လုံးတွေက ဟိုဘက်ဝရန်တာမှာ။

ဒါနဲ့ မမသုံးယောက်သားက ဟိုဘက်ဝရန်တာကို ကြည့်လိုက်မိကြပြန်တော့. . .။

"ဟင် ! "

ဟိုဘက်ဝရန်တာမှာ ချစ်ရင်ထူးက ဝရန်တာပေါ် မေးထောက်ကာ ပြုံးလို့။

*"ချောချောလေးမို့ ချစ်တာ×××ရိုးရိုးလေးနဲ့ ချစ်တာ×××အသည်းလေးကွဲဖို့ ချစ်လိုက်တာမဟုတ်ပါ×××စတွေ့ကတည်းက ချစ်တာ×××စိတ်ကူးထဲလည်း မင်းပါ×××မင်းရဲ့အရိပ်က စိုးမိုးနေလိုက်တာ×××ချစ်သူရာ×××"*

ကောင်မလေးက ချစ်ရင်ထူးကိုကြည့်ပြီး နောက်ခံသီချင်းနဲ့ အပီအပြင်ကို ရင်ဖွင့်နေတာ။

"ဟဲ့. . . အဲဒါ ဟိုဘက်နှစ်လမ်းကျော်က ကောင်မလေးမဟုတ်လား၊ ကားပေါ်က တစ်ယောက်လေ"





"သေချာတာပေါ့၊ အဲဒီတစ်ယောက်ပဲ"

"ဟော့. . ငချစ်၊ အဲဒီမှာ ဘာရပ်လုပ်နေတာလဲ၊ အိမ်ထဲအခု ပြန်ဝင်စမ်း. . . ငချစ်"

မမနှစ်က ချစ်ရင်ထူးကို လှမ်းအော်ပြောပေမယ့် ချစ်ရင်ထူးက သူတို့ကိုလှည့်တောင်မကြည့်ဘူး။ မကြားချင်ယောင်ဆောင်နေလိုက်တယ်။ ဒီတော့ မမသုံးယောက်ရဲ့အကြည့်က အိမ်ရှေ့ကို ပြန်ရောက်သွားတယ်။

*"ဒဏ်ရာများ×××နင်မထားနဲ့ ကွာ×××မခံနိုင်ဘူး×××နှလုံးသားထဲမှာ×××အကြွင်နာများ×××ပေးအပ်ဖို့ အသင့်ပါ×××ယုံကြည်လိုက်တော့ ချစ်သူလေးရာ×××မင်းရဲ့ အပြုံးတွေ×××ထာဝရရှိနေ×××အံမြဲတမ်းအောက်မေ့နေ×××ညတွေတိုင်းမှာ တစ်ယောက်တည်းတွေးနေ×××ဒါတွေဟာ မင်းအကြောင်းတွေပဲ×××"*

ကောင်မလေးက ချစ်ရင်ထူးဘက်ကို ဖလိုင်းကစ်တွေဘာတွေတောင် လှမ်းပေးလိုက်သေးတော့ မမသုံးယောက် ဆွေ့ဆွေ့ခုန်သွားကြတယ်။

"ကြည့်စမ်း ကြည့်စမ်း. . . ဒါငါတို့သုံးယောက်ကို မမှုတာ၊ ငါတို့သုံးယောက်လောက်ကို စာမဖွဲ့ဘူးဆိုတဲ့သဘော၊ ငါသည်းမခံနိုင်တော့ဘူး၊ မမတစ် ရပ်ကွက်လူကြီးဆီဖုန်းလှမ်းဆက်ပြီး အဲဒီကောင်မလေးကို ဖမ်းခိုင်းလိုက်. . . သွား"



www.burmeseclassic.com

www.burmeseclassic.com



မမသုံးစကားအဆုံး မမတစ်က မျက်နှာကိုမဲ့ရွဲ့လိုက်ရင်း. . .

"အိုအေ. . . ကိုယ့်မောင်ကိုလာရှိတ်တဲ့ ကောင်မကို ငါကဘာလို့ ဆုသွားချရမှာလဲ၊ ညည်းရူးနေလား၊ မချနိုင်ပါဘူး"

လို့ဆိုတယ်။

"ဩော်. . . ဒီတစ်ယောက်နဲ့ကလည်း သေချင်တာပါပဲ၊ ကြားချင်ရာ ကြားနေပြန်ပါပြီ၊ ဆုချခိုင်းတာမဟုတ်ဘူး၊ ရပ်ကွက်လူကြီးဆီကို ဖုန်းဆက်ခိုင်းတာ၊ ရပ်ကွက်လူကြီးကို ဖုန်းဆက်ခိုင်းတာ၊ ကြားပြီလား"

မမနှစ်က မမတစ်ရဲ့နားနားကိုကပ်ပြီး လိပ်ခေါင်းထွက်မတတ် အော်ပြောလိုက်တော့မှ မမတစ်က ကြားသွားဟန်နဲ့. . .

"တိုးတိုးပြောပါဟဲ့၊ ငါကြားပါတယ်၊ နားတောင်ကွဲတော့မယ်၊ သူက ရပ်ကွက်လူကြီးသမီးမဟုတ်ပါဘူး၊ ဟိုဘက်နှစ်လမ်းကျော်ကပါဟဲ့၊ နင်တို့ကလည်း ဒါလေးတောင်မသိဘူးလား. . . "

"အမလေး. . . သေချင်တယ်၊ သေချင်တယ်၊ ပြောမိတဲ့ကျွန်မပဲ မှားတာပါ. . . နော်. . . ကျွန်မပဲမှားတာပါ. . . ကိုယ့်ဘာသာပဲ သွားဆက်တော့မယ်. . . "

မမနှစ်က စိတ်ရှုပ်ရှုပ်နဲ့ ခေါင်းကိုတဗျင်းဗျင်းကုတ်ကာ အိမ်ထဲဘက်ပြန်ဝင်သွားတယ်။ လမ်းပေါ်က အလန်းတော်ကတော့ အပီအပြင် ခြွေလို့ကောင်းနေတုန်း။





"ချောချောလေးမို့ချစ်တာ×××ရှိုးရှိုးလေးနဲ့ချစ်တာ×××အသည်းလေးကွဲဖို့ချစ်လိုက်တာမဟုတ်ပါ×××စတွေ့ကတည်းကချစ်တာ×××စိတ်ကူးထဲလည်း မင်းပါ×××မင်းရဲ့အရိပ်က စိုးမိုးနေလိုက်တာ×××ချစ်သူရာ×××"

ကားပေါ်က ကောင်မလေးက အပီအပြင်ရင်ဖွင့်နေသလို ကားအောက်ထဲက တစ်ယောက်ကလည်း သီချင်းစည်းချက်နဲ့လိုက်ပြီး အမှန်းကနေတာ။ ချစ်ရင်ထူးကလည်း အဲဒါကိုကြည့်ရင်း ပြုံးလို့။

ခဏနေတော့ ဖုန်းသွားဆက်တဲ့မမနှစ် ပြန်ရောက်လာတယ်။

"ဟဲ့. . . ဘာတဲ့လဲ"

"ဆက်ခဲ့ပြီ၊ ခဏနေရင်လာလိမ့်မယ်. . . ကြည့်နေ"

ဒီအခိုက်မှာပဲ သီချင်းကဆုံးသွားတော့ ကောင်မလေးက သီချင်းကို နောက်တစ်ကျော့ထပ်ဖွင့်ပြန်တယ်။ ဒီတစ်ခါကျတော့ ကားခေါင်မိုးပေါ်က ဆင်းလာကာ အိမ်ရှေ့သံတံခါးကိုကိုင်ကာ သံတံခါးအပေါက်တွေကြားထဲကနေ ချစ်ရင်ထူးကို လှမ်းမျှော်ကြည့်ကာ ပုံစံတစ်မျိုးနဲ့ ရင်ဖွင့်ပြန်တယ်။

ဒီလိုနဲ့ သီချင်းတစ်ဝက်ကျိုးတဲ့အချိန်မှာတော့ သူမတို့အနားကို ခေတ်မီးရောင်တဝင်းဝင်းနဲ့ ရပ်ကွက်လူကြီးတွေရောက်လာတာကို တွေ့လိုက်ရတယ်။

"ဟဲ့ဟဲ့. . . ဟိုမှာရပ်ကွက်လူကြီးတွေ လာကုန်ကြပြီ"



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ခင်ငွေ

မမနှစ်က ဝမ်းသာအားရထအော်သလို မမသုံးကလည်း မိန့်မိန့်ကြီးပြုံးကာ လက်ပိုက်လိုက်ရင်း. . .

"ကောင်းတယ်. . . အဲဒါမှ ဒင်းမှတ်မှာ၊ ငါတို့ကို ဒီလိုလာလုပ်လို့ ဘယ်ရမလဲ. : . ဟွန်း"

မမတစ်ကတော့ ကြားတယ်မကြားတယ်မသိ။ ခေါင်းတညိတ်ညိတ်နဲ့ ကြည့်နေတယ်။ နောက်တော့ အပြင်ထုတ်ချထားတဲ့ ဆောင်းဘောက်တွေကို ကားထဲပြန်ထည့်ပြီး ရပ်ကွက်လူကြီးတွေပါ သူမတို့ကားပေါ်ကို တက်လိုက်ကာ ထွက်ခွာသွားကြတော့တယ်။

ဒီတော့မှ ချစ်ရင်ထူးလည်း အိမ်ထဲပြန်ဝင်သွားတော့တယ်။





# ငါး

ပေါက်ခေါမ၊ ကျောက်ပေါက်မနဲ့ ဖက်တီးမတို့သုံးယောက်က ကျောင်းထဲမှာ အိုင်ကွန်တစ်ယောက်တစ်လုံးနဲ့ လှူခွဲကာ ချစ်ရင်ထူးကို ပိုက်စိပ်တိုက်ရှာနေကြတယ်။ မယ်ယက္ခကတော့ ကန်တင်းက စားပွဲတစ်လုံးပေါ်မှာ အိုင်ကွန်တစ်လုံးကို တင်ထားပြီး အအေးတစ်လုံးမှာသောက်ကာ ဘော်ဒီဂတ်သုံးယောက်ဆီက သတင်းတွေကို နားစွင့်နေတယ်။

"ပေါက်ခေါရှိလား. . . ပေါက်ခေါ. . ."

"ပေါက်ခေါရှိတယ်. . . ပြောပါ"

"ကျောင်းခန်းထဲမှာ ပစ်မှတ်ကိုမတွေ့ဘူး. . . ကျောင်းခန်းထဲမှာ ပစ်မှတ်မရှိဘူး. . . ရထားလား. . ."

"ရထား. . . ရထား. . . ဘွဲ့နှင်းသဘင်ဘက်မှာလည်း ပစ်မှတ်မရှိဘူး. . . ရထားလား. . ."

"ရထား. . . ရထား. . . ဖက်တီးအသံပျောက်နေတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဖက်တီး. . . ဖက်တီးရှိလား"

"ရှိတယ်. . . ရှိတယ်. . . ပေါက်ပါ(ပြောပါ). . ."

"ဖက်တီးဘယ်ရောက်နေလဲ. . . ရထားလား. . ."

"ရထား. . . ဖက်တီး ကားပါကင်ဘက်မှာ ပစ်မှတ်ကိုရှာနေပါတယ်. . . ရထားလား. . ."

"ရထား. . . ရထား. . . ဆက်လုပ်ပါ. . . ရထားလား. . ."

"ရထား. . ရထား. . ."

"ဌာနေကို ဖားလွှတ်ပါတယ်. . . သတင်းမထူးသေးပါ. . . ရထားလား. . ."

ကျောက်ပေါက်မရဲ့ စကားအဆုံး မယ်ယက္ခက. . .

"ရထား. . . ဆက်ရှာပါ. . . ရထားလား. . ."

"ရထားပါ. . ."

ကန်တင်းကလူတွေက မယ်ယက္ခကို အထူးအဆန်းလိုကြည့်နေကြသလို ကျောင်းထဲမှာ အိုင်ကွန်တစ်ယောက်တစ်လုံးကိုင်ပြီး လျှောက်သွားနေတဲ့ ပေါက်ခေါ်မတို့သုံးယောက်ကိုလည်း ကျောင်းသူကျောင်းသားတွေက လိုက်ကြည့်နေကြတယ်။

"ပေါက်ခေါ်. . . ပေါက်ခေါ်. . . အခြေနေထူးလား. . . အခြေနေထူးရင် သတင်းပို့ပါ. . . ရထားလား. . ."

"ရထား. . . ရထား. . . ပစ်မှတ်ပျောက်နေဆဲပဲ. . . ရထား





လား. . ."

"ရထား. . ."

အဲဒီလို နေရာအနှံ့လိုက်ရှာနေကြတဲ့အချိန်မှာ ဒုက္ခရောက်နေတာက ချစ်ရင်ထူး။ သူက ကျောင်းကိုရောက်လို့ ကားပေါ်က ဆင်းမလို့ရှိသေးတယ်။ ကားပါကင်ကို ဖက်တီးမက အိုင်ကွန်တစ်လုံးနဲ့ ရောက်လာတာလေ။ ပြီးတော့ သူ့ကားဘောနပ်ပေါ်ကို သူ့ဝိတ်ကြီးနဲ့ တက်ထိုင်ပြီး ဘယ်လိုနေရာမှာ ဘယ်လိုထည့်ယူလာမှန်းမသိတဲ့ မုန့်တွေကို တစ်ခုပြီးတစ်ခု ထုတ်စားနေတော့တာ။

ပါးစပ်ကသာ အိုင်ကွန်နဲ့. . .

"ရထား. . . ရထား. . . ကားပါကင်မှာရှာနေတယ်. . ."

"ပစ်မှတ်ကို မတွေ့သေးဘူး. . ."

"ရထား. . . ရထား. . ."

စသဖြင့်အော်နေပေမယ့် လူကတော့ သူ့ကားဘောနပ်ပေါ်က မဆင်းဘဲ မုန့်ထိုင်စားနေတော့တာ။ ချစ်ရင်ထူးခင်မျာ. . . သူ့ကားဘောနပ်အဖုံးကြီး ခွက်ဝင်နေတာကိုသိပေမယ့်လည်း သွားမပြောရဲသလို အပြင်ကိုလည်း မထွက်ရဲဘူး။ ဒင်းတို့က သူ့ကို ပိုက်စိပ်တိုက်ရှာနေတယ်ဆိုတာ သိသာတယ်လေ။

ကားထဲမှာ တစ်ယောက်တည်း ချွေးတွေပျံပြီး အကူအညီရလိုငြား ဖိုးသစ်ဆီကို ဖုန်းဆက်တော့လည်း မြန်မာ့ဆက်သွယ်ရေးက



www.burmeseclassic.com

www.burmeseclassic.com

# ရှာရဝင်ကျွဲ

ကောင်မလေးနဲ့ချည်းပဲ တိုးနေတော့ ခေါ်မရ။ ကားထဲမှာလည်း ခုံပေါ်ထိုင်ပြီး ပေါ်ပေါ်တင်တင်မနေရဲ။ dashboard နဲ့ ထိုင်ခုံကြားထဲမှာပဲ အသာဝပ်နေရပြီး ဖက်တီးမကြီးကို ချောင်းချောင်းကြည့်နေရတာ။ ကြာတော့ ခါးတွေတောင် နာလာတယ်။ ဖက်တီးမကတော့ အခုထိ ထိုင်ရာကမထ တသွပ်သွပ်စားကာ "ရထား. . ." လို့ကောင်းနေဆဲ။

"ပစ်မှတ်ကို တွေ့လား. . . သတင်းပို့ပါ. . . ပစ်မှတ်ကိုတွေ့ မတွေ့ သတင်းပို့ပါ. . . ရထားလား. . ."

"ရထားပါ. . . ပစ်မှတ်ကို မတွေ့ပါဘူး ကျောင်းထဲမှာလည်း နှံ့နေပါပြီ. . ."

"မတွေ့ရင် ကန်တင်းကို အားလုံးပြန်စုပါ. . . ရထားလား. . ."

"ရထားပါ. . . ရထားပါ. . ."

"ရထားပါ. . ."

အဲဒီအသံတွေ အဆုံး ဖက်တီးမက ကားဘောနပ်အဖုံးပေါ်က နေ အောက်ကိုခုန်ဆင်းချလိုက်တာ ကားပါကင်တစ်ဝိုက် လျှော့လှုပ်သွားသလားတောင် ထင်ရတယ်။ ပြီးတော့ တရွေ့ရွေ့နဲ့ ထွက်သွားတယ်။

ဒီတော့မှ ချစ်ရင်ထူးက အသက်ကို ဝဝရှူလိုက်ကာ ကားထဲကထွက်ပြီး သူ့ကားဘောနပ်ကိုကြည့်လိုက်စဉ်မှာတော့. . .

"ဟင် ! "





သူ့ကားဘောနပ်ကြီးက အောက်ကိုချိုင့်ဝင်နေတာများ ဒယ်အိုးကြီးတစ်လုံး ပက်လက်လှန်ထားတဲ့ အတိုင်းပဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တီကိုအောက်မှာ ကားကိုထိုးရပ်လိုက်တယ်ဆိုရင်ပဲ မမသုံးယောက်ရဲ့ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားကာ. . .

"ဟင် ! "

"ကား. . . ကားက ! "

"ကားက. . . ဘာဖြစ်လာတာလဲ. . . ဟင်. . . ငချစ်"

နဲ့ ရင်ဘတ်ဖိကာ တစ်ယောက်တစ်မျိုးမေးလာကြတော့တယ်။ ဒီတော့ချစ်ရင်ထူးက အားလုံးကို ဝေ့ဝဲကြည့်ကာ ပြုံးပြလိုက်ရင်း. . .

"ကားကလား. . . ကျောင်းမှာ ဆင်တစ်ကောင်တက်နင်းသွားလို့"

ဆိုပြီး အိမ်ထဲဝင်သွားတော့တယ်။ မမတစ်က သေချာမကြားလိုက်လို့ ယောင်လည်လည်နဲ့ ကျန်ခဲ့ပေမယ့် ကျန်နှစ်ယောက်ကတော့ ခုန်ပေါက်ကာ. . .

"အမလေး. . . ကုန်ပါပြီ. . . ကုန်ပါပြီ. . . ဟင်. . ကျောင်းထဲမှာ ဘယ်ကဆင်ရှိလို့ လာနင်းရတာလဲ ငချစ်ရဲ့. . ."





"ဘာမှမဟုတ်ဘူး. . . မမနှစ်၊ အဲဒါ ကားလဲမပေးလို့ သက်သက်မဲ့ လုပ်လာတာပဲနေမှာ၊ သုံးသိတယ်. . ."

သူတို့နှစ်ယောက်စကားအဆုံး မမတစ်က ကားကိုတစ်လှည့် သူတို့ကိုတစ်လှည့်ကြည့်ကာ. . .

"ဟဲ့. . . ကားက ဘာဖြစ်တာတဲ့လဲ. . . တိုက်လာတာလား၊ ဟုတ်လား. . ."

လို့မေးလာတော့ စိတ်ရှုပ်နေတဲ့ မမနှစ်က သူကလည်း တစ်မှောင့်ဆိုတဲ့ဒီဇိုင်းနဲ့ အော်ပြောလိုက်တယ်။

"ဘယ်ကတိုက်ရမှာလဲ. . . ဂေါ်ဇီလာ နင်းလို့တဲ့၊ ဂေါ်ဇီလာ"



www.burmeseclassic.com

www.burmeseclassic.com



မယ်ယက္ခက ဘော်ဒီဂတ်သုံးယောက်ရဲ့ရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ကာ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရင်းက. . .

"ဒီလောက်ပိုက်စိပ်တိုက်ရှာခဲ့တာတောင် ချစ်ကိုမတွေ့ခဲ့ရဘူး၊ အဲဒါဘာကြောင့်လဲ နင်တို့သိလား. . ."

လို့ မေးတော့ ပေါက်ခေါမက လက်တစ်ဖက်ထောင်ပြလာကာ. . .

"သိပါတယ်. . . ဘောစိမ"

လို့ဖြေတယ်။

"သိရင်ပြောစမ်း"

"ဟုတ်. . . ကျွန်မတို့ သူ့ကိုမတွေ့တာ ကျွန်မတို့မျက်စိတွေက သူ့ကိုမမြင်လို့ပါ. . . ဘောစိမ"

ပေါက်ခေါမ စကားအဆုံး မယ်ယက္ခမျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားကာ ပေါက်ခေါမရှေ့မှာ ခါးထောက်ရပ်လိုက်ရင်း. . .

"ဩော်. . . ဩော်. . . ဩော်. . . ဟုတ်လား၊ တော်တော်လေးမှန်လိုက်တဲ့ အတွေးအခေါ်ပဲနော်၊ ရှေ့ဉာဏ်တော်က တော်တော်လေးစူးရောက်တာပဲ ပညာရှိ သူ့ထမိန်မကြီးရယ်. ."





"ဟီးဟီး. . . အမေကလည်း ပြောပါတယ်၊ ငါ့သမီးလေးကဉာဏ်ကောင်းတယ်တဲ့"

"တော်စမ်း. . . နင့်ကိုရွဲ့ပြောနေတာဟဲ့၊ သိရဲ့လား၊ ရွဲ့လို့ရွဲ့နေမှန်းတောင် မသိဘူး၊ အဲဒါကြောင့် နင်သွားခေါနေတာသိလား၊ မျက်စိတွေက မမြင်လို့ မတွေ့တာတော့ နင်ပြောမှလားဟဲ့၊ ချစ်ကိုလွမ်းလို့ စိတ်ညစ်နေရတဲ့အထဲ ဒေါသပါထွက်အောင် လာဆွနေတယ်၊ မသေမချင်းမှတ်ထား၊ သူ့ကိုရှာလို့မတွေ့တာ၊ သူက တမင်တကာရှောင်ပုန်းနေလို့ပဲ၊ သဘောပေါက်ပြီလား. . . သုံးယောက်စလုံး"

"ဟုတ်ကဲ့. . . သဘောပေါက်ပါပြီ ဘောစိမ"

သုံးယောက်စလုံးဆီက ထွက်လာတဲ့အသံက တစ်ပြိုင်နက်တည်း။

"အဲဒီတော့ တိုက်ကွက်တစ်မျိုးပြောင်းမယ်၊ အားလုံးနားထောင်ပါ၊ ကျောင်းကိုသွားမရှာတော့ဘူး၊ ဒီနေ့ညနေ သူသွားနေကျ သူတို့လမ်းထိပ်က စာအုပ်ဆိုင်နားမှာ သွားစောင့်မယ်. . . ကြားလား"

"ကြားပါတယ်. . . ဘောစိမ"

"ကြားရင် ဆက်လုပ်"

"ရက်စ်. . . ဘောစိမ"



www.burmeseclassic.com

www.burmeseclassic.com

# ရှာရဝတိခန့်

ချစ်ရင်ထူး စာအုပ်ဆိုင်ထဲက အထွက်မှာပဲ အနားကို ချိုမီ ကျော်ထင်ရောက်လာတယ်။

"ပြန်တော့မလို့လား. . ."

သူမအမေးကို သူကခေါင်းညိတ်ကာ ခြေလှမ်းတွေကို စလှမ်းတော့ သူမကပါ ဘေးကနေ ကပ်ပါလာတယ်။

"ကျွန်မကို အဖြေမပေးသေးဘူးလား"

"ကျွန်တော်စဉ်းစားဦးမယ်လို့ ပြောထားတယ်လေ"

"အခုထိစဉ်းစားတုန်းပဲလား၊ ကျွန်မကို ယုံလိုက်ပါတော့လား ဟင်"

"အချစ်ရေးက လွယ်လွယ်ဆုံးဖြတ်လို့ ရတာမှမဟုတ်တာ၊ အချိန်တော့ နည်းနည်းယူရမှာပေါ့၊ ပြီးတော့ မင်း. . . ဒီနားမှာတင်ပဲ နေခဲ့လိုက်တာကောင်းမယ်၊ တော်ကြာ ကျွန်တော့်အစ်မတွေမြင်သွားရင် နားပူနေရဦးမှာစိုးလို့"

သူ့စကားအဆုံး သူမက ခြေလှမ်းတွေကို ရပ်ပစ်လိုက်ကာ. . .

"အိုခေလေ၊ ဖျင်အခက်တွေ့အောင် ကျွန်မမလုပ်ပါဘူး၊ မနက်ဖြန်မှ ကျောင်းမှာတွေ့တာပေါ့"





သူက ဘာမှမပြော ပြုံးရုံပြုံးပြလိုက်ကာ လျှောက်လာခဲ့လိုက်တယ်။ သူမကတော့ နေရာမှာတင် ရပ်ကျန်နေခဲ့တယ်။

အဲဒီလို သူတို့နှစ်ယောက်စကားပြောနေတာကို ခပ်ဝေးဝေး ကားထဲကနေ မှန်ဘီလူးတစ်လက်နဲ့ကြည့်ရင်း ဒေါသတွေ ဖြစ်နေတာက မယ်ယက္ခ။

"တောက်!. . . သူက ဒါကြောင့် ငါ့ကိုရှောင်နေတာကိုး၊ ဟိုကောင်မကလည်း ဘယ်လောက်အဆင့်ရှိလို့ ငါလိုလူနဲ့လာယှဉ်ရတာတဲ့လဲ၊ မယ်ယက္ခအစွယ် ဘယ်လောက်ရှည်တယ်ဆိုတာ ထုတ်ပြရသေးတာပေါ့. . . ဟွင်း. . . ဟွင်း. . . ဟွင်း. . ."



www.burmeseclassic.com

www.burmeseclassic.com







# ခြောက်

ကားပေါ်ကဆင်းပြီး တံခါးကိုပိတ်လိုက်စဉ်မှာပဲ ချိုမီကျော်ထင့်ကို မယ်ယက္ခတို့အုပ်စုက ဝိုင်းလိုက်ကြတယ်။ ဒီတော့ချိုမီကျော်ထင်က အားလုံးကို ဘာလဲဟဆိုတဲ့ဒီဇိုင်းနဲ့ ဝေ့ဝဲကြည့်လိုက်ရင်း. . .

"ရှင်တို့က ဘယ်သူတွေလဲ၊ ဘာလုပ်တာလဲ"

ဆိုတော့ မယ်ယက္ခက လက်ကိုဟန်ပါပါပိုက်လိုက်ရင်း. . .

"ငါတို့ဘယ်သူဆိုတာက အရေးမကြီးပါဘူး၊ နင်သိစရာလည်း မလိုဘူး၊ နင်သိထားရမှာက ချစ်ရင်ထူးနဲ့ ဝေးဝေးနေဖို့ပဲ"

လို့ ပြောချလိုက်တယ်။ လေသံကလည်း ဟိုးအရင်. . . ခင်သီတာထွန်း နာမည်ကြီးခဲ့တဲ့ "မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်" ဆိုတဲ့ကားထဲမှာ ခင်သီတာထွန်းပြောခဲ့တဲ့ လေသံမျိုး။

ဒီတော့ ချိုမီကျော်ထင်ကလည်း နှုတ်ခမ်းကို တစ်ချက်ရွဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ မယ်ယက္ခကို စောင်ပေပေပြန်ကြည့်လိုက်ရင်း. . .

"နေစမ်းပါဦး၊ ရှင်က ဒီလိုလာပြောနေရအောင်. . . ဘာလဲ ရှင်က ချစ်ရင်ထူးရဲ့အမေလား. . . ဟုတ်လား"

• "ဟုတ်တယ်. . . ချစ်ရင်ထူးက ငါ့ရဲ့တစ်ဦးတည်းသောသား ပဲ. . . ဟင်! မဟုတ်ပါဘူး၊ ယောင်လို့. . . နင်ဘာတွေလျှောက်မေးနေ တာလဲ၊ ဒီအဆင်နဲ့ဒီအဆင်က သားအမိဖြစ်မလားဟဲ့၊ ချစ်ရင်ထူးဆို တာက ငါရွေးချယ်ထားတဲ့ ငါ့ရဲ့ချစ်သူ. . . ငါ့ရဲ့အသည်း၊ အူ၊ နှလုံး၊ ကျောက်ကပ်. . . သိရဲ့လား. . . ဟင်းဟင်းဟင်း. . . "

ပြောပြီး မယ်ယက္ခကရယ်တော့ ချိုမီကျော်ထင့်ကို ဝိုင်းထားတဲ့ ကျောက်ပေါက်မ၊ ပေါက်ခေါမနဲ့ ဖက်တီးမတို့ကလည်း လူမိုက်အထာ တွေနဲ့ လိုက်ရယ်ကြတယ်။

မယ်ယက္ခတို့အုပ်စု အရယ်ရပ်သွားတော့မှ ချိုမီကျော်ထင်က လည်း ကမ္ဘာ့အရယ်ရဆုံး ပြက်လုံးတစ်ခုကို ကြားလိုက်ရသလို ခေါင်းကို မော့ကာ ရယ်လိုက်ရင်း. . .

"ဟားဟားဟား. . . . ဘာပြောတယ်၊ ချစ်ရင်ထူးက ရှင့်ချစ် သူ ဟုတ်လား၊ တောမှာသွားပြော. . . နော်. . . တောမှာဆိုရင်တော့ ယုံချင်ယုံလိမ့်မယ်၊ တန်ရာတန်ရာကို မှန်းစမ်းပါရှင်၊ ဘီယာဘူးခွံထဲ ကို စည်ပိုင်းကြီးတစ်လုံး ဘယ်လိုလုပ်ထည့်လို့ရမှာလဲ. . . ဟင်းဟင်း ဟင်း. . . "





ချိုမီကျော်ထင်က ရယ်သံကို တမင်တကာ အမျိုးမျိုးလုပ်ပြီး ရယ်တယ်။ မယ်ယက္ခကတော့ မျက်နှာကြီးက မည်းပုပ်သွားကာ. . .

"တိတ်စမ်း. . . နင်ငါ့ကို ဘာမှတ်နေလဲ၊ ငါလက်ဖျောက်တစ် ချက်တီးလိုက်တာနဲ့ နင့်ဘဝကြီး တစ်စစီဖြစ်သွားနိုင်တယ်ဆိုတာ နား လည်လား. . . ဟမ်"

"လုပ်လိုက်စမ်းပါ၊ ဒီကလည်း မွေးကတည်းက ကြောက်မွေး မပါလို့ ရှင်လိုလူမျိုး နှစ်ယောက်ပြေးလာတာတောင် မမှုဘူး"

"နိုးနိုး. . . နိုး. . . ဒီက ကိုယ်တိုင်လှုပ်ရှားစရာကိုမလိုတာ၊ ဟင်းဟင်းဟင်း. . . "

ပြောပြီး မယ်ယက္ခက သူ့လူတွေကို မျက်စတစ်ချက်ပစ်ပြလိုက် တာနဲ့ ပေါက်ခေါမတို့လူစုက ဆွဲစိလိုက်ရမလားဆိုတဲ့ အထာတွေနဲ့ သူတို့မှာပါလာတဲ့ လက်နက်တွေကို ထုတ်ပြကြတယ်။

ပေါက်ခေါမက အရောင်တွေတဖိတ်ဖိတ်လက်နေတဲ့ ဓါး မြှောင်ကိုထုတ်ကာ မပေါက်တဲ့မုတ်ဆိတ်မွေးကို ရိတ်ပြသလို၊ ကျောက် ပေါက်မကလည်း နောက်ဘက်ခါးကြားမှာထိုးလာတဲ့ ဘော့စ်ဘောရိုက်တံ ကြီးကို ထုတ်ပြတယ်။ အဲဒီလိုသူမတို့နှစ်ယောက်က ထုတ်ပြနေတော့ ဖက်တီးမကလည်း သူမရဲ့ဘယ်ဘက်ဘေးအိတ်ကပ်အကြီးကြီးထဲကနေ သူမလက်နက်ကို ဟန်ပါပါဆွဲထုတ်လိုက်တယ်။ ဒါပေမယ့် သူမလက်ထဲ မှာပါလာတာက ပျော့တွဲတွဲ အီကြာကွေးကြီးတစ်ချောင်း။ ဒါနဲ့သူမက



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရယ် ရယ်လိုက်ရင်း ညာဘက်ဘေးအိတ်ကပ်ကြီးထဲကို လက်နှိုက်ကာ ဆွဲထုတ်လိုက်ပြန်တယ်။ ဒါပေမယ့် ဒီတစ်ခါပါလာတာကလည်း ငှက်ပျောသီးကြီးတစ်လုံး။ ခန္ဓာကိုယ်နဲ့လိုက်အောင် အမြဲစားနေတဲ့သူဆိုတော့ သူမအင်္ကျီအိတ်ကပ်တွေထဲမှာက ဘယ်နေရာကိုနှိုက်နှိုက် စားစရာတွေပဲ ထွက်လာနေတော့တာလေ။ မယ်ယက္ခကလည်း မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးနဲ့ကြည့်နေပြီ။ သူမမှာကလည်း ထုတ်ပြစရာ လက်နက်က ပါမလာဘူး။ ဒါနဲ့ကြံရာမရတဲ့အဆုံး သူမက တစ်စုံတစ်ခုကို သတိရသွားကာ အင်္ကျီရင်ဘတ်ထဲကို လက်နှိုက်ပြီး ပြန်ဆွဲထုတ်လိုက်တော့ လက်ထဲမှာပါလာတာက လက်သည်းညှပ်တစ်ချောင်း။ ဒီတော့မှ သူမက လက်သည်းညှပ်မှာပါတဲ့ ဓါးလေးကိုထုတ်ကာ ချိုမီကျော်ထင့်ကို ချိန်ထားလိုက်တယ်။

ဒီတော့မှ မယ်ယက္ခက လူမိုက်အထာနဲ့ ဓါးထောက်ကာ ခေါင်းမော့ရယ်လိုက်ရင်း. . .

"မြင်တယ်နော်. . . ငါလက်ဖျောက်တစ်ချက်တီးတာနဲ့ နင့်အသက်ပျောက်သွားနိုင်တယ်ဆိုတာ မြင်တယ်မှုလား"

မယ်ယက္ခက စကားကို ခဏဖြတ်ထားလိုက်ကာ ချိုမီကျော်ထင်နဲ့ နီးသထက်နီးအောင် တိုးကပ်သွားလိုက်ရင်း လေသံသဲ့သဲ့နဲ့ ပြောလိုက်တာက. . .

"ဒီလောက်ဆို သဘောပေါက်တော့၊ ငါစကားကို နှစ်ခါမပြော





ချင်ဘူး၊ နောက်တစ်ခါဆိုရင်တော့ ပါးစပ်ကမပြောတော့ဘူး၊ လက်ချည်းပဲ လွှတ်"

မယ်ယက္ခစကားတောင် မဆုံးလိုက်။ "လက်ချည်းပဲ လွှတ်"ဆိုပြီး ချိုမီကျော်ထင့်လည်ပင်းနားကို ဓါးနဲ့ပိုင်းသလို လေကိုခုတ်ပိုင်းပြလိုက်တဲ့ မယ်ယက္ခလက်ပေါ်ကို ချိုမီကျော်ထင်က သူမလွယ်အိတ်ထဲကနေ ပင့်ကူအကြီးကြီးတစ်ကောင်ကို ထုတ်ပြီး တင်ပေးလိုက်တော့ မယ်ယက္ခမျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားကာ စကားက "လွှတ်လိုက်မယ်"အထိ မရောက်လိုက်ပဲ "လွှတ်" မှာတင်ရပ်သွားရရင်း. . .

"လွှတ်. . ဟင်. . . ပင့်. . ပင့်. . . ပင့်. . . ဂစ်. . . ဂစ်"

ဆိုပြီး နေရာမှာတင် အတောင့်လိုက်ကြီး တက်သွားတော့တယ်။

ချိုမီကျော်ထင်က ကျောင်းခန်းထဲတောင် ရောက်သွားပြီ။ ပေါက်ခေါမတို့ သုံးယောက်ကတော့ ကားပါကင်မှာပဲရှိသေးကာ တက်သွားတဲ့ မယ်ယက္ခကို နှာနှပ်လို့ကောင်းတုန်း. . .။



www.burmeseclassic.com

www.burmeseclassic.com



"တောက်! အပွဲပွဲနွှဲလာသမျှ ဒင်းနဲ့ကျမှ နှပ်ပက်ခံရတယ်လို့၊ ရာဇဝင်ရိုင်းလိုက်တာ၊ ဟွန်း. . . ဒင်းတော့လား၊ တွေ့မယ်တွေ့မယ်၊ ဒင်းက ကျားအမြီးကိုမှ လာဆွဲတာကိုး၊ ဒီကလည်း ကျားမှန်းသိအောင်လို့ အကြောင်းပြရသေးတာပေါ့"

မယ်ယက္ခက စိတ်တိုဒေါသထွက်နေရင် လုပ်လေ့ရှိတဲ့အတိုင်း လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး လမ်းကို ခေါက်တုံ့ခေါက်ပြန်လျှောက်နေတယ်။ ပေါက်ခေါမတို့သုံးယောက်ကတော့ သတိအနေအထားနဲ့ သုံးယောက်အတန်းစီရပ်ကာ ကျောက်ရုပ်ကြီးတွေလို ရပ်နေတယ်။

"ဒင်းကများ ရာရာစစ ငါ့ချစ်လေးကို လာလုရဲသေးတယ်၊ ဒင်းနဲ့က တူလို့တန်လို့လား၊ ချစ်လေးက ငါလိုလုံးကြီးပေါက်လှ မိန်းမမျိုးနဲ့မှ လိုက်ဖက်ညီမှာပေါ့၊ မဟုတ်ဘူးလားဟေ့. . ."

"မှန်ပါတယ် ဘောစိမ"

ဘေးနားက သုံးယောက်က တစ်ပြိုင်နက်တည်းထောက်ခံလိုက်ကြတယ်။





"ဟင်း. . . ကြည့်ကြသေးတာပေါ့လေ၊ ချစ်ရဲ့အချစ်ကို ဘယ်သူရမလဲဆိုတာ. . ."

မယ်ယက္ခက တတွတ်တွတ်ရွတ်ကာ လမ်းကို ခေါက်တုံ့ခေါက်ပြန်လျှောက်နေတယ်။ ခဏနေတော့မှ တစ်စုံတစ်ခုကို သတိရသွားဟန်နဲ့. . .

"ဟုတ်ပြီ. . . ငါအကြံရပြီ၊ အခု ငါ့မှာက ပြိုင်ဘက်ပေါ်လာပြီဆိုတော့ နှစ်ယောက်ယှဉ်လိုက်တိုင်း ချစ်ရဲ့အမြင်မှာ ငါကခေါင်းတစ်လုံးပိုသာနေဖို့လိုတယ်လေ၊ ဒါမှချစ်ရဲ့အချစ်တွေက ငါ့ဆီကိုယိုဖိတ်စီးဆင်းလာတော့မှာပေါ့၊ ဒီတော့ ဒီလိုလုပ်. . ."

မယ်ယက္ခက ပေါက်ခေါမတို့သုံးယောက်ကို ခေါင်းချင်းဆိုင်သွားတဲ့အထိ နီးကပ်သွားအောင် ပူးကပ်စေလိုက်ပြီးမှ လုပ်ရမယ့်အလုပ်ကို အသေးစိတ်ပြောပြလိုက်တယ်။

"မနက်ဖြန်×××××××××××××××"



www.burmeseclassic.com

www.burmeseclassic.com

## ရှေ့ရေဝင်ခို

မယ်ယက္ခတို့လူစုက ချစ်ရင်ထူးလာတတ်တဲ့လမ်းရဲ့ လူပြတ်တဲ့နေရာတစ်ခုမှာ စောင့်နေကြတယ်။ သူမတို့အကြံက ချစ်ရင်ထူးလာတဲ့အခါကျရင် ပေါက်ခေါမတို့သုံးယောက်က မျက်နှာဖုံးတွေစွပ်ပြီး ချစ်ရင်ထူးကို ဝင်ပြီးဆွဲလားရမ်းလားလုပ်ကြမယ်၊ အဲဒီအချိန်မှာ မယ်ယက္ခကရောက်လာ၊ ကယ်ပြီး ဟီးရိုးလုပ်မယ်ပေါ့လေ။ အဲဒီအချိန်မှာပဲ ချစ်ရင်ထူးက မယ်ယက္ခကို ကျေးဇူးတွေတင်၊ အဲဒီကနေမှတဆင့်တက်ပြီး ချစ်သူတွေဖြစ်. . .။

အတွေးထဲမှာတော့ ဟုတ်နေတာပါပဲ။

အဲဒီလိုနဲ့ မယ်ယက္ခတို့က အကွယ်တစ်ခုကနေ ချစ်ရင်ထူးအလာကို စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေကြတယ်။

"နင်တို့ ပိပိရိရိဖြစ်ပါစေနော်၊ တစ်ခုခုလွဲလို့ကတော့ သေမယ်မှတ်၊ ကြားလား"

"ရက်စ်. . . ဘောစိမ"

အဲဒီအချိန်မှာပဲ ချစ်ရင်ထူးရဲ့ ကားလေးလာနေတာကို ခပ်ဝေးဝေးမှာ လှမ်းမြင်လိုက်ရတယ်။





"ပေါက်ခေါမ. . . အသင့်ပြင်"

မယ်ယက္ခရဲ့ စကားအဆုံး ပေါက်ခေါမက အသက်ကိုဝဝတစ်ချက် ရှူသွင်းလိုက်ကာ ကားကိုတစ်ချက်ကြည့်လိုက်တယ်။ အနားကိုကားရောက်လာကာနီးတဲ့အခါမှာတော့ ကားလမ်းပေါ်ကိုထွက်ကာ လမ်းအလယ်ခေါင်တည့်တည့်မှာ မူးသလိုလိုဘာလိုလိုနဲ့ ခေါင်းလေးကိုကိုင်ကာ ထိုင်ချလိုက်တော့တယ်။

ချစ်ရင်ထူးရဲ့ ကားဘရိတ်အုပ်သံက အကျယ်ကြီး။ ပြီးတော့ ချက်ချင်းဆိုသလိုပဲ ကားထဲကနေ ချစ်ရင်ထူးဆင်းလာတယ်။ ပြီးတော့ ပေါက်ခေါမရဲ့ဘေးမှာ အကျိုးအကြောင်းမေးဖို့ ထိုင်ချလိုက်တယ်ဆိုရင်ပဲ မျက်နှာဖုံးစွပ်ထားတဲ့ပေါက်ခေါမက အောက်စိုက်ချထားတဲ့ခေါင်းကို ပြန်မတ်လိုက်ရင်း သတင်းစာတွေပတ်ထားတဲ့ အရာဝတ္ထုတစ်ခုနဲ့ ချစ်ရင်ထူးရဲ့ရင်ဘတ်ကို ထောက်ထားလိုက်တယ်။ လုပ်ရှားမှုက လုံးဝ ကွက်တိ။

"ဟင် ! ခင်. . . ခင်ဗျား ဘာလုပ်"

တအံ့တသြဖြစ်နေတဲ့ ချစ်ရင်ထူးရဲ့စကားတောင် မဆုံးလိုက်၊ သူ့အနားကို မျက်နှာဖုံးတွေစွပ်ထားတဲ့ ဖက်တီးမနဲ့ ကျောက်ပေါက်မတို့ပါရောက်လာပြီး သူ့ကို ကုပ်ကကိုင်ကာ ချုပ်ထားလိုက်ကြတယ်။

ဒီတော့မှ ပေါက်ခေါမက အသံကို ခပ်သြသြလုပ်ကာ. . .

"ဘာမှမမေးနဲ့၊ ဘာသံမှလည်း ထွက်ဖို့စိတ်မကူးနဲ့၊ အသံထွက်



www.burmeseclassic.com

လိုက်တာနဲ့ ဒီမှာမြင်လား. . . လက်ထဲမှာကိုင်ထားတာကို၊ အူတွေအခွေလိုက် ထွက်ကျလာမယ်၊ ဘာအောက်မေ့နေလဲ. . . ”

ချစ်ရင်ထူး ဇောချွေးပျံသွားတယ်။

“ခင်. . . ခင်ဗျားတို့က ဘယ်သူတွေလဲ၊ ပြီးတော့ ဘာလိုချင်လို့လဲဟင်. . . ”

ချစ်ရင်ထူးရဲ့စကားအဆုံး ဖက်တီးမက သူမရဲ့ဝကစ်ကစ်လက်ကြီးတစ်ဖက်နဲ့ ချစ်ရင်ထူးရဲ့နောက်ကျောကို ဘုန်းခနဲတစ်ချက်ပုတ်ချလိုက်ရင်း. . .

“အသံမထွက်နဲ့လို့ ပြောနေတာ မကြားဘူးလား၊ ပါတာအကုန်ထုတ်စမ်း မြန်မြန်”

“ဗျာ! ပါ. . . ပါတာ”

“ဟုတ်တယ်၊ ပါတာမြန်မြန်ထုတ်”

“ဘယ်လိုလုပ်ထုတ်ပေးလို့ ရမှာလဲဗျာ့၊ ပါတာက အိမ်က အိမ်သာထဲမှာ ကျန်ခဲ့ပြီလေ၊ ခင်ဗျားတို့ဒီလိုတောင်းမယ်မှန်းသိရင် ကျွန်တော် ကျွတ်ကျွတ်အိတ်တစ်လုံးနဲ့ ထုတ်ခဲ့ပါတယ်၊ အခုတော့ မပါဘူးဗျာ. . . အဟီး၊ ဒီလိုလုပ်ပါလား၊ မနက်ဖြန်ကျမှ ဒီနားကစောင့်နေလေ၊ ကျွန်တော်ပါတာကို သေသေချာချာထုတ်လာခဲ့ပါ့မယ်. . . နော်”

“မနောက်နဲ့၊ မနောက်နဲ့. . . ဒါကစားနေတာမဟုတ်ဘူး၊ ဓါးပြတိုက်နေတာ၊ နောက်ချင်ပြောင်ချင်ရင် ဇာတ်ထဲဝင်၊ ဒီမှာလာမနောက်





နဲ့၊ ချွတ်စမ်းနာရီ. . . လည်ပင်းက ဆွဲကြိုးပါချွတ်. . . ”

“ဗျာ! ”

“မဗျာနဲ့၊ ချွတ်. . . မြန်မြန်၊ လက်ထဲမှာကိုင်ထားတဲ့ဟာနဲ့ တစ်ခါတည်း ကလော်ထုတ်လိုက်ရရင် လူညွန့်တုံးသွားဦးမယ်၊ ငါဒေါသကြီးတယ်နော်၊ ချွတ်. . . မြန်မြန်. . . ”

“တ. . . တကယ်. . . ချွတ်ရမှာလားဟင်”

“ဟုတ်တယ်. . . ချွတ်”

အဲဒီလိုဖြစ်နေတာကို မယ်ယက္ခက အကွယ်တစ်ခုကနေကြည့်ရင်း အချိန်ကောင်းကို စောင့်နေတယ်။ အချိန်ကောင်းကိုရောက်လို့ ထွက်မယ်ပြင်ချိန်မှာတော့. . .

“ကားထဲက မမတို့ရေ၊ ဒီမှာဓါးပြတိုက်နေတာတဲ့ဗျာ့၊ ဓါးပြတဲ့. . . ဓါးပြ”

ဆိုတဲ့ ချစ်ရင်ထူးရဲ့ အော်သံကြီးက ထွက်လာတယ်။ အဲဒီအော်သံနဲ့ မရှေးမနှောင်းမှာတင်ပဲ ကားထဲကနေ ချစ်ရင်ထူးရဲ့အစ်မသုံးယောက်က ဘော့စ်ဘောရိုက်တံကြီးတွေ တစ်ယောက်တစ်ချောင်းကိုင်ဆင်းလာကာ မျက်နှာဖုံးစွပ်နဲ့ ပေါက်ခေါ်မတို့သုံးယောက်ကို တစ်ဖုန်းဖုန်းမြည်အောင် ဝင်ဗျင်းတော့တာပဲ။

ပေါက်ခေါ်မတို့သုံးယောက်က တကယ်ဓါးပြတိုက်တာမှ မဟုတ်တာ။ ဟန်ဆောင်ပန်ဆောင် ဓါးပြတိုက်တာဆိုတော့ ဘာလက်



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

နက်မှ ယူမလာဘူး။ ပေါက်ခေါ်မလက်ထဲက သတင်းစာပတ်ထားတဲ့ ပစ္စည်းကလည်း ခါးအစစ်မဟုတ်ဘူး။ ကလေးကစားတဲ့ ကော်ခါးလေးကို ခြောက်ဖို့သက်သက်နဲ့ သတင်းစာပတ်ယူလာတာ။ ဒီတော့ မမသုံးယောက်ရဲ့ ဆော်ပလော်တီးတာကို အလူးအလဲခံရတော့တာပေါ့။ ကြာကြာတော့ မခံနိုင်ကြပါဘူး။ သုံးယောက်စလုံး ခွေးပြေးဝက်ပြေးပြေးကြတော့တာပဲ။

ပေါက်ခေါ်မတို့ သုံးယောက်တည်းလားဆိုတော့လည်း မဟုတ်သေးဘူး။ သူတို့ထက်ပိုဆိုးတာက မယ်ယက္ခ. . .။ မယ်ယက္ခက ချစ်ရင်ထူးရဲ့အစ်မသုံးယောက် ကားပေါ်ကနေ တုတ်တွေကိုင်ပြီး ပြေးဆင်းလာကတည်းက အကွယ်ကနေ လစ်ပြေးတော့တာ ခလုတ်တိုက်ပြီး ဖိနပ်တစ်ဖက်ကျွတ်သွားတာတောင် ပြန်ကောက်မစီးဘူး။



BURMESE CLASSIC .com

## နင့်ရဲ့. . ငါ့ရဲ့. . လူကြားတွေရဲ့

"အားလာလာ. . . ဆန်ပြုတ်လေးတောင် သောက်လို့မရပါလားနော်. . . ကျွတ်ကျွတ်. . . ကျွတ်"

ဖက်တီးမက စားပွဲပေါ်မှာတင်ထားတဲ့ ဆန်ပြုတ်ပန်းကန်ထဲ သောက်မလို့ ပြင်လိုက်တဲ့ဇွန်းကို ပြန်ချထားလိုက်ရင်းက ညည်းတယ်။ လက်တွေနဲ့ ခေါင်းတွေမှာလည်း ပတ်တီးတွေက အဖွေးသား။

ပေါက်ခေါ်မကတော့ သူမနဖူးက အာလူးသီးကြီးကို သူမဘာသာ ကြပ်ထုပ်ထိုးရင်းကနေ တရှုံ့ရှုံ့နဲ့ ငိုနေတယ်။ ကျောက်ပေါက်မကကျတော့ မှန်တင်ခုံရှေ့မှာ သွားထိုင်ပြီး သူမနှာခေါင်းပေါ်ကို ပလာစတာကပ်နေရင်းကနေ. . .

"သွားပါပြီ. . . သွားပါပြီ၊ ငါ့ရည်းစားခွေးပုက ငါ့နှာခေါင်းလေးကို အချစ်ဆုံးလို့ပြောထားတာ၊ အခုတော့ ဒီတစ်ခါ ရွာကိုအလည်ပြန်ရင် နှာခေါင်းပေါ်မှာ အမာရွတ်ကြီးနဲ့ ခွေးပုကို ဘယ်လိုရင်ဆိုင်ရမှာလဲလို့. . . ဟီး. . . ဟီး. . . ဟီး. . . သူများမှာ လှတာမှ ဒီနှာခေါင်းလေးပဲရှိတာကို အခုတော့. . . ဟီးဟီးဟီး. . . . "



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပေါက်မ ငိုသံက အကျယ်ကြီး။ ဒီအချိန်မှာပဲ သူမရှေ့က မှန်တင်ခုံပေါ်မှာရှိတဲ့ပစ္စည်းတွေ တစ်ခုပြီးတစ်ခုပြုတ်ကျကုန်ပြီးတော့ အခန်းထဲကို မယ်ယက္ခရောက်လာတယ်။ ဒီတော့ သူတို့သုံးယောက်လည်း ထော့ကျိုးထော့ကျိုးနဲ့ ထကာ အတန်းစီလိုက်ကြတယ်။ ဒါပေမယ့် သုံးယောက်စလုံးက နှပ်ချေးတရှုံ့ရှုံ့နဲ့ ငိုနေကြတုန်း။

"နင်တို့ကလည်း ဘော်ဒီဂတ်လုပ်နေပြီးတော့ ဒီလောက်အသည်းနုရသလား၊ အသက်နဲ့အငေးကြီးပါဟာ၊ အဲဒီလောက်နုမနေကြစမ်းပါနဲ့၊ ငါတောင်ဘာမှမဖြစ်တဲ့ဟာကို"

မယ်ယက္ခရဲ့စကားက ဖက်တီးမတို့သုံးယောက်ကို ငိုချင်ရက်လက်တို့ဆိုသလို ဖြစ်သွားစေတယ်။ အဲဒီထဲမှာမှ သူမနှာခေါင်းမှာ ဒဏ်ရာရလို့ အကြေကွဲဆုံးဖြစ်နေတဲ့ ကျောက်ပေါက်မက ငိုသံပါကြီးနဲ့ . . .

"ဘောစိမက ထွက်မှမလာတာ ဘာဖြစ်ရဦးမှာတုန်းလို့၊ ကျွန်မတို့က ရှေ့တန်းက ထွက်တိုက်ရတာကိုး၊ အထိနာတာပေါ့ . . . ဟီး . . ဟီး . . . ဟီး . . . "

ဆိုပြီး ပြောလည်းပြောငိုလည်းငိုတယ်။ ဒီမှာတင်ပဲ ကျန်နှစ်ယောက်ကလည်း ရောယောင်ပြီး အသံထွက်ကာ လိုက်ငိုကြတော့တယ်။

"ကဲ . . . တော်ပြီ . . တော်ပြီ၊ မကြီးမငယ်ကြီးတွေနဲ့ ငိုမနေကြနဲ့တော့၊ ငါ့လောက်လှတာလည်း မဟုတ်ကြဘဲနဲ့၊ ဒီနေ့ဖြစ်ခဲ့တဲ့ကိစ္စကြောင့် နင်တို့တွေ အထိနာသွားတဲ့အတွက် မနက်ဖြန်တစ်ရက်တော့





နင်တို့ကို ငါ . . . လွတ်လပ်ခွင့်ပေးလိုက်မယ်၊ နင်တို့ဘာသာလုပ်ချင်တာလုပ်၊ ငါ့ချစ်ကိုတော့ ရည်းစားစကားသွားမပြောရဘူးနော်၊ သွားချင်ရာလည်း သွားလို့ရတယ်၊ ငါ့ချစ်ဆီကိုတော့ ယောင်လို့တောင် မသွားမိစေနဲ့ပေါ့၊ ဟုတ်ပြီလား . . . သန်ဘက်ခါကိုတော့ . . . ပုံမှန်အတိုင်း အလုပ်ပြန်ဆင်းရမယ်၊ ဒီနေ့တိုက်ကွက်က မကောင်းလို့ ငါနောက်ထပ်တိုက်ကွက်တစ်ခု စဉ်းစားထားတယ်၊ သန်ဘက်ခါကျရင် အဲဒီတိုက်ကွက်ကို အကောင်ထည်ဖော်မယ် . . . "

မယ်ယက္ခစကားကြောင့် ပေါက်ခေါမတို့သုံးယောက်စလုံး မျက်ခုံးတွေ လှုပ်သွားကြရရင်း ဖက်တီးမက နာနေတဲ့သူမမေးစေ့ကို လက်ကလေးနဲ့ အသာပင့်ထားလိုက်ပြီးမှ . . .

"ဘယ် . . . ဘယ်လို တိုက်ကွက်လဲဟင် . . . ဘောစိမ"

လို့မေးလိုက်တော့ မယ်ယက္ခက မိန့်မိန့်ကြီးပြုံးလိုက်ကာ သုံးယောက်စလုံးကို ဝေ့ဝဲကြည့်လိုက်ရင်း . . .

"ငါ့ရဲ့ချစ်ကို သူ့အိမ်မှာ သွားတောင်းမယ်လေ"


"ဖျားရေ(ဘုရားရေ) ! "



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







# ခုနစ်

ကားကိုပတ်ချာလှည့်ကြည့်ကာ တစ်ယောက်တည်းတိုင်ပတ်နေ ဟန်ရှိတဲ့ ချစ်ရင်ထူးအနားကို ချိုမီကျော်ထင်က လျှောက်သွားလိုက် တယ်။

"ဘာဖြစ်နေတာလဲ မသိဘူး"

သူမအသံလည်းကြားရော သူကလှည့်ကြည့်လာတယ်။ သူ့ရဲ့ မျက်လုံးတွေက အရောင်တွေလက်ခန့်။

"ကားသော့ကို အထဲမှာထားပြီး လော့ချလိုက်မိလို့ဗျာ၊ အဲဒါ ဘယ်လိုလုပ်ရမှန်းမသိဘူး"

"ကားက သော့ပိုမရှိဘူးလား"

"ရှိတယ်. . . ဒါပေမယ့်အိမ်မှာ"

"သွားယူမလား၊ တို့လိုက်ပို့ပေးမယ်လေ"

"သွားတော့သွားယူချင်တယ်၊ ဒါပေမယ့် အားနာစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် သူမက ပြုံးလိုက်ရင်း. . .

"အားနာရင် ကော်ဖီတစ်ခွက်လောက် လိုက်တိုက်ပေါ့ရှင်၊ အဲလောက်တော့ ဖြစ်နိုင်ပါတယ်နော်"

သူမစကားအဆုံး သူကလည်း ပြုံးတယ်။ နောက်တော့သူမကားနဲ့ပဲ သူ့အိမ်ကိုမောင်းလာဖြစ်ခဲ့ကြတယ်။

တစ်လမ်းလုံး စကားတပြောပြောနဲ့ မောင်းလာကြပြီး ချစ်ရင်ထူးတို့ခြံရှေ့ရောက်လို့ ကားလည်းရပ်လိုက်ရော ခြံထဲကနေ မမသုံးယောက်က အူယားဖားယားဟန်တွေနဲ့ ပြေးထွက်လာကြတော့တယ်။ ဘယ်လိုကနေ ဘယ်လိုအနံ့ရတယ်တော့မသိ။

"ဟဲ့. . . ဟဲ့. . . နင်ကဘယ်လိုလုပ်ပြီး သူ့ကားနဲ့ပါလာရတာလဲ၊ ဟမ်. . . ငချစ်"

"ဒါက ဘယ်လိုဖြစ်လာတာလဲ"

"ငချစ်. . . နင်ဘာဇာတ်လမ်းတွေ ကလာတာလဲ"

တစ်ယောက်တစ်ပေါက်အော်ဟစ်ကာ ပြေးလာကြတဲ့ မမသုံးယောက်ကြောင့် ချစ်ရင်ထူးက ခေါင်းနပမ်းကြီးသွားပေမယ့်လို့ ချိုမီကျော်ထင်ကတော့ နည်းနည်းမှ တုန်လှုပ်ဟန်မရှိဘဲ လက်ပိုက်ကာ ကားကိုမှီရပ်ရင်း မမသုံးယောက်အနားရောက်အလာကို စောင့်နေလိုက်တယ်။

ချစ်ရင်ထူးကတော့ မမသုံးယောက်အနားရောက်လာတာနဲ့





တစ်ပြိုင်နက် ချိုမီကျော်ထင်နဲ့ မမသုံးယောက်ကြားထဲမှာ ဝင်ရပ်လိုက်ကာ လက်တွေကို ဆန့်တန်းကာထားလိုက်ရင်း. . .

"မမတို့ ဘာမှမလုပ်နဲ့နော်၊ ကျွန်တော်ရှင်းပြဦးမယ်၊ ကျွန်တော်ရှင်းပြတာကို နား"

ချစ်ရင်ထူးစကားတောင် မဆုံးလိုက်။ အားလုံးထဲမှာ စိတ်နည်းနည်းပိုဆတ်တဲ့ မမနှစ်က ကြားထဲမှာပိတ်ကာရပ်နေတဲ့ ချစ်ရင်ထူးကို နောက်ဘက်ဆွဲဖယ်ပစ်လိုက်ရင်း. . .

"ဘာမှ နားမထောင်နိုင်ဘူး၊ နင်ဖယ်စမ်းပါ၊ သွားဝင်. . . အိမ်ထဲကို"

ပြီးတော့မှ ချိုမီကျော်ထင်နဲ့ မျက်နှာချင်းဆိုင်လိုက်ရင်း. . .

"ဒီမှာအမိ. . . မင်းကို ငါတို့မောင်နဲ့ လုံးဝသဘောမတူနိုင်ဘူးဆိုတာသိရဲ့သားနဲ့ မင်းဘာလို့ဇွတ်လိုက်ကပ်နေတာလဲ၊ ဟမ်. . . မင်း. . . လူစကားနားမလည်ဘူးလား"

"ဟား. . . မမနှစ်"

ချစ်ရင်ထူးက မမနှစ်ကို နောက်ကနေလှမ်းဆွဲကာ တားဖို့လုပ်ပြန်တယ်။ ဒီမှာတင်ပဲ မမတစ်နဲ့မမသုံးတို့က ချစ်ရင်ထူးကို တစ်ဖက်တစ်ချက်ကနေ ဖမ်းချုပ်လိုက်ကြပြီး အိမ်ထဲဘက်ကို ဆွဲခေါ်သွားကြတယ်။

"ဟာ. . . မမတစ် လွှတ်ဗျာ၊ မမသုံး. . . လွှတ်စမ်းပါဆိုဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လို့ပြောနေတယ်နော်၊ လွှတ်လို့. . . ”

ချစ်ရင်ထူးက အတင်းရုန်းတယ်။ ဒါပေမယ့် မမတစ်နဲ့သုံးတို့က နှစ်ယောက်အားဖြစ်တဲ့အပြင် အနည်းငယ်ခန္ဓာကိုယ်ပြည့်တဲ့လူတွေဆိုတော့ မရုန်းသာဘဲ ယက်ကန်ယက်ကန်နဲ့ အိမ်ထဲတိုင်ပါသွားတော့တယ်။

“မမနှစ်. . . မမနှစ်”

သူဘယ်လောက်အော်အော် မမတစ်နဲ့မမသုံးတို့က သူ့ကိုတရွှတ်တိုက်မတတ် ဆွဲခေါ်ကာ အိမ်ထဲဘက်ကိုတွန်းပို့ထည့်လိုက်ပြီး အပြင်ကနေ တံခါးကိုသော့ခတ်ပိတ်ထားလိုက်ကြတယ်။ ပြီးတော့မှ တိုက်ပွဲ ဆက်ဝင်ဖို့အတွက် ခြံရှေ့ကိုပြန်ထွက်လာခဲ့ကြတယ်။

အပြင်မှာကလည်း တိုက်ပွဲက အရှိန်ရစပြုနေပြီ။

“မင်းမှာ အမှတ်သည်းခြေမရှိဘူးလား၊ ဟမ်. . . မင်းကိုငါတို့ရဲတိုင်ပြီး ဖမ်းချုပ်ခိုင်းလိုက်ရမလား. . . ပြော”

“ရဲတိုင်မယ်! ဟုတ်လား၊ ဟားဟား. . . ရယ်ချင်စရာပဲ၊ လွတ်လပ်တဲ့ လူပျိုကို လွတ်လပ်တဲ့အပျိုက လိုက်တာပဲဟာ၊ ရှင်တို့က ဘယ်လိုပုဒ်မနဲ့များ တရားစွဲမှာတဲ့လဲ၊ ဗဟုသုတရအောင် ပြောပြစမ်းပါဦး”

ချိုမီကျော်ထင့်စကားကြောင့် မမသုံးယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဘာပြောလို့ပြောရမှန်းမသိဖြစ်ကုန်တယ်။ ပြီးမှ အပြတ်ချဲမယ်ဆိုတဲ့စိတ်ကူးနဲ့ နားမှာနားကြပ်တပ်





ထားတဲ့ မမတစ်က. . .

“အို. . . ဘာပဲဖြစ်ဖြစ်၊ နင်လုပ်ရမှာက ငါတို့မောင် ချစ်ရင်ထူးနဲ့ မပတ်သက်ဖို့ပဲ၊ ငါတို့က ငါတို့မောင်ကို ငါတို့သဘောတူကြည်ဖြူတဲ့ မိန်းကလေးမျိုးနဲ့ပဲ ပေးစားမှာဟဲ့၊ သိရဲ့လား၊ နင်နဲ့တော့ လုံးဝမပေးစားနိုင်ဘူး၊ နင့်ပုံစံနင့်အချိုးတွေကို ငါတို့နည်းနည်းမှ မကြိုက်ဘူး၊ ဒါပဲ”

“ရော်. . . ခက်တော့နေပါပြီ၊ ရှင်တို့ကတော့ မိန်းမအချင်းချင်း ဘယ်ကြိုက်ပါ့မလဲ၊ ချစ်ရင်ထူးကတော့ ယောကျ်ားလေးလေ၊ သူကတော့ ကြိုက်ချင်လည်းကြိုက်မှာပေါ့၊ မဟုတ်ဘူးလား”

“မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ မကြိုက်ဘူး၊ ငါတို့မောင်က ငါတို့စကားတစ်ခွန်းပဲဟဲ့၊ သိရဲ့လား၊ တစ်သက်လုံးက ငါတို့ထိန်းချုပ်မှုအောက်မှာပဲ နေထိုင်လာတာ၊ နင်သာ မာယာမများနဲ့. . . ”

မမသုံးစကားအဆုံး မမနှစ်က ဝင်ပြောပြန်တယ်။

“ဟုတ်တယ်၊ နင်. . . ငါတို့မောင်နဲ့ ကင်းကင်းနေပါ၊ လုံးဝမပတ်သက်ပါနဲ့၊ နောက်တစ်ခါ နင့်ကိုငါတို့မောင်လေးရဲ့ ပတ်ဝန်းကျင်မှာတွေ့လို့ကတော့. . . ဒီမှာတွေ့လား”

မမနှစ်က လက်ထဲမှာအသင့်ကိုင်လာတဲ့ ခရမ်းချဉ်သီးတစ်လုံးကို ဗျစ်ခနဲနေအောင် ညှစ်ပြလိုက်ရင်း. . .

“တွေ့တယ်မလား၊ နင့်ဘဝကြီးလည်း အဲဒီလိုဖြစ်သွားမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတ်နေလဲ"

မမနှစ်က အဲဒီလိုပြောတော့ ချိုမီကျော်ထင်က မထိတထိပြုံးလိုက်ရင်း. . .

"ဟင်း. . . ချိုမီကျော်ထင့်အကြောင်းကိုလည်း အရင်နေခဲ့တဲ့ စမ်းချောင်းဘက်မှာ သွားစုံစမ်းကြည့်လိုက်ဦး"

ချိုမီကျော်ထင်က စကားကိုခဏဖြတ်ထားကာ သူမခေါင်းကို သူမ လက်ညှိုးထိုးပြလိုက်ရင်း. . .

"ဟောဒီခေါင်းမှာ ဘာတွေရှိမယ်ထင်သလဲ"

လို့ မမသုံးယောက်လုံးကို ဝေ့ဝဲကြည့်ပြီး မေးလိုက်တယ်။ ဒီတော့ မမသုံးက နှုတ်ခမ်းကိုရွဲ့လိုက်ရင်း. . .

"ညည်းခေါင်းမှာရှိတာ ငါတို့က ဘယ်လိုလုပ်သိမှာလဲဟဲ့၊ ငါထင်တာပြောရရင်တော့ ညည်းခေါင်းထဲမှာ သန်းတွေဖောက်တွေပဲရှိမှာပေါ့. . . ဟုတ်တယ်မလား. . . တစ်နဲ့နှစ်"

"ဟုတ်ပါ့. . . ဟုတ်ပါ့. . . ဟင်းဟင်းဟင်း"

မမသုံးယောက်က ခွက်ထိုးခွက်လန်ရယ်ကြတယ်။ ဒီတော့ ချိုမီကျော်ထင်စိတ်က ထောင်းခနဲဖြစ်သွားရပြီး. . .

"တိတ်! ဘယ်က သန်းတွေဖောက်တွေရှိရမှာလဲ၊ လူကိုများ ရှင်တို့လို ညစ်တီးညစ်ပတ် ခေါင်းမထွက်တဲ့ ဈေးပေါင်ကျိုးဘူးသီးပုပ်ကြီးတွေများ အောက်မေ့နေလား၊ ဒီက သန့်သန့်လေးမှ သန့်သန့်





လေး၊ ချိုမီကျော်ထင်တို့သာ စိတ်ရှိလို့လိုက်ချင်ရင် ဘယ်ယောကျ်ားပဲဖြစ်ဖြစ် လက်ဖျောက်တစ်ချက်တီးလိုက်ရုံပဲသိလား၊ တကယ်ဆို ကျွန်မက ရှင်တို့မောင်ကိုလိုက်နေတာ ရှင်တို့ဘက်က ဂုဏ်တောင်ယူရဦးမှာ. . . ဟောဒီခေါင်းကို သေချာကြည့်ထား (ချိုမီကျော်ထင်က သူမခေါင်းကို လက်ညှိုးထိုးပြလိုက်ရင်း)၊ ဒီခေါင်းထဲမှာ အမာရွတ်တွေချည်းပဲ"

"ဟင်. . . ဟုတ်လား၊ ဒါဆိုညည်းငယ်ငယ်က ဒက်ပေါက်ခဲ့လို့နေမှာပေါ့"

"ဘာတွေလာပြောနေတာလဲ၊ ဘယ်တုန်းကမှ ဒက်မပေါက်ဖူးဘူး၊ ရန်ဖြစ်ထားတာ. . . ရန်ဖြစ်ထားတာ၊ ကြောက်စိတ်တစ်စက်မှမရှိဘူး၊ ဒီကလည်း ဇ နဲ့ ဆိုတာကိုပြောချင်တာ၊ သဘောပေါက်ကြလား၊ မယုံရင် စမ်းချောင်းတစ်ဝိုက်မှာ သွားမေးကြည့်လိုက်ဦး၊ ဆယ်တန်းနှစ်လောက်က ကျွန်မပညာပေးလိုက်တဲ့တစ်ယောက် အခုထိ သတိပြန်ရမလာသေးဘူး၊ ပေါက်တယ်နော်"

ဟုတ်တယ်၊ မဟုတ်တယ်တော့ မသိဘူး။ မမသုံးယောက်ကတော့ ချိုမီကျော်ထင့်ကို နည်းနည်းရှိန်သွားကြတယ်။ ချိုမီကျော်ထင်ကတော့ မမသုံးယောက်လုံးကို နုပါသေးတယ်ဆိုတဲ့အထာနဲ့ ကြည့်လိုက်ပြီးမှ ကားပေါ်တက်လိုက်တယ်။ ပြီးတော့ ကားစက်နှိုးလိုက်ရင်း ဘေးမှန်က လျှောကျလာကာ ချိုမီကျော်ထင်ခေါင်းက ကားထဲက ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာပြန်တယ်။

"ဩော်. . . ပြောဖို့မေ့သွားလို့၊ အပန်းမကြီးဘူးဆိုရင် ချစ်ရင်ထူးကို ပြောပေးစမ်းပါ၊ ကျွန်မက သူ့ကို တစ်သက်လုံးအတွက်ရည်ရွယ်ထားတာ၊ အဲဒါကြောင့် ရအောင်ယူမှာလို့ ပြောပေးနော်"

ပြောပြီး ချိုမီကျော်ထင်က ကားကိုဝေါခနဲနေအောင် မောင်းထွက်လာခဲ့လိုက်တယ်။ မမသုံးယောက်ကတော့ နောက်နားမှာ ဆတ်ဆတ်ခါပြီး ခုန်ပေါက်ကျန်နေခဲ့လေရဲ့။





မမသုံးယောက်က သူတို့ရှေ့မှာ ထိုင်နေတဲ့ မယ်ယက္ခကို အံ့ဩတကြီး ကြည့်နေမိကြတယ်။ ကြည့်စမ်းပါဦး။ အားမနာ လျှာမကျိုး။ ပြောထွက်လိုက်တာ။ ဒင်းက ချစ်ရင်ထူးကိုလာတောင်းတာတဲ့။ ပုံစံက အသားတိုးဝက်မကြီး အဆီပိတ်နေတဲ့ ဒီဇိုင်းနဲ့။ သူ့လိုပုံစံမျိုးတော့ လမ်းဆုံလမ်းခွမှာ ဒစ်စကောင့်ချရောင်းတောင် ဘယ်သူမှမဝယ်ဘူး။

ပြီးတော့ သူမနောက်မှာ မတ်တပ်ရပ်နေတဲ့ ဘော်ဒီဂတ်ဆိုတဲ့ သုံးယောက်ကိုလည်းကြည့်ဦး။ အထက်အောက် အနက်ရောင်ကုတ်အကျီနဲ့ ဘောင်းဘီကိုဝတ်ထားပြီး နေကာမျက်မှန်တွေကလည်းတပ်ထားသေးတယ်။ ပြီးတော့ရုပ်တွေကလည်း တစ်ယောက်မှကြည့်မဖြစ်ဘူး။ ခေတ်စကားနဲ့ပြောရရင် ဆိုးလိုက်တာမှ နိုင်းလောက်ရှိတယ်ဆိုတာလိုပဲ။ လူနဲ့ကို မတူ။ အားလုံးက ဂြိုဟ်သူမတွေလိုလို ဘာလိုလို။ ဦးနှောက်တွေမှ မှန်ကြရဲ့လားမသိ။ တစ်ခန်းစီလောက်များ လွတ်နေကြသလား မပြောတတ်။

မမနှစ်က ခင်ကြီးကျယ်သီချင်းထဲမှာ နန်းစုရတီစိုးလုပ်သွားသလို "အံ့ရောဟယ်. . . အံ့ရော. . . အံ့ရော" ဆိုတဲ့ ဒီဇိုင်းမျိုးနဲ့ မယ်ယက္ခကိုကြည့်လိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"စောစောကစကားကို တစ်ခါလောက် ထပ်ပြောပြစမ်းပါ၊ အိပ်မက်များ မက်နေတာလားလို့"

ဆိုတော့ မယ်ယက္ခက အပျိုဖြန်းလေးတစ်ယောက်လို ရှက်သွေးဖြာသွားတဲ့ပုံစံလေး ကောက်ဖမ်းလိုက်ရင်း. . .

"သမီးကို ချစ်ရင်ထူးနဲ့ ပေးစားနိုင်မလားလို့ပြောတာပါ၊ သမီးက ချစ်ကို သားမှတ်မှတ်လင်မှတ်မှတ်ပေါင်းမှာပါ၊ သမီးကရှက်တတ်ပါတယ်ဆိုမှ အန်တီတို့ကလည်း တစ်ခါတည်းနဲ့သဘောမပေါက်ဘူး၊ ထပ်ခါထပ်ခါပြောနေရတော့တာပဲ. . . အဟင်းဟင်းဟင်း"

သူတို့မောင်ကို လာတောင်းလို့ တင်းနေပါတယ်ဆိုမှ မယ်ယက္ခဆီက အန်တီတို့ကလည်း ဆိုတဲ့အသုံးအနှုန်းမျိုးလည်း ထွက်လာရော မမသုံးယောက်စလုံးက "မခံစားနိုင်တော့ဘူး၊ မခံစားနိုင်တော့ဘူး" ဖြစ်သွားကြတယ်။ ပထမဆုံး ပေါက်ကွဲထွက်လာတာက မမတစ်။ မမတစ်က နားမှာနားကြပ်တပ်ထားတာမို့ ဒီတစ်ခါတော့ စကားလုံးတိုင်းကို ပီသစွာကြားတယ်။ ဒီတော့ ဘယ်ပြောကောင်းမလဲ။

"ညည်းနှယ်အေ. . . ညည်းရုပ်ညည်းရည်နဲ့များ ငါတို့မောင်ကို လာမှန်းရဲသေးတာအံ့ပါ့၊ တစ်နေကုန်ထိုင်ကြည့်လို့မှ ရင်ခုန်စရာတစ်ကွက်မှမရှိတဲ့ရုပ်၊ စဉ်းစဉ်းစားစားလည်း ပြောစမ်းပါ"

ဆိုတော့ မမနှစ်ကလည်း နှုတ်ခမ်းကို နားရွက်တက်ချိတ်မတတ် မဲ့ရွဲ့လိုက်ရင်း. . .





"ဟုတ်ပါ့ ဟုတ်ပါ့၊ ညည်းကိုယ်ညည်းသည်း မှန်နဲ့ပြန်ကြည့်စမ်းပါဦး၊ သရဲတောင်ပြေးမယ့်ရုပ်မျိုး၊ ငါ့မောင်လေးက လုပ်လည်းကျွေးရဦးမယ်၊ အလုပ်ကမောမောနဲ့ပြန်လာလို့မှ ကိုယ့်မိန်းမမျက်နှာမြင်ရင် အမောမပြေဘဲ အမောဆို့သွားမယ့်ရုပ်မျိုး၊ တော်ရုံတန်ရုံမှန်းစမ်းပါအေ၊ လူကြားလို့မှ မကောင်း၊ ရောင်းမထွက်လို့ ဈေးပေါင်ကျိုးနေတဲ့ ဘူးသီးပုပ်ရုပ်နဲ့များ ငါတို့မောင်လို ရွှေခရမ်းသီးကို လာခူးရတယ်လို့"

မမနှစ်က မနေ့တုန်းက သူတို့ခံလိုက်ရတဲ့ ချိုမီကျော်ထင်ရဲ့ အလုံးနဲ့ မယ်ယက္ခကို ပြန်နှပ်လိုက်တယ်။ အပြောခံရတော့သာ မစားသာတာ။ ကိုယ်ကပြောရတဲ့ အလှည့်ရောက်တော့လည်း အရသာရှိလိုက်တဲ့ အလုံး(စကားလုံး)။

တစ်ယောက်ပြီးတစ်ယောက်နှပ်တာကို ခံနေရတော့ မယ်ယက္ခမျက်နှာကလည်း မန်ကျည်းရွက်(ဇီးရွက်ထက်သေးပါ၏)လောက်ဖြစ်နေပြီ။ ဒီအချိန်မှာတင်ပဲ မမသုံးကလည်း ငါ့အလှည့်ရောက်ပြီဆိုတဲ့ ပုံစံမျိုးနဲ့ ချောင်းဟန့်လိုက်ရင်း. . .

"အဟွမ်း. . . အဟွမ်း. . . ဟုတ်ပါ့အေ၊ ငါတို့မောင်ရွှေမင်းသားလေးကိုများ ညည်းလို ဗိုက်ပူနံကား ဆိုက်ကားမဆံ့တဲ့ ခန္ဓာကိုယ်မျိုးနဲ့ လာမှန်းရတယ်လို့၊ စိတ်နဲ့ပစ်မှားတာတောင် တော်တော်လွန်နေပြီ"

"ဟင်. . . အန်. . . အန်တီတို့စကားတွေက လွန်လွန်းတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ မထင်ဘူးလား၊ ဟင်. . . ကျွန်မကိုပြောနေလိုက်တာများ တစ်ခုမှကို ရစရာမရှိတော့ဘူး၊ ကျွန်မ. . . ကျွန်မက"

မယ်ယက္ခက ဘာပြောရမှန်းမသိဖြစ်ကာ စကားတွေ နင်နေတုန်းမှာပဲ နောက်နားမှာမတ်တပ်ရပ်နေတဲ့ သုံးယောက်ထဲက ပေါက်ခေါမဆီက အသံထွက်လာတယ်။

"ဘောစိမ. . . သူတို့တွေ ဘောစိမကိုပြောနေတာ တော်တော်များနေပြီ၊ လွန်လွန်းအားကြီးနေပြီ၊ မှတ်လောက်သားလောက်အောင် ကျွန်မ ပညာပေးလိုက်ရမလား"

ဆိုပြီးပေါက်ခေါမက သူမရဲ့အပေါ်အင်္ကျီအောက်က ချိုင်းကြားထဲကို နှိုက်လိုက်တော့ မယ်ယက္ခကို နင်းကန်ဖိပြောနေတဲ့ မမသုံးယောက်လန့်သွားကြတယ်။ ဒါပေမယ့် မယ်ယက္ခက နောက်ကိုတောင် လှည့်မကြည့်ဘဲ လက်တစ်ဖက်အသာကာပြထားလိုက်ရင်း. . .

"နေနေ. . . အဲဒီလောက် အကြမ်းဖက်ဖို့မလိုသေးပါဘူး၊ ဒီလိုကိစ္စမျိုးက အနုနည်းနဲ့ ဖြေရှင်းရမယ့်ကိစ္စမျိုးပါ၊ ဖက်တီးမ"

"ရှိပါတယ်. . . ဘောစိမ၊ အမိန့်ရှိပါ"

"နင်ကိုင်ထားတဲ့ အိတ်ထဲက ပစ္စည်းတွေကို ဒီရှေ့က စားပွဲပေါ်မှာ သွန်ပြလိုက်စမ်း"

ပြောပြီး မယ်ယက္ခက နဖူးပေါ်မှာပင့်တင်ထားတဲ့ နေကာမျက်မှန်အမည်းကြီးကို မျက်လုံးအောက်ဘက်ဆွဲချလိုက်တယ်။ ပြီးတော့





လက်ဖျောက်တစ်ချက်တီးလိုက်တဲ့ အခါမှာတော့ ကျောက်ပေါက်မက သူမရဲ့ အပေါ်ကုတ်အင်္ကျီကြီးထဲကနေ ဘူးသုံးဘူးကို ထုတ်ယူလိုက်ကာ မမသုံးယောက်ရှေ့မှာ တစ်ဘူးစီချပေးလိုက်ရင်း. . .

"တပ်လိုက်ကြပါ"

လို့ဆိုတယ်။ ဒါပေမယ့် မမသုံးယောက်က ကြောင်တောင်တောင် ဒီဇိုင်းတွေနဲ့ မလှုပ်ဘူး။ ဒီတော့ ပေါက်ခေါမက သုံးယောက်စလုံးကို အံကြိတ်ပြလိုက်ရင်း သူမရဲ့အပေါ်အင်္ကျီအောက်က ချိုင်းကြားထဲကို နှိုက်ပြကာ ခြောက်လိုက်တယ်။

ဒီတော့မှ မမသုံးယောက်က ပျာပျာသလဲဟန်နဲ့ ဘူးသုံးဘူးကို ကောက်ယူဖွင့်လိုက်ကြတယ်။ အထဲက ထွက်လာတာက နေကာမျက်မှန်သုံးလက်။ မမသုံးယောက်က တစ်ယောက်ကိုတစ်ယောက်ကြောင်စီစီနဲ့ ကြည့်နေကြတုန်းမှာပဲ ချိုင်းကြားထဲကိုလက်တစ်ဖက်နှိုက်ထားတဲ့ ကျောက်ပေါက်မဆီက "အဟမ်း. . . အဟမ်း" ဆိုတဲ့ ချောင်းဟန့်သံထွက်ပေါ်လာပြန်တယ်။ ဒီတော့မှ မမသုံးယောက်က အင်တင်တင်ဟန်နဲ့ မျက်မှန်တွေကို အသီးသီးတပ်လိုက်ကြတယ်။

"အန်တီတို့မျက်စိတွေ ထိခိုက်ကုန်မှာစိုးလို့ပါ၊ စေတနာနဲ့ တပ်ခိုင်းတာပါ"

မယ်ယက္ခက အထက်ပါစကားကိုပြောပြီး ခေါင်းတစ်ချက်ညိတ်ပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခိုက်မှာတင်ပဲ ဖက်တီးမက သူမလက်ထဲမှာကိုင်ထားတဲ့ အိတ်အမည်းကြီးထဲက ပစ္စည်းတွေကို မမသုံးယောက်ရှေ့က စားပွဲပေါ်ကို ဝေါခနဲသွန်ချပြလိုက်တယ်။ အထဲက ထွက်ကျလာတာက ကွမ်းသီးလုံးလောက် အရွယ်အစားရှိမယ့် စိန်တုံးတွေ။ အားလုံးချိန်ကြည့်ရင် ပြည်တောင်းနဲ့ တစ်လုံးလောက်တော့ရှိမယ်။

"ဟင်!"

"အို!"

"ဖျားရေ!"

စိန်တုံးတွေရဲ့ အရောင်နဲ့အပြိုင် မမသုံးယောက်ရဲ့ မျက်လုံးတွေက အရောင်တွေ တဖိတ်ဖိတ်လက်ကုန်ကြတယ်။ ပြီးတော့ စိန်ပုံကြီးကိုကြည့်ကာ သုံးယောက်သား ကြက်သေသေနေကြတာ အကြာကြီး။ ခဏကြာတော့မှ အရင်ဆုံးသတိဝင်လာတာက မမတစ်။

"ဒါ. . . ဒါတွေက"

ဆိုပြီး အံ့ဩလွန်းလို့ စကားတောင် ရှေ့မဆက်နိုင်။ ဒီတော့မှ မယ်ယက္ခက ပါးပါးလေးပါဆိုတဲ့ မျက်နှာပေးမျိုးနဲ့. . .

"စိန်တွေလေ. . . ဒါတောင်မှ မီးခံသေတ္တာသော့ပျောက်နေလို့ ကျွန်မအခန်းထဲက ခုတင်ဖောက်မှာ ကျနေတာလောက်ပဲ အရေးတကြီးကောက်ထည့်လာခဲ့တာ. . ."

"ဂယ်!"





မမသုံးဆီကလည်း တအံ့တဩဟန်နဲ့ မပီကလာပီကလာ အသံထွက်လာတယ်။

"တကယ်ပြောတာပါ အန်တီရယ်၊ ကျွန်မအခန်းထဲမှာ လမ်းသွားရင်တောင် စိန်တုံးတွေက ခလုတ်တိုက်နေတာ၊ အဲဒါကြောင့် တော်ရုံတန်ရုံလူတောင် ပေးမဝင်ရဲဘူး"

မမနှစ်က စိန်တုံးတစ်တုံးကို ကောက်ကိုင်ကြည့်ဖို့ပြင်တယ်။ ဒါပေမယ့် ပေါက်ခေါ်မဆီက ချောင်းဟန်သံထွက်လာတော့ လှမ်းလက်စ လက်ကို အသာပြန်ရုတ်ထားလိုက်တဲ့အချိန်မှာပဲ မယ်ယက္ခက စကားကိုဆက်တယ်။

"ကျွန်မက ဒီစိန်တွေနဲ့ ချစ်ကို တင်တောင်းမှာလေ၊ ကျွန်မက ချစ်ကို ယူပြီးရင် ခိုင်းမစားပါဘူး၊ သူများတွေလို ယောက်ျားကိုခိုင်းစားဖို့ယူတာလည်း မဟုတ်ဘူး၊ ချစ်လို့ကိုယူချင်တာ၊ စဉ်းစားပေါ့လေ၊ ရှင်တို့စဉ်းစားဦးပေါ့၊ အခုတော့ အချိန်မရလို့ ပြန်လိုက်ဦးမယ်နော်၊ စဉ်းစားပြီးရင် ကျွန်မရဲ့ကမ်းလှမ်းမှုကို အကြောင်းပြန်လိုက်ပေါ့"

မယ်ယက္ခစကားအဆုံးမှာတင်ပဲ ဖက်တီးမက စိန်တွေကို စောစောက အိတ်ထဲ ပြန်ကျုံးထည့်လိုက်တယ်။ ပြီးနောက် မယ်ယက္ခနောက်ကနေ အတန်းစီပြီး ထွက်ခွာသွားကြတယ်။

မမသုံးယောက်မှာတော့ နေရာမှာတင် ပါးစပ်အဟောင်းသားနဲ့ ကျန်နေခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကြို

မယ်ယက္ခတို့အုပ်စု အပြင်ရောက်လို့ ကားပေါ်တက်ကာနီးမှာတော့ ပေါက်ခေါမက သူမရဲ့အပေါ်အင်္ကျီတစ်ထပ်အောက် ချိုင်းကြားထဲက ရွှေငှက်ပျောသီးကြီးတစ်လုံးကို ဆွဲထုတ်ကာ ဖက်တီးမကို ကမ်းပေးလိုက်ရင်း. . .

"ဟဲ့. . . ဖက်တီးမ၊ ရော့. . နင့်ငှက်ပျောသီးကြီးကို ယူတော့၊ ငါ့ချိုင်းကြားထဲမှာ တော်တော်ယားနေပြီ"

ဆိုတော့ ဖက်တီးမက ရွှေငှက်ပျောသီးကို လှမ်းယူလိုက်ရင်းမှ. . .

"နင်ကလဲဟာ၊ ငါက ဒီစိန်အတုထုပ်ကြီးကို ကိုင်ထားရလို့ လက်မအားတာနဲ့ နင့်ဆီခဏသိမ်းခိုင်းထားတာပါ၊ ဒါလေးကူညီရတာတောင် အဖြစ်သည်းနေလိုက်တာ. . . ဟွန်း"

ပြောပြောဆိုဆို ဖက်တီးမက လက်ထဲက အထုပ်ကြီးကို ကားနောက်ခန်းထဲ ပစ်သွင်းလိုက်ပြီး ငှက်ပျောသီးကြီးကို အခွံနွှာစားလိုက်တော့တယ်။

ဩော်. . . ဟိုသုံးယောက်မှာတော့ဖြင့် ပေါက်ခေါမ ချိုင်းကြားထဲက ပစ္စည်းကို ကြောက်နေလိုက်ကြတာ။ ဖက်တီးမကတော့ဖြင့် မကြောက်တဲ့အပြင် ပလုတ်ပလောင်းတောင် ဝါးစားလို့။





အတန်းလွှတ်လို့ အခန်းထဲက ထွက်မယ်အလုပ်မှာတင်ပဲ သူ့ဟန်းဖုန်းက မြည်လာတယ်။

"ဟယ်လို"

"ချစ်ရင်ထူးလား၊ တို့ ချိုမီကျော်ထင်ပါ"

"ဟုတ်. . . သိတယ်"

"တို့ကို ကော်ဖီတိုက်မယ်လို့ပြောထားတယ်လေ၊ မေ့နေပြီလား၊ ဒါမှမဟုတ် အတိတ်မေ့ချင်ယောင်ဆောင်နေတာလား"

"ဩော့. . . မဟုတ်ပါဘူးဗျာ၊ မကြုံသေးလို့ပါ၊ တကယ်ပြောတာပါ"

သူက ပျာပျာသလဲဖြေရှင်းပြတော့ တစ်ဖက်က ခပ်တိုးတိုးရယ်တယ်။ ပြီးမှ. . .

"မကြုံရင်လည်း တမင်တကာ ချိန်းလို့ရတာပဲ မဟုတ်ဘူးလား၊ လွယ်လွယ်လေးပဲဟာကို. . . နော်"

"ဟုတ်. . . ရပါတယ်၊ ချိုမီဘက်က အဆင်ပြေမယ့်အချိန်ကို ပြောလေ၊ ကျွန်တော် တိုက်ပါ့မယ်"

"အဲလိုလုပ်စမ်းပါ၊ ဒါဆို မနက်ဖြန်ကျောင်းပိတ်တယ်ဆိုတော့ အပြင်မှာ ဆုံရအောင်လေ၊ Cupid ကိုလာခဲ့ပါလား၊ တို့စောင့်နေမယ်၊



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညနေလေးနာရီလောက်ပေါ့၊ အိုခေရဲ့လား"

"ပြဿနာမရှိပါဘူး၊ လာခဲ့မယ်လေ"

"အိုခေ. . . ဒါဆို တို့ဖုန်းချပြီနော်"

တစ်ဖက်က ဖုန်းချသွားတော့ အနားမှာရပ်နေတဲ့ ဖိုးသစ်က မျက်စတစ်ချက်ပစ်ပြလာရင်း. . .

"ဟိုတစ်ယောက်လား၊ ချိုမီကျော်ထင်"

"ဟုတ်တယ်"

"ဘာတဲ့လဲ"

"ကော်ဖီတိုက်ဖို့ ကတိပေးထားတာလေ၊ အဲဒါလိုက်တိုက်ခိုင်းနေတာ"

"ချိန်းလိုက်တယ်ဆိုပါတော့"

"အင်း"

"ဘာလဲ၊ အဲဒီတစ်ယောက်ကို ရင်ခုန်နေပြီလား"

ဖိုးသစ်စကားကို သူမဖြေဖြစ်။ ပြုံးရုံသာ ပြုံးနေလိုက်တယ်။ လက်ဝဲဘက်ရင်ဘတ်ဆီမှာတော့ မြစ်တစ်စင်းက တငြိမ့်ငြိမ့် စီးဆင်းလို့။





ဆိုင်ထဲကိုဝင်လိုက်ကတည်းက လူတွေရှင်းနေတာကို သူသတိထားလိုက်မိတယ်။ ဆိုင်ထဲမှာ သူမကလွဲပြီး အခြားဘယ်ကာစတမ်မာမှ ရှိမနေတာ အံ့သြစရာ။ သူမက သူ့ကိုမြင်တော့ လက်တစ်ဖက်ထောင်ပြတယ်။ သူက သူမရှိရာကို လျှောက်သွားလိုက်ကာ သူမနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပြီး. . .

"ဒီနေ့ ဆိုင်က လူရှင်းလှချည်လားဗျာ၊ အရင်နေ့တွေတုန်းက ဆိုရင် ဒီဆိုင်က လူတအားစည်တာ"

ဆိုတော့ သူမက သဘောတကျပြုံးလိုက်ရင်း. . .

"ဟုတ်လား၊ လူရှင်းတော့ ကောင်းတာပေါ့ရှင်၊ စကားအေးအေးဆေးဆေးပြောလို့ရတာပေါ့၊ မဟုတ်ဘူးလား"

ကော်ဖီတိုက်မယ်ကတိပေးထားသော်လည်း ပူအိုက်တဲ့ ရာသီဥတုကြောင့် နှစ်ယောက်စလုံးရဲ့ မှာယူမှုက ရေခဲမုန့်တွေသာ။



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့က ကိစ္စကို ကျွန်တော်တောင်းပန်ပါတယ်နော်၊ ကျွန်တော့်အစ်မတွေ တော်တော်လွန်သွားတယ်ထင်တယ်"

"ကိစ္စမရှိပါဘူးရှင်၊ အဲဒါတွေ ခေါင်းထဲထည့်မနေပါနဲ့၊ ရှင့်ကို လိုက်ပို့ရင် အဲဒီလိုဖြစ်မယ်ဆိုတာ သိသားပဲဟာ၊ ရင်မခုန်လောက်ပါဘူး"

"ကျွန်တော့်အစ်မတွေက အဲဒီလိုပဲဗျာ၊ ကျွန်တော့်ကိုဆို သိပ်ချုပ်ချယ်တာ"

"ဒါကတော့ ရှင်က အမျိုးကောင်းသားလေးဖြစ်နေလို့နေမှာပေါ့"

"ဟာဗျာ. . . နောက်တော့မယ်"

နှစ်ယောက်သားရယ်မိကြတယ်။ ဒီလိုနဲ့ ခဏလောက်စကားပြောအပြီးမှာတော့ သူမက သူ့ကိုတစ်ချက်စိုက်ကြည့်လာရင်း. . .

"မျက်လုံးတွေ ခဏလောက်မှိတ်ထားပေးပါလား"

တဲ့။ ဆိုင်းမဆင့်ဗုံမဆင့် ပြောလာတဲ့သူမစကားကြောင့် သူက ကြောင်တောင်တောင်နဲ့. . .

"ဗျာ"

ဆိုတော့ သူမက. . .

"အဟင်း. . . ကျွန်မ ရှင့်ကို ကိုက်မစားပါဘူး၊ ရှင့်မျက်လုံးတွေကို ခဏလောက်မှိတ်ထားပေးပါလားလို့"





"ဘာ. . . ဘာလုပ်မလို့လဲ မသိဘူး"

"မျက်လုံးတွေသာ မှိတ်ထားပေးပါ၊ ရှင်သိရမှာပေါ့၊ ဒါပေမယ့် ကျွန်မ ဖွင့်ဆိုမှဖွင့်နော်"

သူက ဘာများပါလိမ့်ဆိုတဲ့ သဘောမျိုးနဲ့ သူမကို စူးစမ်းသလို တစ်ချက်ကြည့်လိုက်မိတော့ သူမက ပြုံးစစနဲ့ မျက်စတစ်ချက်ပစ်ပြတယ်။ သဘောက "မှိတ်လေ" ဆိုတဲ့သဘော။

နောက်တော့သူလည်း ဘာမှ သိပ်ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ သူမခိုင်းသလို မျက်လုံးတွေကို မှိတ်ထားပေးလိုက်တယ်။ ဆိုင်ခန်းကလည်း အနည်းငယ်အလင်းရောင်နည်းနေတာဆိုတော့ မျက်လုံးလည်း မှိတ်လိုက်ရော အာရုံတစ်ခုလုံးက ပိန်းပိတ်အောင် မှောင်မည်းသွားတယ်။

"ကျွန်မက ဖွင့်ဆိုမှဖွင့်နော်"

ပြောပြီး သူမက ထိုင်ရာကထလိုက်ဟန်နဲ့ ရွှေ့လျားသံသဲ့သဲ့ကိုကြားလိုက်ရတယ်။ ပြီးတော့ သူ့အနားကို လျှောက်လာတဲ့ ခြေသံတွေအတော်များများကို ကြားရပြန်တယ်။ နောက်ပြီးတော့ လှုပ်ရှားသံများ။ သူကတော့ ကြားသမျှကိုအာရုံစိုက်ကာ နားထောင်ကြည့်နေမိတယ်။ ဘာမှန်းတော့ မသိသေး။ နှာခေါင်းထဲမှာလည်း ဖယောင်းနံ့လိုလို အနံ့တစ်မျိုးကိုလည်း ရှူရှိုက်မိနေသေးတယ်။

ဒီအချိန်မှာပဲ သူမရဲ့အသံက ထွက်ပေါ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးတွေကို ဖွင့်လို့ရပြီ. . . ချစ်"

သူမစကားသံအဆုံးမှာ သူက မျက်လုံးတွေကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်တယ်။ ပထမဆုံး သူ့မျက်လုံးထဲကို တိုးဝင်လာတာက အလင်းရောင်များ။ ဆိုင်ထဲက လျှပ်စစ်မီးရောင်တော့ မဟုတ်ဘူး။ ဖယောင်းတိုင်မီးလိုမျိုး မီးရောင်တွေ။ နောက်တော့ သူက မျက်လုံးတွေကို ဖျတ်ခနဲဖွင့်ချလိုက်စဉ်မှာတော့. . .

"ဟင်!"

သူ့ရဲ့အံ့ဩမှုက အထွဋ်အထိပ်ကို ချက်ချင်းဆောင့်တက်သွားရတယ်။ မြင်လိုက်ရတဲ့ မြင်ကွင်းက. . .။

ဆိုင်ထဲမှာ ထွန်းထားတဲ့မီးတွေအားလုံးကို ပိတ်ပြီးအမှောင်ချလို့။ ပြီးတော့ အသက်ခြောက်နှစ် ခုနစ်နှစ် ပတ်ဝန်းကျင်လောက်ရှိမယ့် ကလေးလေးတွေ ဆယ်ယောက်လောက်က ဖယောင်းတိုင်မီးလေးတွေကိုင်ပြီး သူ့ကိုဝန်းရံလို့။ ပြီးတော့ သူမ. . .။ သူမကလည်း သူ့ရှေ့မှာ ဒူးထောက်လို့။ သူမလက်ထဲမှာက အသည်းပုံ မိုးပျံပူပေါင်းလေးတစ်လုံး။ အဲဒီမိုးပျံပူပေါင်းလေးကိုမှ အောက်နားက ဖဲကြိုးပန်းရောင်လေးတွေ ချည်လို့။

သူက သူမကိုကြည့်ကာ မင်သက်နေတုန်းမှာပဲ သူမက သူ့ကို မော့ကြည့်လာရင်း. . .

"တို့အသည်းလေးကို လက်ခံပါလားဟင်"





ဆိုပြီး သူမလက်ထဲက မိုးပျံပူပေါင်းလေးကို သူ့ဆီကမ်းပေးလာတယ်။ သူ့ရင်ထဲ ဒိန်းခနဲမြည်ဟည်းသွားပြီး ရင်ခုန်သံတွေမြန်လာတယ်။ အဲဒီအခိုက် တစ်စုံတရာက သူ့ကိုဖမ်းယူညှို့ငင်လိုက်သလိုရှိကာ သူ့စိတ်တွေ လွတ်ထွက်သွားတယ်။

သူသတိရတဲ့ အချိန်မှာတော့ သူကလည်းပဲ သူမရှေ့မှာ သူမလို ဒူးထောက်လျက်အနေအထားနဲ့ ဖြစ်နေခဲ့ပြီ။ သူ့လက်ထဲမှာကလည်း သူမရဲ့ အသည်းပုံမိုးပျံပူပေါင်းလေးကို ကိုင်လို့။

"ဟေး. . ."

ကလေးလေးတွေရဲ့ ဝမ်းသာအားရအော်လိုက်သံက ဆိုင်ခန်းထဲမှာ ပျံ့လွင့်သွားတယ်။ ပြီးတော့ ဆိုင်ခန်းထဲက မီးတွေလည်း ဖျတ်ခနဲ ပြန်လင်းလာကြတယ်။

သူမနဲ့ သူကလည်း တစ်ယောက်ကိုတစ်ယောက် မြတ်နိုးခြင်းများစွာနဲ့ ကြည့်လို့။

"ချစ်နဲ့ ကျွန်မ. . . ချစ်သူတွေဖြစ်သွားကြပြီနော်"

သူမစကားကို သူကပြုံးကာ ခေါင်းညိတ်ပြလိုက်မိတယ်။

"ဝမ်းသာလိုက်တာချစ်ရယ်၊ လာ. . . ချစ်နဲ့ကျွန်မ ချစ်သူတွေ ဖြစ်သွားတဲ့ အထိမ်းအမှတ်အနေနဲ့ ဒီမိုးပျံပူပေါင်းလေးကို အပြင်မှာ သွားလွှတ်ရအောင်နော်"

သူနဲ့သူမက တစ်ယောက်လက်ကိုတစ်ယောက်တွဲကာ ဆိုင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ကို ထွက်လာခဲ့လိုက်ကြတယ်။ ကလေးလေးတွေကလည်း သူတို့နောက်မှာ ကပ်ပါလာခဲ့ကြတယ်။

ဆိုင်ပြင်ရောက်တော့ သူနဲ့သူမက တစ်ယောက်ကိုတစ်ယောက် ချိုမြစွာပြုံးပြလိုက်မိကြပြီးမှ မိုးပျံပူပေါင်းလေးကို ကောင်းကင်ထက် လွှင့်တင်လိုက်ကြတယ်။ ဒီအခိုက်မှာတင်ပဲ သူတို့အနားကို ကားတစ်စင်းက ထိုးရပ်လာကာ. . .

"လာစမ်း ငချစ်"

"ဟင်! မမတို့"

ဘယ်လိုကနေ ဘယ်လိုရောက်လာမှန်းမသိတဲ့ မမသုံးယောက်က သူတို့အနားကိုရောက်လာကာ မမတစ်နဲ့ မမသုံးက သူ့ကိုတစ်ဖက်တစ်ချက်ကနေ ဖမ်းချုပ်လိုက်ကြတော့တယ်။ မမနှစ်ကတော့ ချိုမိကျော်ထင့်ကို ခါးထောက်ကြည့်လိုက်ရင်း. . .

"ဒီကိစ္စ ဒီမှာတင်ပြီးပြီလို့ မှတ်ပါ၊ နောက်ထပ်ငါတို့မောင်နဲ့ ပတ်သက်ဖို့ စိတ်မကူးနဲ့၊ ဒါပဲ"

လို့ပြောကာ ချိုမီကျော်ထင်က ဘာမှပြန်မပြောရသေးခင်မှာပင် မမနှစ်က မမတစ်နဲ့မမသုံးတို့ဘက်ကို လှည့်ကာ. . .

"သူ့ကိုကားပေါ်တင်လေ၊ ဘာလုပ်နေကြတာလဲ"

သူက အတင်းရုန်းပေမယ့် မရ။ မမတစ်နဲ့မမသုံးက သူ့ကို တစ်ဖက်တစ်ချက်က တင်းနေအောင်ချုပ်ထားကြကာ ကားပေါ်ကို





တွန်းတင်လိုက်ကြပြီး သူတို့ကပါ သူ့ရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ဝင်ထိုင်လိုက်ကြတယ်။

မမနှစ်ကတော့ ရှေ့ခန်းထဲကနေ ဝင်ထိုင်လိုက်ကာ ကားကို စက်နှိုးကာ မောင်းထွက်တယ်။ သူကကားပေါ်ကနေ သူမကျန်နေခဲ့ရာ အနောက်ဘက်ကို ပြန်ကြည့်လိုက်တော့ သူတို့ကားကို ငေးကာ ကျန်နေခဲ့တဲ့ သူမကို တွေ့လိုက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ချရေဝဒီကဒို

အိမ်ရောက်ရောက်ချင်းပဲ မမသုံးယောက်က သူ့ကို သူ့အခန်းထဲအထိ ဖမ်းချုပ်တွန်းထည့်ကာ အပြင်ကနေ တံခါးကိုလော့ခ်ချထားလိုက်တော့တယ်။ ပြီးတော့ သူ့ဖုန်းကိုလည်း ယူထားကြသေးတယ်။

"မမတို့ ဘာလုပ်တာလဲ၊ တံခါးဖွင့်ဗျာ၊ ဘာလုပ်ကြတာလဲ၊ မမနှစ်၊ မမတစ်၊ မမသုံး၊ တံခါးဖွင့်လို့"

သူက အထဲကနေ တံခါးကို တဒုန်းဒုန်းထုကာ တံခါးဖွင့်ခိုင်းပေမယ့် မမတို့က ဖွင့်မပေးကြ။

"မဖွင့်ဘူး၊ နင်ကမှ ငါတို့စကားကို နားမထောင်တာ ချစ်ရဲ့၊ အဲဒီတော့ ငါတို့ကလည်း ငါတို့နိုင်တဲ့နည်းနဲ့ ကိုင်ရတာပေါ့၊ မနက်ဖြန်ကစပြီး နင်ကျောင်းသွားစရာလည်း မလိုတော့ဘူး"

"ဟာ. . . မမတို့အဲဒီလိုမလုပ်နဲ့နော်၊ ကျွန်တော် ကလေးလည်း မဟုတ်တော့ဘူး"





"ကလေးမဟုတ်လို့ နင့်ကိုအခုလို လုပ်တာပေါ့ဟဲ့၊ ကလေးသာဆိုရင် တုတ်နဲ့ရိုက်ပြီး ဆုံးမပစ်လိုက်တယ်၊ နင့်ကို အဲဒီကောင်မနဲ့ လုံးဝသဘောမတူပါဘူးလို့ ပြောထားရဲ့သားနဲ့၊ နင်က ရှေ့ဆက်တိုးတာကိုး၊ အဲဒီကောင်မက နင့်ကိုတကယ်ချစ်လို့များထင်နေလား၊ နင့်ရမယ့်အမွေတွေကို မက်လို့ဟဲ့၊ သိရဲ့လား၊ ရပြီးရင်လည်း နင့်ကို ဟိုက ခိုင်းစားဦးမှာ"

"ဟာ. . . မသိဘူးဗျာ၊ မသိဘူး၊ ကျွန်တော့်ကို တံခါးဖွင့်ပေးနော်၊ မမတို့ တံခါးဖွင့်မပေးရင် ကျွန်တော် ဝရန်တာကနေ ခုန်ချလိုက်မှာ၊ ဘာမှတ်နေလဲ"

သူက ကြောက်မလားလို့ ခြောက်ကြည့်လိုက်ပေမယ့် မမတို့ရဲ့ တုန့်ပြန်မှုကလည်း သင်းပါတယ်။

"အောင်မလေး. . . သတ္တိရှိရင် လုပ်လိုက်လေ၊ ဟိုကောင်မကို မရလို့ ကိုယ့်ကိုကိုယ် သတ်သေမယ်ဆိုရင်လည်း သေပေါ့၊ ငါတို့ကလည်း နင့်ကို ဟိုကောင်မနဲ့ ပေးစားမယ့်အစား နင့်အလောင်းကိုပဲ ဝရန်တာအောက်ကနေ စောင့်ကောက်နေလိုက်မယ်၊ ရှင်းလား"

ပြောမယ့်သာပြောရတာပါ။ ဝရန်တာက ခုန်ချရလောက်အောင်လည်း သူ့မှာသတ္တိမရှိပါဘူး။ ဒီတော့ ခုတင်ပေါ်မှာပဲ မှောက်အိပ်ငိုနေလိုက်မိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com







# ၂၈

မမသုံးယောက်က ညှော်ခန်းထဲမှာထိုင်ကာ ခေါင်းချင်းရိုက်နေကြတယ်။ သူမတို့သုံးယောက်စလုံးက ချိုမီကျော်ထင်နဲ့တော့ ချစ်ရင်ထူးကို လုံးဝသဘောမတူနိုင်ဘူးလေ။ အဲဒီတော့ ချစ်ရင်ထူးကို ချိုမီကျော်ထင်နောက်ပါမသွားခင် သူမတို့က လက်ဦးမှုရယူပြီး အိမ်ထောင်ချပေးဖို့ ပြင်ကြတယ်။

“အဲဒီဂျစ်ကန်ကန်မနဲ့စာရင် တစ်နေ့က လာတောင်းတဲ့ စည်ပိုင်းမကြီးလေ၊ ဘယ်သူနာမည်က”

“မယ်ယက္ခလေဟာယ်”

“အေးအေး. . . . အဲဒီမယ်ယက္ခကိုမှ သဘောကျသေးတယ်၊ ပြီးတော့ သူက ငါတို့မောင်လေးကို ခိုင်းစားမှာလည်းမဟုတ်ဘူး၊ ပုံစံက ပုံဆိုးပန်းဆိုးကြီးဆိုပေမယ့် သူနဲ့သာ ချေစ်ကိုပေးစားလိုက်ရင် ချေစ်



www.burmeseclassic.com

www.burmeseclassic.com



ဘဝက တစ်သက်လုံးဘာအလုပ်မှ လုပ်စရာမလိုတော့ဘူးဟဲ့"

"ဟုတ်တယ်နော်၊ တစ်နေ့က တင်တောင်းမယ်ဆိုပြီး ယူလာတဲ့ စိန်တွေကလည်း နည်းတာမဟုတ်ဘူး"

"ဒါပေမယ့် ငချစ်က ယူဦးမှကိုး"

"ဩော်. . . မမတစ်ကလည်း နှစ်တို့က ကောင်းမယ်ထင်လို့ စီစဉ်တာပဲဟာ၊ သူလက်ခံရမှာပေါ့၊ သူ့ဘဝကောင်းစားအောင်လို့ လုပ်တာပဲဟာ"

"ဒါတော့ဒါပေါ့၊ ဒါပေမယ့် မယ်ယက္ခကိုလည်း တစ်နေ့က ငါတို့ဖဲ့လွှတ်လိုက်တာ တော်တော်များတယ်လေ၊ အခုမှ ငါတို့က အောက်ကပြန်ဝင်ရင် မျက်နှာပူစရာကြီးဖြစ်နေမှာပေါ့"

"အို. . . ဘာဖြစ်ဖြစ်မမတစ်ရယ်၊ သုံးတို့မောင်လေးအတွက်ပဲဟာ၊ မျက်နှာပူလည်း ရေခဲရေနဲ့ပြန်သစ်ပစ်လိုက်မယ်၊ သေချာစဉ်းစားကြည့်ရင် မယ်ယက္ခက ငချစ်အတွက် ရတနာသိုက်ကြီးပဲ"

သုံးယောက်သား အတွေးကိုယ်စီနဲ့ ငြိမ်သွားကြပြန်တယ်။ ပြီးမှ မမတစ်ဆီက တွေးဆဆနဲ့ အသံထွက်လာတယ်။

"ဒါဆို ငါတို့ဒီကိစ္စကို ဘယ်တော့အကောင်အထည်ဖော်ကြမလဲ"

ဆိုတော့ မမနှစ်က ဆုံးဖြတ်ချက်ကို ဒုံးဒုံးချလိုက်ဟန်နဲ့ ခေါင်းတစ်ချက်ကို ဆတ်ခနဲညိတ်လိုက်ရင်း. . .





"ညတာရှည်ရင် အိပ်မက်များတယ်၊ သိပ်ရှည်ရှည်ဝေးဝေးစဉ်းစားမနေနဲ့၊ မနက်ဖြန်ပဲ အကောင်အထည်ဖော်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က အောက်စည်းမှာနေခဲ့ရပေမယ့် အခုကျတော့ မယ်ယက္ခက အပေါ်စည်းက ရောက်သွားပြီ။ ဒီတော့ မယ်ယက္ခက ချိုးပူးအိုက်တင်ခံတဲ့အနေနဲ့. . .

"ရှင်တို့ပြောတော့ ကျွန်မရုပ်က တစ်နေကုန်ထိုင်ကြည့်လို့မှ တစ်စက်ကလေးတောင် ရင်ခုန်စရာရှာမတွေ့တဲ့ မျက်ခွက်ဆို"

ဆိုပြီး ခြေချိတ်ထိုင်နေရင်းကနေ ပြောလိုက်တယ်။ ဒီတော့ မမနှစ်က မျက်နှာကို အချိုဆုံးပြုံးထားရင်းကနေ. . .

"ဩော်. . . ဟော်ဟော်၊ ညလေး(ညီမလေး)ကလည်း မမတို့က အဲဒီနေ့က ညလေးကိုစလိုက်တာပါ၊ ညလေး(ညီမလေး)က တကယ် ထင်သွားတာကိုး. . . ဟင်း. . . ဟင်း. . . ဟင်း"

လို့ လျှောချရတယ်။ ဒါပေမယ့် မယ်ယက္ခမျက်နှာထားက သိပ်စိတ်မဝင်စားသေးတဲ့ ပုံစံမျိုးမှာပဲ ရှိနေသေးကာ. . .

"ပြီးတော့ ပြောပါသေးတယ်၊ ဘာတဲ့. . သရဲပြေးတဲ့ရုပ်ဆို၊ ဈေးပေါင်ကျိုးနေတဲ့ ဘူးသီးပုပ်ကြီးဆိုလား"





မယ်ယက္ခစကားအဆုံး မမသုံးက မယ်ယက္ခနဲ့ မျက်နှာချင်းဆိုင် ထိုင်နေရာကနေ မယ်ယက္ခဘေး ထသွားလိုက်ကာ. . .

"ညှင်းညှင်းညှင်း. . . ညီမလေးကလည်း မမတို့က နောက်တာပါဆိုနေမှ၊ စိတ်မဆိုးနဲ့တော့နော်"

"ဟုတ်ပါတယ်ညီမလေးရယ်၊ မမတို့က ညီမလေးကို စတွေ့လိုက်ကတည်းက မမတို့မောင်လေးနဲ့ တန်းပြီးတော့ သဘောတူသွားတာ၊ အဲဒါကြောင့် ချစ်စနိုးနဲ့စလိုက်မိတာပါ၊ စိတ်မဆိုးနဲ့တော့နော်၊ နော်. . လို့"

မမသုံးယောက်က မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို စိန်ထုပ်ကြီးမျက်နှာနဲ့ မယ်ယက္ခကို ဖားကြတော့တယ်။ အဲဒီလို အမျိုးမျိုးလှည့်ပတ်ပြောတော့မှ မယ်ယက္ခက ဒီတစ်ခါတော့ ယုံပေးလိုက်မယ်ဆိုတဲ့ အထာနဲ့. . .

"တကယ်ပြောတာလား၊ စတာဆိုတာ"

"အော. . . ဒါပေါ့၊ တကယ်ပါဆို"

"ကောင်းပြီလေ၊ ယုံပေးလိုက်ပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ လိုက်လျှောရမယ်"

မယ်ယက္ခစကားကြောင့် မမသုံးယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြရင်း. . .

"ဘာ. . . ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မမတစ်ရဲ့ စကားအဆုံး မယ်ယက္ခက အားလုံးကိုဝေ့ဝဲကြည့် လိုက်ကာ. . .

"မင်္ဂလာပွဲကို တစ်ပတ်အတွင်း ရအောင်စီစဉ်မယ်ဆိုတာပဲ"

"ဗုဒ္ဓေါ!"

မမသုံးယောက်ဆီက ထွက်လာတဲ့ အာမေဋိတ်သံက တစ်ပြိုင် တည်း။





မမသုံးယောက်ယူလာပြတဲ့ ဓာတ်ပုံထဲက မိန်းမကိုအမြင်မှာ တော့ ချစ်ရင်ထူးမျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားရတော့တယ်။

"ဟင်. . . ဒါ. . . ဒါကြီးကို ယူရမယ်၊ ဟုတ်လား"

"အင်းလေ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ မမတို့မျက်လုံးတွေ ကောင်းရောကောင်း သေးရဲ့လားဗျာ၊ တိမ်တွေဘာတွေများစွဲနေကြသလား၊ ဆေးခန်းလေး ဘာလေးလည်း သွားပြကြပါဦး၊ ဒီလောက်ပုံဆိုးပန်းဆိုးကြီးကို ကျွန်တော် က ယူရမှာလား၊ မယူနိုင်ဘူးနော်၊ ကျွန်တော်က ချိုမီ့ကိုပဲယူမှာ"

ချစ်ရင်ထူးစကားကြောင့် မမသုံးယောက်ရဲ့ခေါင်းတွေက ဆတ် ခနဲ ဖြစ်သွားကြတယ်။

"မယူရဘူး၊ အဲဒီမိန်းကလေးနဲ့ မင်းကိုလုံးဝသဘောမတူဘူး ဆိုတာ ဘယ်နှခါပြောရမလဲ"

"ယူမှာပဲ၊ ကျွန်တော် သူ့ကိုပဲချစ်တယ်"

"မယူရဘူး၊ မယ်ယက္ခကိုပဲ မင်းယူရမယ်၊ မယ်ယက္ခက ရုပ်မ



www.burmeseclassic.com

www.burmeseclassic.com



ချောပေမယ့် ရတနာသိုက်ကြီးဟဲ့၊ သိရဲ့လား၊ သူနဲ့သာရရင် နင့်ဘဝ တစ်သက်လုံး ဘာအလုပ်မှကို လုပ်စရာမလိုတော့ဘူး၊ အဲဒါကိုနားလည်ရဲ့လား"

"မသိဘူးဗျာ၊ ကျွန်တော်ကတော့ ချိုမီကလွဲရင် ဘယ်သူ့ကိုမှ မယူနိုင်ဘူး၊ အဲဒီမယ်ယက္ခကို ယူမယ့်အစား ဘုန်းကြီးပဲတစ်သက်လုံး ဝတ်လိုက်မယ်"

သူက အပြတ်ပြောကာ ခုတင်ပေါ်တက်ကာ စောင်ခေါင်းမြီးခြုံပြီး အိပ်နေလိုက်တယ်။

"အေး. . . ငါတို့ကလည်း နင့်ကို မယ်ယက္ခနဲ့ကလွဲပြီး ဘယ်လိုမိန်းမနဲ့မှ သဘောမတူနိုင်ဘူးဆိုတာကို နင့်ခေါင်းထဲမှာ သိထား၊ နင်နဲ့ မယ်ယက္ခရဲ့ မင်္ဂလာပွဲကို တစ်ပတ်အတွင်းရအောင်စီစဉ်မယ်၊ ဒါပဲ"

မမသုံးယောက် သူ့အခန်းထဲက ပြန်ထွက်သွားတဲ့အသံကို ကြားလိုက်ရတော့မှ သူက ခုတင်ပေါ်ကဆင်းကာ အခန်းတံခါးကို အသာသွားဖွင့်ကြည့်တယ်။ ဒါပေမယ့် မရပါဘူး။ မမသုံးယောက်က အပြင်ကနေ သော့ကို မမေ့မလျော့ ခတ်သွားကြပါတယ်။





ချစ်ရင်ထူးရဲ့ ဖုန်းက မြည်လာတာမို့ မမသုံးယောက်က ဖုန်းမှာပေါ်လာတဲ့ နာမည်ကိုကြည့်ပြီး တစ်ယောက်နဲ့တစ်ယောက် မျက်စတွေ ပစ်လိုက်မိကြတယ်။

"ချိုမီဆိုတော့ အဲဒါဟိုကောင်မပဲဖြစ်ရမယ်"

"အင်း. . . ဟုတ်တယ်"

"နင်ကိုင်လိုက် နှစ်"

မမသုံးရဲ့ စကားအဆုံး မမနှစ်က လည်ချောင်းကိုအဟမ်းဆိုပြီး တစ်ချက်ရှင်းလိုက်ပြီးမှ. . .

"ဟယ်လို"

လို့ ခပ်ဆတ်ဆတ်ထူးလိုက်တယ်။

"ချစ်လားဟင်"

"ဘယ်ကချစ်လဲ၊ ဒီမှာ ချစ်လည်းမရှိဘူး၊ ဖြူးတီးလည်းမရှိဘူး၊ ရွှေတရော်လည်းမရောင်းဘူး၊ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



မမနှစ်က ဦးအောင်ကောထားလိုက်ပြီး ဘေးနားမှာရပ်ကာ နားစွင့်နေတဲ့ မမတစ်နဲ့မမသုံးကို လက်မထောင်ပြလိုက်တယ်။ တစ်ဖက်ကအသံက ခဏငြိမ်သွားပြီးမှ. . .

"ဒါချစ်ဖုန်းမဟုတ်ဘူးလား၊ ကျွန်မသူနဲ့ စကားပြောချင်တယ်၊ သူ့ကို ဖုန်းပေးလိုက်ပါ၊ ဒါနဲ့ အခုဖုန်းကိုင်တာ ဘယ်သူလဲ"

"အောင်မယ်မယ်၊ လေသံကမာလှချည်လား၊ ငါသူ့အစ်မပဲ၊ ဘာကိစ္စရှိလို့လဲ. . . ပြော"

"ကျွန်မက သူနဲ့ပြောချင်တာ"

"သူမအားဘူး၊ ငါနဲ့ပဲပြော"

"သူက မအားရအောင် ဘာလုပ်နေလို့လဲ၊ ကျွန်မသူနဲ့ပဲပြောချင်တယ်၊ သူ့ကိုဖုန်းပေးလိုက်ပါ"

"ရော်. . . ညည်းတယ်ခက်ပါလား၊ သူမအားပါဘူးဆိုနေ၊ သူ့မင်္ဂလာကိစ္စအတွက် စီစဉ်နေတယ်၊ ယားလို့တောင် မကုတ်အားဘူး"

"ဘယ်လို. . . သူက မင်္ဂလာဆောင်တော့မယ်၊ ဟုတ်လား"

"ဟုတ်ပါ့ရှင်၊ ဟုတ်ပါ့၊ သူ့ကောင်မလေးက သူ့ဒွေးမျိုးရိုးလေ၊ မျိုးနဲ့ရိုးနဲ့ကို ချမ်းသာလာတာ၊ ပြီးတော့ သူတို့နှစ်ယောက်ကလည်း တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်မခွာရက်တွေဖြစ်လာတာနဲ့ မင်္ဂလာပွဲကို အားချင်းစီစဉ်နေကြတာ. . . ဟင်း. . . ဟင်း. . . ဟင်း"

"ကျွန်မ မယုံဘူး"





"အိုအေ. . . မယုံလည်း မတတ်နိုင်ဘူး၊ ညည်းဘာသာယုံချင်ယုံ၊ မယုံချင်နေ၊ အခု ငါတို့လည်း ညည်းနဲ့ဖုန်းပြောနေဖို့ အချိန်မရှိဘူး၊ ဒီဖုန်းကိုလည်း နောက်ထပ်မဆက်နဲ့တော့. . . ဒါပဲ"

မမနှစ်က ဖုန်းကိုချလိုက်ပြီး ပါဝါပါပိတ်ပစ်လိုက်တယ်။ ပြီးတော့မှ သုံးယောက်သား လက်ဝါးချင်းတွေ တဖြောင်းဖြောင်းရိုက်လိုက်ကြပြီး သူတို့လုပ်ရပ်အတွက် သူတို့ဘာသာ သဘောကျနေကြတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ချစ်ရင်ထူးစိတ်ပါလို့ လုံးဝမဖြစ်နိုင်ဘူး၊ ငါ့အထင်ပြော ရရင် သူ့အစ်မတွေ ဇွတ်စီစဉ်တာပဲဖြစ်ရမယ်"

သီတာထိန်လင်းရဲ့စကားကို ချိုမီကျော်ထင်က ခေါင်းညိတ် တယ်။

"ဟုတ်တယ်၊ ငါလည်း အဲလိုပဲထင်တယ်၊ ချစ်က ငါ့ကိုအဖြေ ပေးပြီးသားပဲဟာ၊ သူ ငါ့ကို သစ္စာမဖောက်ဘူးဆိုတာ ငါယုံတယ်၊ ပြီးတော့ အခုတလော ချစ်ကျောင်းမလာတော့တာ၊ အပြင်ကိုမထွက် တော့တာတွေကို စပ်ဆက်တွေးကြည့်ရင် ဒါတွေအကုန်လုံးက သူ့အစ်မ သုံးယောက်ရဲ့ လက်ချက်ဆိုတာ အရှင်းကြီးပဲ"

သီတာထိန်လင်းကလည်း ချိုမီကျော်ထင်ရဲ့ စကားကိုထောက် ခံတဲ့အနေနဲ့ ခေါင်းတစ်ချက်ညိတ်ပြတယ်။

"ဒါဆို နင်ဘာလုပ်မလဲ"

"ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ၊ သေချာတာတစ်ခုက





တော့ ချစ်ကို ငါလုံးဝအဆုံးရှုံးမခံနိုင်တာပဲ၊ ဘယ်သူတွေ ဘယ်လိုပဲ တားတား ချစ်ကိုငါရအောင်ယူမယ်၊ ဒါပေမယ့် ခက်တာက ချစ်အပြင် ထွက်လို့မရတာပဲ၊ သူအပြင်ထွက်လို့ရရင် ငါ့အတွက်လှုပ်ရှားရတာ သိပ်မခက်ခဲဘူး"

နှစ်ယောက်သား အကြံအိုက်စွာနဲ့ ခဏငြိမ်သွားကြတယ်။ ပြီး မှ သီတာထိန်လင်းက တစ်ခုခုကို သတိရသွားဟန်နဲ့. . .

"ဟား. . . ဟုတ်ပြီ၊ ချစ်ရင်ထူးရဲ့သူငယ်ချင်း. . . ဖိုးသစ်ကို အကူအညီတောင်းရင်မကောင်းဘူးလား၊ သူဆိုရင်တော့ ချစ်ရင်ထူး တို့အိမ်ကို လွယ်လွယ်ဝင်ထွက်လို့ ရမှာသေချာတယ်"

သီတာထိန်လင်းရဲ့ စကားအဆုံး ချိုမီကျော်ထင်ရဲ့ မျက်လုံး တွေမှာ အရောင်တွေ ဖျတ်ခနဲလင်းသွားတယ်။ ဟုတ်တယ်။ အချစ်အ တွက်ဆိုရင် ဖိုးသစ်ဟာ ကောက်ရိုးတစ်မျှင်ဆိုလည်း သူမ မလွှတ်တမ်း ဆွဲထားရမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com







# ကိုး

ဒီနေ့မှ အခန်းထဲကထွက်ကာ ခြံထဲဆင်းခွင့်ပေးတာမို့ ချစ်ရင်ထူးက ဒန်းစင်ပေါ်မှာထိုင်နေရင်းကနေ ခြံတံခါးဝမှာကင်းစောင့်နေတဲ့ မယ်ယက္ခရဲ့ ဘော်ဒီဂတ်သုံးယောက်ကို စိတ်ပျက်လက်ပျက်ကြည့်နေမိတယ်။ သူထွက်ပြေးမှာစိုးလို့ ကင်းချထားတာတဲ့။ အခုလိုခြံထဲဆင်းခွင့်ပေးထားတယ်ဆိုတာကလည်း မယ်ယက္ခရောက်နေလို့ စကားပြောရအောင်ဆိုပြီး ဆင်းခွင့်ပေးထားတာ။

သူကတော့ မယ်ယက္ခဆိုတဲ့ အဆီပိတ်နေတဲ့ ဘီလူးမကြီးကို ဘယ်နည်းနဲ့မှ မယူနိုင်ပါ။ လူလစ်တာနဲ့ ထွက်ပြေးဖို့လည်း ဆုံးဖြတ်ထားပြီးသားမို့ မှတ်ပုံတင်ကိုလည်း အချိန်တိုင်း ကိုယ်နဲ့မကွာ ဆောင်ထားပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



ချိုမီလည်း သူ့အတွက်တော်တော်စိတ်ပူနေလောက်ပြီ။ ဖုန်းကလည်း မမတို့သိမ်းထားတာမို့ ဆက်ခွင့်မရတော့ သူမဘယ်လိုတွေများ ခံစားနေရမှာပါလိမ့်။

အတွေးတွေနဲ့အတူ လုံးလည်ချာလည်လိုက်နေတုန်းမှာပဲ သူ့အနားကို မယ်ယက္ခရောက်လာတယ်။ သူထိုင်နေတဲ့ ဒန်းစင်ပေါ်ကို သူ့ခန္ဓာကိုယ်မှ အားမနာ စွေ့ခနဲဝင်ထိုင်လိုက်တာများ ဒန်းစင်တစ်ခုလုံး ရမ်းခါသွားတာပဲ။

သူက မယ်ယက္ခနဲ့ ဘာစကားမှ မပြောချင်တာပို့ ဒန်းစင်ပေါ်က ထသွားဖို့ပြင်လိုက်ပေမယ့် မယ်ယက္ခက နောက်ဘက်ကနေ သူ့လက်ကို ဖမ်းဆွဲထားလိုက်ရင်း. . .

"နေပါဦးချစ်ရဲ့၊ ဘယ်သွားမလို့လဲ၊ ဒီက သူနဲ့စကားပြောချင်လို့လာတာကို"

"ကျွန်တော့်မှာ ခင်ဗျားနဲ့ပြောစရာ ဘာစကားမှမရှိဘူး"

"ချစ်မှာမရှိပေမယ့် တို့မှာရှိတယ်လေ၊ တို့ပြောတာကိုပဲ ချစ်ကဘေးနားကနေ နားထောင်ပေါ့၊ ဟုတ်ဘူးလား၊ လာပါချစ်ရဲ့ တို့က ချစ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောပြချင်လို့ပါ"

ပြောပြောဆိုဆို မယ်ယက္ခက နောက်ဘက်ကနေ သူ့လက်ကို ဆောင့်ဆွဲလိုက်တော့ သူခန္ဓာကိုယ်က ဒန်းစင်ပေါ်ကို ဖင်ထိုင်ရက် ပြန်ပြုတ်ကျသွားရတယ်။ ပြုတ်ကျတာတောင်မှ မယ်ယက္ခနဲ့ပူးပူးကပ်





ကပ် အနေအထားနဲ့ ပြုတ်ကျသွားတာ။ ဒီတော့ ချစ်ရင်ထူးတစ်ကိုယ်လုံး ကြက်သီးတွေ တဖြန်းဖြန်းထသွားပြီး ပြန်ထဖို့ပြင်လိုက်ပေမယ့် သူ့ထက်လျှင်တဲ့ မယ်ယက္ခက သူ့တစ်ကိုယ်လုံးကို တင်းတင်းကျပ်ကျပ် သိမ်းကြုံးဖက်ထားလိုက်တယ်။

"ဟာ! . . . ခင်ဗျား၊ ခင်ဗျား ဘာလုပ်တာလဲ၊ လွှတ်ဗျာ. . . လွှတ်"

သူကအတင်းရုန်းထွက်မိပေမယ့် မယ်ယက္ခက သူ့ထက်ပိုပြီး အလုံးအရပ်တောင့်တော့ ပင့်ကူအိမ်မှာမိတဲ့ ပျားလေးတစ်ကောင်လိုမျိုး မယ်ယက္ခရဲ့လက်ထဲမှာ မလှုပ်သာမလူးသာ။

"ငြိမ်ငြိမ်နေစမ်းပါချစ်ရဲ့၊ တို့က မကြာခင်ပဲလက်ထပ်ရတော့မှာပဲဟာ၊ အခုကတည်းက ကြင်ကြင်နာနာလေး နေသင့်တာပေါ့"

"ဟာ. . . မသိဘူးဗျာ၊ မသိဘူး၊ ခင်ဗျားကို ဘယ်သူကလက်ထပ်မယ်လို့ ပြောလို့လဲ၊ ခင်ဗျားတို့ဘာသာ တစ်ဖက်သတ်စီစဉ်နေတာ၊ ကျုပ်မှာချစ်သူရှိပြီးသား၊ ချိုမီကျော်ထင်တဲ့ သူ့နာမည်က၊ သူကလွဲပြီး ဘယ်သူ့ကိုမှ မယူနိုင်ဘူး၊ ကျွန်တော်က သူ့ကိုပဲယူမှာ"

"ဟုတ်လား. . . ဟားဟားဟား. . . စိတ်ကူးတွေမယဉ်စမ်းပါနဲ့ချစ်ရယ်၊ ချိုမီကျော်ထင်ဆိုတဲ့မိန်းမက ချစ်ကိုခိုင်းစားဖို့ချစ်တာပါ၊ တို့ကိုယူရင် တို့ကချစ်ကို လုံးဝခိုင်းမစားဘူး၊ တို့မှာရှိတဲ့စည်းစိမ်တွေနဲ့ ချစ်ဘဝ ဒီတစ်သက်ထိုင်စားနေရုံပဲ၊ လိမ္မာစမ်းပါကွာ၊ မမိုက်ချင်စမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့"

"ဟာ. . . မသိဘူးဗျာ၊ မသိဘူး၊ ခင်ဗျားလွှတ်နော်. . . အခု"

"လွှတ်ဘူး၊ လုံးဝမလွှတ်ဘူး"

"လွှတ်လို့ပြောနေတယ်နော်"

"လွှတ်ဘူးဆို"

ချစ်ရင်ထူးက ပြောလည်းပြော ရုန်းလည်းရုန်းတယ်။ ဒါပေမယ့် မယ်ယက္ခက သူ့ကိုပြုတ်တူနဲ့ဆွဲညှပ်ထားသလို မလွှတ်တမ်းဖက်ထားတာဆိုတော့ မအောင်မြင်ဘူး။ ဒါနဲ့ ကြံရာမရတဲ့အဆုံး ချစ်ရင်ထူးက ဖြစ်ချင်ရာဖြစ်ဆိုပြီး မယ်ယက္ခရဲ့ လက်မောင်းသားတုတ်တုတ်ခိုင်ခိုင်ကြီးကို အားကုန် ကုန်းကိုက်ပစ်လိုက်တယ်။

"အား"

မယ်ယက္ခက ဒီတော့မှ ကြောက်အားလန့်အားနဲ့ အော်ပြီး လွှတ်ပေးတယ်။ ချစ်ရင်ထူးကလည်း မယ်ယက္ခလက်ထဲက လွတ်ပြီဆိုတာနဲ့ အိမ်ထဲကိုတရှိန်ထိုးဝင်ပြေးတာ အိမ်ထဲကထွက်လာတဲ့ မမသုံးယောက်နဲ့တောင် တိုးတိုက်မိပြီး ဖရိုဖရဲတွေဖြစ်ကုန်တယ်။

မယ်ယက္ခကလည်း မမသုံးယောက်ကိုမြင်တော့ ထိုင်ရာကနေထလာတယ်။ မမနှစ်က အိမ်ထဲပြေးဝင်သွားတဲ့ ချစ်ရင်ထူးဘက်ကို တစ်လှည့် မယ်ယက္ခကိုတစ်လှည့်ကြည့်လိုက်ရင်းမှ အကြည့်က မယ်ယက္ခဆီမှာ အဆုံးသတ်သွားကာ. . .





"ဟိုကောင်လေးဘာဖြစ်သွားတာလဲ"

လို့မေးလိုက်တယ်။ ဒီတော့မယ်ယက္ခက အသာပြုံးလိုက်ရင်းက. . .

"ဘာမှမဖြစ်ပါဘူး၊ နည်းနည်းရှက်သွားတာပါ"

မယ်ယက္ခစကားကြောင့် မမသုံးယောက်က တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြတယ်။

"ဒါနဲ့ ကျွန်မတစ်ခုလောက်ပြောချင်လို့၊ ချစ်မှာ အီစီကလီကောင်မလေးတစ်ယောက်ရှိတယ်လေ၊ အဲဒီကောင်မလေးရန်ကို ကာကွယ်တဲ့အနေနဲ့ မင်္ဂလာမဆောင်ခင်စပ်ကြားမှာ ကျွန်မနဲ့ကျွန်မရဲ့ ဘော်ဒီဂတ်တွေ ဒီမှာလာနေလို့ရမလား၊ ချစ်ထွက်ပြေးမှာလည်း စိုးလို့လေ၊ ကျွန်မဘော်ဒီဂတ်တွေကို ဒီခြံထဲမှာ နေ့ရောညပါစောင့်ကြည့်ခိုင်းထားလိုက်မှ လုံခြုံမယ်ထင်တယ်၊ လာနေလို့ဖြစ်တယ်မှုလားဟင်"

မယ်ယက္ခစကားအဆုံး မမသုံးယောက်က တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြပြန်တယ်။ ဒါပေမယ့် သူမပြောတဲ့အကြံကလည်း ကောင်းနေတာမို့ လက်ခံလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ဘဲလ်ကိုနှစ်ချက်လောက် ဆင့်နှိပ်လိုက်ပြီးမကြာခင်မှာပဲ တံခါးကိုလာဖွင့်ပေးတယ်။ ကြည့်လိုက်တော့ မယ်ယက္ခရဲ့ပုံဆိုးပန်းဆိုး ဘော်ဒီဂတ်သုံးယောက်။ သူတို့ပုံစံတွေကြည့်ပြီး ဖိုးသစ်နည်းနည်းတော့ ရှိန်သွားရတယ်။

ပေါက်ခေါမက တံခါးဝမှာရပ်နေတဲ့ဖိုးသစ်ကို ခပ်မာမာပဲ ကြည့်ပေးလိုက်ရင်းက. . .

"ဘာကိစ္စလဲ၊ ဘယ်ကလဲ၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ"

လို့ မေးခွန်းတွေ တသီတတန်းကြီးမေးချလိုက်တယ်။ အသံကလည်း မာသလားမမေးနဲ့။ တော်တန်ရုံလူလောက်ကတော့ အသံနဲ့တင်ကို ဖိန့်ဖိန့်တုန်သွားရမယ့် လေသံမျိုး။

"ဟို. . . ကျွန်တော်. . . ကျွန်တော်က ချစ်ရင်ထူးရဲ့ သူငယ်ချင်းပါခင်ဗျာ"





ဖိုးသစ်ရဲ့စကားအဆုံး ဘော်ဒီဂတ်သုံးယောက်က ခေါင်းတညိတ်ညိတ်လုပ်ကာ ဖိုးသစ်ကို ဝိုင်းထားလိုက်ပြီး ခေါင်းအစခြေအဆုံး ပတ်ချာလှည့်ကာကြည့်ကြတယ်။ ဖိုးသစ်မှာတော့ သူမတို့သုံးယောက်ကြားထဲမှာ ခပ်ကုပ်ကုပ်လေးရပ်နေကာ ဘယ်လိုနေရမှန်းမသိ၊ ဘယ်သူ့ကို လိုက်ကြည့်ရမှန်းမသိဖြစ်နေတော့တယ်။

ခဏကြာတော့မှ ဖက်တီးမက လှည့်ပတ်ကြည့်နေရာကနေ ဖိုးသစ်နဲ့မျက်နှာချင်းဆိုင်မှာ ခါးထောက်ရပ်လိုက်ကာ. . .

"နာမည်ပြော"

"ဖိုး. . . ဖိုးသစ်ပါ"

"အသက်ကရော"

"ဗျာ!"

"အသက်ကရောလို့မေးနေတာ၊ ဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ အမြီးကဆွဲပြီးကိုင်ပေါက်ပစ်လိုက်မယ်၊ ဘာအောက်မေ့နေလဲ"

ဖက်တီးမက တကယ်ကိုင်ပေါက်တော့မယ်ပုံနဲ့ ရှေ့ကိုတိုးကပ်လာတော့ ဖိုးသစ်က နောက်ဘက်ကိုခြေနှစ်လှမ်းလောက်ဆုတ်လိုက်ရင်းက. . .

"ဟို. . . အ. . . အသက်က ချစ်ရင်ထူးနဲ့အတူတူပါပဲ"

လို့ဖြေတယ်။ ဒီတော့ ကျောက်ဖေါက်မက တစ်စခန်းထလာပြန်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ရင်ထူးအသက်ကိုမှ ငါတို့မသိတာ၊ ဘာတွေလာပြောနေတာလဲ၊ ကိုယ့်အသက်ကိုတောင် တိတိကျကျမပြောနိုင်ဘူးလား၊ အို. . . ကြာပါတယ်၊ မှတ်ပုံတင်ပါလား. . . ဖြ"

"ဗျာ! မှတ်ပုံတင် ဟုတ်လား၊ ခင်ဗျားတို့က လူဝင်တဲ့အပေါက်ကျယ်ကြီးတွေလားဟင်"

"ဘာ!"

"အဲ. . . မှား. . . မှားလို့ပါ၊ ဟို. . . လူဝင်မှုကြီးကြပ်ရေးကလားလို့မေးတာ"

"ဘာလဲ၊ လာနောက်နေတာလား၊ ဟုတ်လား၊ ငါတို့ကိုဘာများအောက်မေ့နေလဲ. . . ဟမ်"

"ဟို. . . လူမိုက်မတွေလို့ ထင်ပါတယ်"

"ဘာပြောတယ်"

"အောင်မလေး. . . ယောင်. . ယောင်လို့ပါ၊ လူမိုက်မတွေနဲ့တော့ မတူပါဘူးလို့၊ အဟင်းဟင်း"

ဖိုးသစ်ရဲ့စကားအဆုံး ပေါက်ခေါ်မက ဖိုးသစ်ကို အကျီရင်ဘတ်ကနေ စုဆွဲထားလိုက်ပြီး မေးကျဉ်းထားတဲ့ မျက်လုံးတွေနဲ့ကြည့်လိုက်ရင်းက. . .

"အေး. . . လူမိုက်တော့မဟုတ်ဘူး၊ ဒါပေမယ့် အပျင်းပြေတော့ လူသတ်တယ်၊ နားလည်လား၊ ငယ်ငယ်ရွယ်ရွယ်နဲ့ လူမသိသူမ





သိသေသွားချင်လို့လား. . . ပြောစမ်း"

"မ. . . မသေချင်ပါဘူး"

"အေး. . . မသေချင်ရင် အချိုးကိုပြင်၊ ကြားလား"

"ဟုတ်. . . ဟုတ်ကဲ့"

ဒီအချိန်မှာပဲ သူတို့အနားကို မယ်ယက္ခရောက်လာတယ်။

"ဘာဖြစ်နေကြတာလဲ"

မယ်ယက္ခရဲ့စကားအဆုံး ဘော်ဒီဂတ်သုံးယောက်က အတန်းစီကာ မယ်ယက္ခကို အလေးပြုလိုက်ကြတယ်။ ပြီးမှ ကျောက်ပေါက်မက. . .

"ချစ်ရင်ထူးရဲ့ သူငယ်ချင်းလို့ပြောပါတယ် ဘောစိမ၊ အဲဒါကိုဟုတ်၊ မဟုတ် စစ်ဆေးနေတာပါ"

ကျောက်ပေါက်မရဲ့စကားအဆုံး မယ်ယက္ခရဲ့အကြည့်က ဖိုးသစ်ဆီကို ဝင့်ခနဲရောက်လာတော့ ဖိုးသစ်တစ်ကိုယ်လုံး ကြက်သီးတွေတဖြန်းဖြန်းထသွားကာ နောက်ဘက်ကို ခြေတစ်လှမ်းဆုတ်မိသွားရတယ်။ သူ့ခမျာလည်း ချိုမီကျော်ထင်တို့က အကူအညီလာတောင်းထားလို့သာ လာရတာ။ ခပ်ကြောက်ကြောက်ရယ်။ အခုတော့ အထဲကိုတောင်မဝင်ရသေးဘူး၊ အပြင်မှာတင် ဘဝကူးရတော့မယ်ထင်တယ်။

"ချစ်ရဲ့သူငယ်ချင်း. . . ဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မယ်ယက္ခက ခပ်တည်တည်စိုက်ကြည့်နေရင်းကနေ ဖိုးသစ်ရှိရာဆီကို တိုးကပ်လာတယ်။ ဖိုးသစ်ကတော့ ဘာလုပ်ရမှန်းမသိစွာ ပြူးကြောင်ကြောင်နဲ့ ပြန်ကြည့်နေတယ်။ တစ်ယောက်နဲ့တစ်ယောက် အတော်ကြာကြာ ကြည့်နေမိကြပြီးမှ မယ်ယက္ခက ကောက်ကာငင်ကာ ပြုံးပြလာရင်း. . .

"သွားရအောင်လေ၊ အထဲကို"

တဲ့။ ဒီတော့မှ ဖိုးသစ်လည်း သက်ပြင်းကို ဟင်းခနဲချနိုင်တော့တယ်။ ဒါတောင် ဘယ်အချိန်ထဖောက်လာမယ်မှန်းမသိတော့ မယ်ယက္ခနောက်နားကနေ ခပ်ရိုရိုလေးလိုက်လာရတာ။ မမသုံးယောက်ကတော့ သူ့ကိုသိနေတာဆိုတော့ ဘာမှသိပ်ပြီး မမေးမြန်းပါဘူး။

"မင်းသူငယ်ချင်းကို ဖျောင်းဖျပေးပါဦးကွာ"

ဆိုတာလောက်ပဲ ပြောပြီး ချစ်ရင်ထူးအခန်းထဲကို လိုက်ပို့ပေးပြီး ပြန်ထွက်သွားကြတယ်။ ဒါတောင် မယ်ယက္ခက အခန်းထဲမှာ ပေကပ်ပြီး ရပ်ကျန်နေခဲ့သေးတာ။ ချစ်ရင်ထူးက ဘောင်းဘီလဲမလို့တွေ ဘာတွေ လုပ်လိုက်တော့မှ မထွက်ချင်ထွက်ချင်ဟန်နဲ့ ပြန်ထွက်သွားတာပါ။

"အခြေအနေတွေက တင်းမာလှချည်လား သယ်ရင်းရာ၊ မင်းကိုတွေ့ခွင့်ရဖို့အရေး ဂိတ်တွေအများကြီးဖြတ်လိုက်ရတယ်၊ နိုင်ငံတော်သမ္မတဦးသိန်းစိန်ကိုတွေ့ခွင့်ရဖို့တောင် မင်းကိုတွေ့ခွင့်ရမှာလောက်





ခက်မှာမဟုတ်ဘူး"

ဖိုးသစ်စကားအဆုံး ချစ်ရင်ထူးက စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့စတိုင်လ်နဲ့ ခုတင်မှာ ငူငူကြီးထိုင်နေရင်းကနေ. . .

"အခြေအနေကတော့ မင်းမြင်တဲ့အတိုင်းပဲ ငသစ်၊ ငါ့ကိုသူတို့က အဲဒီဘီလူးမကြီးနဲ့ တစ်ပတ်အတွင်းပေးစားကြတော့မှာ၊ ငါကတော့ အဲဒီဘီလူးမကြီးကို လုံးဝမယူနိုင်ဘူး၊ ငါက ချိုမီ့ကိုပဲချစ်တာ၊ ချိုမီကလွဲရင် ဘယ်မိန်းမကိုမှ မယူနိုင်ဘူး"

"အေး. . . အခုငါလာတာလည်း အဲဒီမင်းရဲ့ချစ်ချစ် ချိုမီကျော်ထင်က အကူအညီလာတောင်းလို့ပဲ၊ မင်းသတင်းလုံးဝမရလို့တဲ့၊ နည်းနည်းလောက် သွားစုံစမ်းပေးပါဦးဆိုလို့၊ မင်းက ကျောင်းလည်းလာမတက်ဘူးလေ"

"သူတို့ကမှ မတက်ခိုင်းတာကွ၊ ငါ့ကိုအပြင်ကနေ သော့ခတ်ထားတာ၊ ထမင်းတောင် ထွက်စားခွင့်မပေးဘူး၊ အခန်းထဲကိုပဲလာပို့ပေးတာ၊ ကျောင်းကိုလည်း အဝေးသင်ပြောင်းရင်ပြောင်း၊ မပြောင်းရင်လည်း မင်္ဂလာဆောင်ပြီးမှ ဆက်တက်ရမယ်တဲ့၊ မနေ့ကတော့ ခြံထဲကို ခဏဆင်းခွင့်ပေးတယ်၊ အဲဒါကလည်း ဟိုဘီလူးမကြီးနဲ့ စကားပြောရအောင်လို့ ဆင်းခိုင်းတာပါ၊ ပြီးတော့ ဟိုပုံဆိုးပန်းဆိုးသုံးယောက်ကလည်း ခြံတံခါးဝမှာ ကင်းစောင့်နေတာဆိုတော့ လုံးဝလှုပ်လို့မရဘူး၊ အခုဆိုပိုတောင်ဆိုးသေးတယ်၊ ဘီလူးမနဲ့နောက်လိုက်တွေက မင်္ဂလာပွဲ



www.burmeseclassic.com

www.burmeseclassic.com



မပြီးမချင်း ဒီမှာနေကြမှာတဲ့၊ စိတ်လေတယ်ကွာ၊ တကယ်ပဲ"

"အေးကွာ၊ ဘယ်လိုမျက်စိနဲ့ကြည့်ပြီးတော့များ မင်းအစ်မတွေက မင်းကို အဲဒီဘီလူးမကြီးနဲ့ ပေးစားဖို့သဘောတူတယ်မသိဘူး၊ မင်းဘာဆက်လုပ်မယ်စိတ်ကူးလဲ ငချစ်"

"ငါ မယ်ယက္ခကြီးကို မယူနိုင်ဘူးကွာ၊ သူ့တို့ကလည်း မင်္ဂလာပွဲကို စီစဉ်နေကြပြီ၊ ပြီးတော့ ချိုမိနဲ့လည်း ငါမခွဲနိုင်ဘူး၊ အဲဒီတော့ ဒီလိုလုပ်ကွာ၊ မင်း. . . ချိုမိ့ကိုသွားပြောပေး၊ မနက်ဖြန်ည ဆယ့်နှစ်နာရီလောက် ငါ့တို့ခြံရှေ့မှာလာစောင့်နေလို့၊ ငါမဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ထွက်ခဲ့မယ်လို့ ပြောပေးကွာ. . . နော်"

"မင်း. . . ခိုးရာလိုက်တော့မလို့လား"

"အေးလေကွာ၊ ဒီတစ်နည်းပဲရှိတော့တာ မဟုတ်လား"

ဖိုးသစ်က ထောက်ခံသလို ခေါင်းညိတ်တယ်။ ချစ်ရင်ထူးကတော့ မနက်ဖြန်အတွက်ကြိုတွေးကာ ရင်တွေခုန်လို့။





# တစ်ဆယ်

## (က)

ချစ်ရင်ထူးက နာရီကိုတကြည့်ကြည့်လုပ်ရင်းကနေ အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန်လျှောက်ကာ မမတို့အိပ်ပျော်မယ့်အချိန်ကို စောင့်နေမိတယ်။ အချိန်က ညဆယ်နာရီထိုးနေပြီ။ အခုလောက်ဆိုရင် အပြင်မှာ ချိုမိတို့ရောက်နေလောက်ပြီထင်တယ်။ သူကအတွေးနဲ့အတူ ပြတင်းပေါက်မှန်တွေကတဆင့် ခြံရှေ့ဘက်လမ်းပေါ်ကို လှမ်းမျှော်ကြည့်မိတယ်။ ဒါပေမယ့် တစ်လမ်းလုံးက မှောင်နေတော့ ဘာကိုမှကောင်းကောင်း မမြင်ရ။ ခြံပေါက်ဝမှာ လူးလားခေါက်တုန့်လျှောက်ပြီး ကင်းစောင့်နေတဲ့ ပုံဆိုးပန်းဆိုးသုံးယောက်ကိုပဲ တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒင်းတို့တွေလည်း ဘယ်အချိန်မှများ အိပ်မှာလဲမသိဘူး။

သူက လှုပ်ရှားနေတဲ့စိတ်တွေကို အသာထိန်းကာ ခုတင်စွန်းမှာ အသာဝင်ထိုင်လိုက်တယ်။ ဒီအချိန်မှာပဲ သူအခန်းတံခါးက ရုတ်တရက်ပွင့်သွားပြီး အခန်းထဲကို လူတစ်ယောက်ဝင်လာတယ်။ ကြည့်လိုက်တော့ မယ်ယက္ခ. . .။

"ဟင်! ခင်. . . ခင်ဗျား. . . ဒီအချိန်ကြီး ကျွန်တော့်အခန်းထဲကို ဘာလာလုပ်တာလဲ"

မယ်ယက္ခက သူ့စကားကို မဖြေသေးဘဲ အခန်းတံခါးကို ဂုန်းခနဲမြည်အောင် ဆောင့်ပိတ်လိုက်ပြီးနောက် သူရှိရာကို တစ်လှမ်းချင်းလျှောက်လာတယ်။

"မေးနေတယ်လေဗျာ၊ ဘာလာလုပ်တာလဲလို့"

သူကပြောလည်းပြော ထိုင်ရာကနေလည်း ထရပ်လိုက်မိတယ်။ ပြီးတော့ အနားမှာရှိတဲ့ဖက်လုံးကို ကောက်ကိုင်ထားလိုက်ရင်း. . .

"ခင်ဗျားရှေ့တိုးမလာနဲ့နော်၊ ရှေ့မတိုးနဲ့"

မရပ်။ မယ်ယက္ခက သူ့စကားကို အရေးမစိုက်ဘဲ သူရှိရာကိုပဲ တစိုက်မတ်မတ်လျှောက်လာနေကာ သူမမျက်နှာတပြင်လုံးကလည်း အဆီတဝင်းဝင်းနဲ့ ရမ္မက်ခိုးတွေဝေနေတယ်။

"ခင်ဗျားကို ရှေ့မတိုးနဲ့လို့ပြောနေတယ်နော်၊ ကျွန်တော်အော်လိုက်မှာနော်"





သူ့စကားအဆုံး မယ်ယက္ခက ပြုံးလိုက်တယ်။ သူမအပြုံးက စားကာနီး သမင်ထီးလေးကို ကျားမကြီးက သရော်တော်တော်ဟန်နဲ့ကြည့်ပုံမျိုး။

"အော်မယ်. . . ဟုတ်လား၊ အော်လေ၊ အော်လိုက်ပေါ့၊ မင်းအော်လည်း ဘယ်သူမှမင်းကို လာကယ်မှာမဟုတ်ဘူးကွ၊ အကုန်လုံးက အိပ်ပျော်နေကြပြီ၊ ပြီးတော့ ချစ်နဲ့တို့နဲ့ကလည်း မကြာခင်ပဲလက်ထပ်ရတော့မယ့်ဟာကို၊ လာစမ်းပါကွာ၊ အချိန်တွေသိပ်မဖြုန်းချင်စမ်းပါနဲ့၊ လိမ္မာစမ်းပါ"

ပြောပြောဆိုဆို မယ်ယက္ခက တိုးကပ်လာတော့ သူကနောက်ဘက်ကို တစ်လှမ်းချင်း ဆုတ်လိုက်ရင်း. . .

"ခင်ဗျား. . . ခင်ဗျား. . . မယုတ်မာနဲ့နော်၊ ကျွန်တော် တကယ်ရိုက်မှာနော်၊ မယုံမရှိနဲ့၊ ရှေ့တိုးမလာနဲ့နော်၊ ကျွန်တော်တကယ်ရိုက်တော့မှာနော်"

"လိမ္မာစမ်းပါကွယ်၊ တို့က အပျော်ကြံမှာမှမဟုတ်တာ၊ မကြာခင်ပဲ လက်ထပ်ရတော့မှာလေ၊ လာပါနော်၊ နော်"

"ရှေ့မတိုးနဲ့နော်၊ ကျွန်တော်ရိုက်တော့မှာနော်"

မယ်ယက္ခက မရပ်။ တိုးမြဲတိုးလာတယ်။ ဒီမှာတင်ပဲ သူကစိတ်တွေ တအားလှုပ်ရှားလာကာ ကြောက်အားလန့်အားနဲ့ လက်ထဲမှာကိုင်ထားတဲ့ ဖက်လုံးကြီးနဲ့ စုံကိုင်ပြီး မယ်ယက္ခကို ရိုက်ချလိုက်တယ်။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မယ်ယက္ခက သူ့ထက်လျှင်တော့ သူရိုက်လိုက်တဲ့ ဖက်လုံးကြီးကို အသာဆွဲဖမ်းထားလိုက်ပြီး သူ့လက်ထဲကလွတ်ထွက်သွားအောင် ဆောင့်ဆွဲလိုက်ကာ အခန်းထောင့်ဆီကို လွှင့်ပစ်လိုက်တယ်။ ပြီးနောက် သူ့ကို သဘောတကျခြေဆုံးခေါင်းဆုံးကြည့်ကာ အပေါ်နှုတ်ခမ်းကို လျှာနဲ့တစ်ချက်သပ်လိုက်ပြီးတော့ သူ့ဆီကိုတရွေ့ရွေ့တိုးကပ်လာပြန်တယ်။ ဒီတော့ သူကလည်း နောက်ဘက်ကိုတစ်လှမ်းပြီးတစ်လှမ်း ဆုတ်တယ်။ အဲဒီလိုနဲ့ မယ်ယက္ခက တစ်လှမ်းပြီးတစ်လှမ်းတိုး သူက တစ်လှမ်းပြီးတစ်လှမ်း ဆုတ်ရင်းကနေ သူ့နောက်ကျောက အခန်းနံရံမှာကပ်သွားတော့ ထပ်ဆုတ်လို့မရတော့ဘူး။

သူ တုန်ခနဲဖြစ်သွားတယ်။

"ခင်ဗျား. . . ခင်ဗျား ရှေ့တိုးမလာနဲ့နော်၊ ခင်ဗျားမယုတ်မာနဲ့နော်၊ ခ. . ."

"ချစ်ကလည်း တို့ကချစ်လို့ပါကွယ်၊ တို့က ချစ်ကို အရမ်းချစ်လွန်းလို့ပါ၊ တို့က အပျော်မကြံပါဘူး၊ နော်. . . နော်"

ဒီအခိုက်မှာတင်ပဲ မယ်ယက္ခက သူ့အနားကို ရောက်လာကာ သူ့ကိုစွေ့ခနဲ ပွေ့ယူလိုက်တယ်။ သူက မယ်ယက္ခလက်ထဲကနေ အတင်းရုန်းကန် တွန်းထိုးနေမိရင်းကနေ. . .

"လူယုတ်မာမကြီး၊ လွှတ်နော်၊ လွှတ်"

သူ့စကားအဆုံးမှာတင်ပဲ မယ်ယက္ခက သူ့ကိုပွေ့ထားရာက





နေ ခုတင်ပေါ်ကို ပစ်တင်ချလိုက်တော့ သူ့ခန္ဓာကိုယ်က မွေ့ယာပေါ်ကို အိခနဲ ပြုတ်ကျသွားရတယ်။ ဒီတော့ သူက လူးလဲထဖို့ ကြိုးစားလိုက်စဉ်မှာပဲ မယ်ယက္ခက သူ့အပေါ်ကို ကျားမကြီးတစ်ကောင်က သမင်ထီးလေးကို ခုန်အုပ်လိုက်သလို ပုံမျိုးနဲ့ ခုန်အုပ်လာတော့တယ်။ ဒီမှာတင်ပဲ သူကလည်း ကြောက်လန့်တကြားနဲ့ အားကုန်ထုတ်ကာ အာခေါင်ခြစ်ပြီး အော်ချလိုက်မိတော့တယ်။

"အား ! "



www.burmeseclassic.com

www.burmeseclassic.com

# ရဇဝီဆို

## (၁)

"အား ! "

အိပ်မက်ကလန့်နိုးတော့ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေတယ်။ သူက နိုးနိုးချင်းတော့ တကယ်များလားဆိုပြီး ခန္ဓာကိုယ်အနှံ့ကို ပွတ်သပ်ကြည့်သေးတယ်။ အိပ်မက်ဖြစ်တာမှန်းသေချာသွားတော့မှ သူက သက်ပြင်းမောကို ဟင်းခနဲချဖြစ်တယ်။

တော်ပါသေးရဲ့။ အိပ်မက်ဖြစ်နေပေလို့။ တကယ်များဆိုရင် မတွေးရဲစရာ။ သူ့ဘဝကြီးရေတိမ်နစ်တော့မလို့။ သူက အပြင်မှာတကယ်ဖြစ်ပျက်သွားသလို ခံစားလိုက်ရတာကြောင့် မောဟိုက်သွားကာ ခေါင်းကို ရမ်းလိုက်မိစဉ်မှာပဲ နံရံကပ်နာရီဆီက ညဆယ့်နှစ်နာရီထိုးသံကို ကြားလိုက်ရတယ်။

"ဟင် ! "





ဒီတော့မှ သူက မိန်းမနောက်လိုက်ဖို့ ချိုမီ့ကို အပြင်မှာစောင့်ခိုင်းထားတာကို အမှတ်ရသွားတယ်။ သူက အားလုံးအိပ်ပျော်မယ့် အချိန်ကိုစောင့်ရင်းနဲ့ အိပ်ပျော်သွားတာလေ။ ဟား. . . ချိုမီရောက်နေလောက်ပြီ။ အတွေးနဲ့အတူ သူက ဝရန်တာဘက်ကို ပြေးထွက်လာခဲ့လိုက်ကာ ခြံရှေ့ဆီကို ကြည့်မိတယ်။ ဘာမှမမြင်ရ။ ဒါပေမယ့် တစ်နေရာရာမှာတော့ ချိုမီတို့ သေချာပေါက်စောင့်နေမှာပါ။

အဲဒီလိုတွေးလိုက်မိတဲ့သူက မယ်ယက္ခရဲ့ဘော်ဒီဂတ် ပုံဆိုးပန်းဆိုးသုံးယောက်ရဲ့ အရိပ်အခြည်ကို အသာအယာ အကဲခတ်လိုက်မိတော့ ခြံထဲမှာ ဘယ်သူ့ကိုမှ မတွေ့ရဘူး။ ချောင်တစ်ချောင်ချောင်မှာ သွားပုန်းအိပ်နေကြပြီထင်။

ဒါနဲ့သူက အခန်းထဲကိုပြန်ဝင်လာခဲ့လိုက်ကာ စောင်လေးငါးထည်လောက်ကို ချည်ပြီး ကြိုးဖြစ်အောင် ဆက်ထုံးလိုက်တယ်။ နောက်တော့ ဝရန်တာဘက်ကို ပြန်ထွက်လာခဲ့လိုက်ကာ ဝရန်တာလက်ရန်းမှာရှိတဲ့ ပွတ်လုံးတစ်ခုမှာ ချည်လိုက်ပြီး တစ်ဖက်အစွန်းကို အောက်ဘက်ချလိုက်တယ်။ နောက်တော့ အဲဒီကြိုးကို တွဲခိုပြီး အောက်ဘက်ကိုတ ဖြည်းဖြည်းချင်း လျှောဆင်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကဒ္ဒိ

## (ဂ)

ချိုမီကျော်ထင်နဲ့ သီတာထိန်လင်းတို့က ချစ်ရင်ထူးတို့ရဲ့ ခြံရှေ့က အမှောင်ထဲမှာခိုရင်း ချစ်ရင်ထူးထွက်အလာကို စောင့်နေမိတာ အတော်ကြာနေပြီ။ ဒါပေမယ့် ဆယ်နှစ်နာရီထိုးကာနီးတဲ့အထိ ချစ်ရင်ထူးရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရသေးဘူး။ ဒီတော့ သူမတို့နှစ်ယောက်က အထဲကိုဝင်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

"လာဟာ. . . အထဲမှာ သူထွက်ရခက်နေတယ်ထင်တယ်၊ ငါတို့ဝင်သွားရအောင်"

နှစ်ယောက်သား ခြံစည်းရိုးကို ကျော်တက်ကာ အတွင်းဘက်ကို ခုန်ချလိုက်ကြတယ်။ နောက်တော့ခြေကိုဖွနင်းပြီး ခြံထဲကိုလည်း အကဲခတ်ကာ အိမ်ကြီးအနားကို တိုးကပ်လာခဲ့ကြတော့တယ်။





"ဟဲ့. . . ဟိုမှာ"

သီတာထိန်လင်းလှမ်းပြရာကို ကြည့်လိုက်မိတော့ အပေါက်ဝမှာ သုံးယောက်သားတစ်ယောက်ကိုတစ်ယောက်မှီကာ ငုတ်တုတ်ကြီးတွေအိပ်ပျော်နေတဲ့ မယ်ယက္ခရဲ့ ဘော်ဒီဂတ်သုံးယောက်။

ချိုမီကျော်ထင်နဲ့ သီတာထိန်လင်းတို့က အသက်ကိုအောင့်ကာ အဲဒီအနားကို တိုးကပ်သွားမိကြတယ်။

"နင်းမိဦးမယ်နော်၊ သတိထား၊ သူတို့ကို ခွကျော်ပြီး အထဲကို ဝင်ကြမယ်"

ချိုမီကျော်ထင်က လေသံလေးနဲ့ပြောကာ ရှေ့ကနေဦးဆောင်ပြီး အိပ်နေတဲ့လူတွေကို အသာကျော်ခွသွားလိုက်တယ်။ အခုတစ်ခါက သီတာထိန်လင်းရဲ့ အလှည့်။ သီတာထိန်လင်းကလည်း တခေါခေါအိပ်ပျော်နေတဲ့ သုံးယောက်ကို အသာကျော်ခွသွားဖို့ ခြေလှမ်းကို ခပ်မြင့်မြင့်လှမ်းလိုက်တယ်ဆိုရင်ပဲ. . . ။



www.burmeseclassic.com

www.burmeseclassic.com



# (ဃ)

အိပ်ရာကတစ်ရေးနိုးတော့ အာခေါင်တွေခြောက်ကာ ရေဆာလာတာကြောင့် မမတစ်က ရေသောက်ဖို့ အောက်ထပ်ကိုဆင်းကာ ထမင်းစားခန်းထဲက ရေခဲသေတ္တာမှာ ရေဆင်းသောက်တယ်။

အဲဒီအချိန်အထိ မယ်ယက္ခကတော့ မအိပ်သေးဘူး။ ချစ်ရင်ထူးနဲ့ လက်ထပ်ရတော့မှာဖြစ်တဲ့အတွက် မင်္ဂလာဆောင်တဲ့နေ့ကျရင် မျက်နှာလေးဝင်းနေအောင်ဆိုပြီး မျက်နှာမှာ မျက်နှာပေါင်းတင်တဲ့ ဆေးမည်းမည်းကြီးတွေလိမ်းပြီး ပေါင်းတင်နေတာ။ ပေါင်းတင်နေရင်းကနေ သူကလည်း ရေဆာလာတာနဲ့ အခန်းထဲက ထွက်ပြီး ထမင်းစားခန်းထဲက ရေခဲသေတ္တာရှိရာကို ထွက်လာခဲ့လိုက်တယ်။

ဖြစ်ချင်တော့ မမတစ်က အိပ်မှုံစုံမွှားနဲ့ ထမင်းစားခန်းထဲက





နေ ရေသောက်ပြီး ပြန်ထွက်အလာ။ မယ်ယက္ခကကျတော့ မျက်နှာတစ်ခုလုံး မည်းမှောင်နေအောင် လိမ်းထားတဲ့ မျက်နှာပေါင်းတင်ဆေးတွေနဲ့ ထမင်းစားခန်းထဲကို ရေသောက်ဖို့အလာ။

နှစ်ယောက်သားက ထမင်းစားခန်းအဝနားမှာ မျက်နှာချင်းဆိုင် တွေ့လိုက်မိကြတယ်ဆိုရင်ပဲ. . .။

မမတစ်ရဲ့ တစ်ကိုယ်လုံးမှာရှိတဲ့ အကြောတွေအကုန်လုံးက ဖျင်းခနဲဖြစ်သွားကာ ဆံထိုးထိုးထားတာဖြစ်တဲ့အတွက် လွတ်နေတဲ့ ဆံပင်မွေးတွေလည်း တစ်မွေးမကျန်အကုန်ထောင်သွားရတယ်။ ပြီးတော့ မယ်ယက္ခကို လက်ညှိုးကြီးထိုးပြီး. . .

"အောင်မငေး. . . သ. . . သ. . . သ. . ."

ဆိုပြီး "ရဲ" ထိရောက်အောင် မဆက်နိုင်ဘဲ အကြာကြီး နှင်နေသေးတယ်။ ပြီးတော့မှ ဖင်ကြောတွေ ရှုံ့သွားတဲ့အထိ အားကုန်ထုတ်၊ လက်သီးနှစ်လုံးကိုလည်း ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အော်တော့တယ်။

" အား ! "



www.burmeseclassic.com

www.burmeseclassic.com



(၄)

ပြောရရင်တော့ အဖြစ်အပျက်တွေက ဆက်တိုက်ဆိုသလို ဖြစ်ပျက်သွားခဲ့တာပါ။

မမတစ်ရဲ့ "အား" ဆိုတဲ့ အော်သံကြီးအဆုံးမှာ အပေါ်ထပ်မှာအိပ်နေတဲ့ မမနှစ်နဲ့မမသုံးတို့နှစ်ယောက်လုံး လန့်နိုးကာ ဘာဖြစ်တာပါလိမ့်ဆိုပြီး အောက်ထပ်ကို တဝုန်းဝုန်းပြေးဆင်းလာကြတယ်။

တစ်ပြိုင်တည်းဆိုသလိုပဲ အိပ်ပျော်နေတဲ့သုံးယောက်ကို ကျော်ခွဖို့ပြင်နေတဲ့ သီတာထိန်လင်းကလည်း အိမ်ထဲဆီကနေ ရုတ်တရက်ထွက်လာတဲ့ အော်သံကြီးကြောင့် လန့်ပြီးတော့ အိပ်ပျော်နေတဲ့ သုံးယောက်ထဲက ကျောက်ပေါက်မရဲ့ခြေထောက်ကို သွားနင်းမိတော့တာပါပဲ။

"အောင်မလေး. . . သေပါပြီတော့"





"ဟဲ့. . . ဘာ. . . ဘာဖြစ်တာလဲ"

"မသိဘူး. . ."

"အင်. . . ဟင်. . . လူ. . . လူ. . ."

"လူမဟုတ်ဘူး၊ သူခိုးဟဲ့. . သူခိုး. . ."

"သူခိုးဗျို့. . . သူခိုး. . . သူခိုး"

သုံးယောက်သားက ချိုမိကျော်ထင်နဲ့ သီတာထိန်လင်းတို့ကို ကြည့်ပြီး တစ်ရပ်ကွက်လုံးကြားအောင် အာခေါင်ခြစ်ကာ အော်တော့တယ်။

မမနှစ်နဲ့မမသုံးကလည်း အထဲမှာ တက်နေတဲ့မမတစ်ကို နှာနှပ်နေတုန်းမှာတုန်းမှာပဲ အပြင်က အော်သံထွက်လာတာကြောင့် မမတစ်ကိုထားခဲ့ပြီး အပြင်ကို အူယားဖားယားပြေးထွက်လာကြတယ်။ မယ်ယက္ခကလည်း သူမရဲ့ခန္ဓာကိုယ်ကြီးနဲ့ ပေပါကြီးတစ်လုံးလှိမ့်ချလိုက်သလိုမျိုး လိမ့်လိမ့်လိမ့်လိမ့်နဲ့ မမနှစ်တို့နောက်ကနေ ပါလာတယ်။

"ဟဲ့. . . သီတာ. . . အခြေနေမကောင်းဘူး၊ ပြေး. . . ပြေး"

ချိုမိကျော်ထင်နဲ့ သီတာထိန်လင်းတို့နှစ်ယောက်ကလည်း အခြေအနေမကောင်းတော့မှန်းသိတော့ လာရာလမ်းအတိုင်း ခြံစည်းရိုးကိုကျော်ခွတက်ပြီး ပြန်ပြေးတော့တယ်။

"ဟဲ့. . . သူခိုးဆို. . . သူခိုး"

"ဘယ်မှာလဲ သူခိုးက၊ ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မမနှစ်နဲ့ မမသုံးတို့က အမောတကောပြေးလာရင်းမေးတယ်။ ဒီတော့ ဖက်တီးမက လမ်းဘက်ကို လက်ညှိုးထိုးပြရင်း. . .

"ပြေးပြီ၊ ပြေးပြီ၊ မရှိတော့ဘူး"

"ဟဲ့. . . နင်တို့က မလိုက်ဘူးလား"

"လိုက်မလို့ဘဲ၊ ဒါပေမယ့် သူတို့က အပြေးတအားသန်တာ၊ ခဏလေးနဲ့ မြံ့အပြင်ကိုရောက်သွားတော့ မမီလိုက်ဘူး"

"ဟဲ့. . . သူတို့က ဆိုတော့ သူခိုးက ဘယ်နှစ်ယောက်တောင် လာတာမို့လို့လဲ"

"နှစ်ယောက်၊ နှစ်ယောက်"

"ဘုရား. . ဘုရား၊ ဒါဆို အုပ်စုလိုက်လာခိုးကြတာပေါ့၊ ဘာတွေများပါသွားလဲမသိဘူး၊ ပစ္စည်းတွေ စစ်ဦးမှပါ"

မမသုံးရဲ့ ကတုန်ကယင်ပြောစကားအဆုံးမှာ မယ်ယက္ခက သူမရဲ့ဘော်ဒီဂတ်သုံးယောက်ကို ခါးထောက်ကြည့်လိုက်ရင်း. . .

"ဟဲ့. . . နင်တို့က သူခိုးတွေနှစ်ယောက်ကြီးများတောင် ဝင်လာတာကို မသိကြဘူးလား၊ ဟမ်"

ဆိုတော့ ပေါက်ခေါမက နှုတ်ခမ်းထောင့်စွန်းကနေ စီးကျနေတဲ့ သွားရည်စီးကြောင်းကြီးကို လက်ဖမိုးနဲ့ပွတ်သုတ်လိုက်ရင်းက. . .

"သိ. . . သိတယ်လေ ဘောစိမရဲ့၊ သိလို့အော်လိုက်တာပေါ့"

မယ်ယက္ခက ခေါင်းတရမ်းရမ်းနဲ့ ပေါက်ခေါမတို့ကို အပြစ်





ပြောမယ်ပြင်လိုက်စဉ်မှာပဲ သူမရဲ့အကြည့်က တစ်နေရာမှာ ရပ်တန့်သွားတယ်။

"ဟင်! ဟိုဟာ. . ဟိုဟာ ဘာကြီးလဲ"

မယ်ယက္ခပြရာဆီကို အားလုံးလှမ်းကြည့်လိုက်မိကြတော့ မလှမ်းမကမ်းကကြမ်းပြင်မှာ တုံးလုံးပက်လက်လဲကျနေတဲ့လူတစ်ယောက်ကို တွေ့လိုက်ကြရတယ်။

"ဟဲ့. . . သူခိုးဖြစ်မယ်၊ သူခိုး"

"ဟုတ်လောက်တယ်၊ ဝရန်တာပေါ်တက်ရင်းကနေများ ပြုတ်ကျပြီး သေနေတာလားမသိဘူး"

"လာလာ. . . မြန်မြန်သွားကြည့်ရအောင်"

အားလုံးက အဲဒီအနားကို ဒရောသောပါး ပြေးသွားကြတယ်။ တကယ့်တကယ်တမ်း လဲကျနေသူရဲ့မျက်နှာကို တွေ့လိုက်ကြစဉ်မှာတော့. . .

"ဟင်. . . ချစ်"

မမနှစ်ရဲ့ အာမေဍိတ်သံနဲ့အတူ အခြားသောအာမေဍိတ်သံတွေများစွာ ထွက်ပေါ်လာတယ်။ ဟုတ်ပါတယ်။ လဲကျနေတာက ချစ်ရင်ထူးပါ။ အိမ်ထဲကနေ မမတစ်ရဲ့ အလန့်တကြားအော်လိုက်သံကြီးကို ကြားလိုက်ပြီးတော့ ဝရန်တာကနေ စောင်တွေနဲ့ခိုဆင်းနေရာကနေ လန့်ပြီး ပြုတ်ကျကာ ခေါင်းကိုထိပြီးတော့ တစ်ခါတည်း သတိလစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ချစ်ရင်ထူးပါ။

မမသုံးက ချစ်ရင်ထူးကို ဆွဲယူပွေ့လိုက်တဲ့အခါမှာပဲ မယ်ယက္ခရဲ့ ငိုသံကြီးက ထွက်ပေါ်လာတယ်။

"အမလေး. . . ချစ်ရဲ့၊ အဖြစ်ဆိုးလှချည်လား၊ မင်္ဂလာဆောင်ကာနီးမှ ဝရန်တာပေါ်တက်ဆော့ရတယ်လို့၊ အခုတော့ ပြုတ်ကျပြီးသေပြီပေါ့. . . ဟီး. . . ဟီး. . . ဟီး"





# ဆယ့်တစ်

မမသုံးယောက်က ချစ်ရင်ထူးရဲ့ ခုတင်အစွန်းမှာဝင်ထိုင်နေကြကာ ချစ်ရင်ထူးသတိရလာမယ့်အချိန်ကို စောင့်နေမိကြသလို မယ်ယက္ခကလည်း အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်ပြီးစောင့်နေတယ်။

ဒီအချိန်မှာပဲ ချစ်ရင်ထူးရဲ့ခန္ဓာကိုယ်က လှုပ်ရှားယိမ်းထိုးလာတယ်။

"ဟယ်. . . မောင်လေးသတိရလာပြီ"

မမတစ်ရဲ့ စကားအဆုံး မယ်ယက္ခက ခုတင်နားကိုဝုန်းခနဲပြေးချလာကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ချစ်. . . ချစ်သတိရပြီလားဟင်၊ စိတ်ပူလိုက်ရတာချစ်ရယ်၊ မယ့်ရင်တွေ ဘယ်လောက်တောင်ပူနေလဲသိလား၊ ဒီမှာကိုင်ကြည့်စမ်းပါဦးချစ်ရယ်"

ပြောပြောဆိုဆို မယ်ယက္ခက ချစ်ရင်ထူးရဲ့လက်တစ်ဖက်ကို ဆွဲယူလိုက်ပြီး သူမရင်ဘတ်မှာကပ်လိုက်တော့ ချစ်ရင်ထူးမျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားတယ်။

ချစ်ရင်ထူးက မယ်ယက္ခလက်ထဲက သူ့လက်ကိုပြန်ရုန်းထွက်လိုက်ကာ ခုတင်ပေါ်မှာ ငုတ်တုတ်ထထိုင်လိုက်ရင်း. . .

"အလို. . . အတင့်ရဲလိုက်တာ၊ ငါကိုယ်တော်ရဲ့လက်ကို ဒင်းလိုရံရွှေတော်တစ်ယောက်က ခွင့်မတောင်းပဲ လာကိုင်ရဲရတယ်လို့"

လို့ဆိုပြီး စကားကိုခဏဖြတ်ထားလိုက်ကာ မမသုံးယောက်ဘက်ကို လှည့်လိုက်ရင်း. . .

"ကဲ. . . ရဲမက်တို့၊ ဒီအညတြရံရွှေတော်ကို ဖမ်းချုပ်လိုက်ကြစမ်းကွယ်၊ ဒင်းကို တောင်စွယ်နေကွယ်ချိန်မှာ ငါကိုယ်တော်တိုင်ကွပ်မျက်မယ်"

ချစ်ရင်ထူးရဲ့နှုတ်က ဆက်တိုက်ထွက်လာတဲ့ စကားတွေအဆုံးမှာ မယ်ယက္ခ၊ မမနှစ်နဲ့ မမသုံးတို့သုံးယောက်လုံး ပါးစပ်တွေအဟောင်းသား ဖြစ်ကုန်တော့တယ်။

ညကဖြစ်ခဲ့တဲ့ အလန့်တကြားကိစ္စကြောင့် ဘယ်နားမှာ နား





ကြပ်ထွက်ကျနေမှန်းမသိတဲ့ မမတစ်ကတော့ ချစ်ရင်ထူးကိုကြည့်ရင်းက. . .

"မောင်လေး. . . သေးပေါက်ချင်လို့လား ဟုတ်လား၊ လာလာမမလိုက်တွဲပို့မယ်လေ"

ဆိုပြီး ချစ်ရင်ထူးကို ခုတင်ပေါ်က ဆွဲချဖို့လုပ်တယ်။ ဒီတော့ မမနှစ်က မမတစ်လက်ကို အသာပြန်ဆွဲထားလိုက်ရင်း. . .

"ဟာ. . . ဘာတွေပြောနေတာလဲ၊ သူပြောနေတာက တခြားပါမမတစ်ရဲ့"

"ဟဲ့. . . သူက သေးပေါက်ချင်တယ်လို့ပြောနေတယ်လေ"

"မဟုတ်ပါဘူးဆို၊ အသာနေစမ်းပါ"

"ဒါဆို သူကဘာပြောနေတာလဲ၊ ဗိုက်ဆာလို့တဲ့လား"

မမနှစ်က စိတ်ရှုပ်လာဟန်နဲ့ ခေါင်းကိုတဗျင်းဗျင်းကုတ်တယ်။ မမသုံးကတော့ ချစ်ရင်ထူးကို သေချာကြည့်ရင်း သူမရင်ဘတ်ကိုသူမတဘုန်းဘုန်းပြန်ပုတ်ပြရင်းက. . .

"ငချစ်. . . မောင်လေး၊ မင်းဘာတွေပြောနေတာလဲ၊ ဒီမှာသေချာကြည့်ပါဦး၊ မမသုံးလေ. . . မမသုံး၊ ဒါကမမနှစ်၊ ဒါကမမတစ်လေ၊ သေချာကြည့်ပါဦးမောင်လေးရဲ့"

"အလို. . . ဘာတွေလာပြောနေကြတာလဲ၊ တိုင်းရေးပြည်ရေးက မငြိမ်သက်ရတဲ့ကြားထဲ ဘယ်ကအမျိုးတွေကို လာစပ်နေရတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဟဲ့. . . လာကြစမ်း၊ အပြင်မှာဘယ်သူမှမရှိကြဘူးလား၊ ဒီလေးယောက်ကို လာဖမ်းလှည့်ကြစမ်းပါ”

ချစ်ရင်ထူးမျက်နှာက ကြောင်စီစီနဲ့။ ဘယ်သူ့ကိုမှလည်း မှတ်မိပုံမပေါ်။ မမသုံးက တရှုံ့ရှုံ့ငိုတော့တယ်။

မမနှစ်က ချစ်ရင်ထူးကို ပခုံးတစ်ဖက်တစ်ချက်ကနေ ကိုင်လှုပ်လိုက်ရင်း. . .

“ချေစ်. . . မင်းဘာတွေဖြစ်နေတာလဲ၊ စိတ်ထိန်းစမ်း၊ စိတ်ထိန်းစမ်း ချေစ်၊ ငါမင်းရဲ့ မမနှစ်လေ၊ သေချာကြည့်စမ်းပါ၊ မမနှစ်လေ”

မမနှစ်ရဲ့စကားအဆုံး ချစ်ရင်ထူးက မမနှစ်ရဲ့မျက်နှာကို သေချာချာကြည့်တယ်။ ကြည့်တာမှ သေသေချာချာကိုစူးစူးစိုက်စိုက်ကြည့်တာပါ။ အဲဒီလိုကြည့်နေရင်းကနေ ချစ်ရင်ထူးက တဖြည်းဖြည်းနဲ့ ပြုံးလာတယ်။

“မှတ်မိပြီလားမောင်လေး၊ မမကို မှတ်မိပြီမဟုတ်လား”

“မှတ်မိပြီ၊ မှတ်မိတာပေါ့၊ ဘာလို့မမှတ်မိရမှာလဲ”

မမနှစ်ရဲ့မျက်နှာက အခုမှ အလုံးကြီးကျသွားဟန်နဲ့ အနည်းငယ်ပြန်ပြုံးလာနိုင်ကာ. . .

“ဒါဆိုဘယ်သူလဲဟင်၊ မမကဘယ်သူလဲ ပြောစမ်းပါဦး”

“သူခိုးကတော်လေ”

“ဟင်!”





ချစ်ရင်ထူးရဲ့ စကားအဆုံး အခန်းထဲမှာရှိတဲ့လူတွေအကုန်လုံး မျက်လုံးတွေ ပြူးကုန်ကြတယ်။

“မောင်လေး. . . ဘာတွေပြောနေတာလဲ၊ မ. . မဟုတ်သေး”

“ဘာမဟုတ်ရမှာလဲ၊ နင့်ယောက်ျားရွှဲကွန်သည် အစုတ်ပလုတ်က ငါ့ရွှေခွက်ကြီးကို အမယ်အိုဆီကနေ မလှိမ့်တပတ်နဲ့ယူသွားတာလေ၊ ဘာအခုမှ မသိချင်ယောင်ဆောင်နေတာလဲ”

ပြောနေရင်းကနေ ချစ်ရင်ထူးက မတ်တပ်ထရပ်လိုက်ကာ ခုတင်ပေါ်မှာ ကွေးနေအောင်ကတော့တယ်။ ပါးစပ်ကဆိုနေတဲ့ သီချင်းကကျတော့ ဒီလို။

“မပေး. . . ပေးပေးပေး. . . ငါ့ရွှေခွက်ကြီးပေး၊ မပေး. . ပေးပေးပေး. . .,ငါ့ရွှေခွက်ကြီးပေး”

ကျန်နေတဲ့လူတွေ အကုန်လုံးကတော့ ချစ်ရင်ထူးကိုကြည့်ကာ ပါးစပ်အဟောင်းသား။

“မမနှစ်. . . လုပ်ပါဦး၊ မောင်လေးက ဘုရင်ဖြစ်နေရာကနေ ရွှဲကုန်သည်ပြဇာတ်ထဲရောက်သွားပြန်ပြီ၊ မောင်လေး. . . မောင်လေးရူးသွားပြီလားမသိဘူး၊ အမလေး အဖြစ်ဆိုးလှချည်လားမောင်လေးရဲ့”

မမသုံးရဲ့ ရင်ထုမနာပြောစကားအပြီးမှာတင်ပဲ ချစ်ရင်ထူးက ကနေရာကနေ ဖြုန်းခနဲရပ်ပစ်လိုက်ကာ အနားမှာရှိတဲ့ မယ်ယကွာကို အင်္ကျီရင်ဘတ်ကနေ စုဆွဲကိုင်ထားလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အခုပေးစမ်း. . . ငါ့ရွှေခွက်ကြီးကို အခုပြန်ပေးစမ်း၊ နင့်ယောက်ျားယူသွားတဲ့ ငါ့ရွှေခွက်ကြီးကို အခုပြန်ပေးစမ်း၊ ငါအသာတကြည်တောင်းနေတုန်းကို ထုတ်ပေးနော်၊ အခုပေး"

ချစ်ရင်ထူးမျက်လုံးထဲက မျက်ဆန်နက်နှစ်ခုက ချာချာလည်လာတယ်။ မယ်ယက္ခကလည်း ချစ်ရင်ထူးကိုကြည့်ကာ ကြောက်လာရင်း. .

"မ. . . မမတို့၊ လုပ်ဦးလေ၊ ဒီမှာ. . . သူ့ကိုထိန်းကြပါဦး၊ သူ့ကိုမထိန်းကြတော့ဘူးလား၊ ကျွန်မ. . . ကျွန်မကြောက်လာပြီ"

"ဘာအခုမှကြောက်ပါပြီလဲ၊ ငါ့ရွှေခွက်ကြီးကို ယူတုန်းကတော့ယူသွားကြပြီးတော့ အခုမှ ကြောက်ချင်ယောင်ဆောင်နေတယ်ပေါ့လေ၊ စစ်ကူတောင် ခေါ်လိုက်သေးတယ်၊ သတ်မယ်. . . နင့်ကိုငါသတ်မယ်၊ နင်ရော. . . ဟောဒီက နင့်ရဲ့အပေါင်းအပါတွေကိုရောပါ ငါသတ်မယ်"

ပြောလည်းပြော ချစ်ရင်ထူးက မယ်ယက္ခကိုလွှတ်လိုက်ကာ ခုတင်ပေါ်က ခုန်ချလိုက်တယ်။

"ငါ့ဓါး. . . ငါ့ဓါး ဘယ်နားမှာထားမိပါလိမ့်"

ချစ်ရင်ထူးစကားလည်းကြားရော အကုန်လုံး မျက်ကလူးဆန်ပျာဖြစ်ကုန်ကြကာ ထိုင်ရာနေ မတ်တပ်ထရပ်လိုက်ကြတယ်။ ပြီးတော့ ချစ်ရင်ထူးကို ဘယ်လိုထိန်းရမှန်းမသိဖြစ်နေတုန်းမှာပဲ ချစ်ရင်ထူးက သူ့ခုတင်အောက်က ဘော့စ်ဘောရိုက်တဲ့တုတ်ကြီးကို ဆွဲထုတ်လိုက်ပြီး အနားမှာရှိတဲ့ မယ်ယက္ခလည်ပင်းကို ဓါးနဲ့ပိုင်းသလိုမျိုး လွှဲပိုင်းခုတ်ချ





လိုက်တယ်။ မယ်ယက္ခမှာ ကြောက်အားလန့်အားနဲ့ ဖင်ထိုင်ချလိုက်လို့သာလွတ်သွားတာ။ မယ်ယက္ခခေါင်းနားကနေ ဗွီးခနဲလေတိုးသံတစ်ခုဖြတ်သွားတယ်။ ထိလိုက်မိရင်တော့ တစ်ချက်တည်းပွဲသိမ်းပဲ။ မမသုံးယောက်ဆီကလည်း "အမလေး!" ဆိုတဲ့ အလန့်တကြားအော်သံတစ်ခုက တစ်ပြိုင်တည်းထွက်လာတယ်။

"အံမယ်. . . နင်က ရှောင်တယ်ပေါ့၊ ဟားဟား. . . ကြိုက်တယ်၊ ကြိုက်တယ်၊ ငါကလည်းအဲဒီလိုမျိုးမှကြိုက်တာ၊ ကိုင်း. . . လာလေရော့ဟ"

အဲဒီနောက်မှာတော့ သူရိုက်တာကို ရှောင်လိုက်တဲ့အတွက် ဒေါသထွက်သွားတဲ့ ချစ်ရင်ထူးက လက်ထဲမှာကိုင်ထားတဲ့ ဘော့စ်ဘောတုတ်နဲ့ အကုန်လုံးကို သိမ်းကြုံးပြီးလိုက်ရိုက်တော့တာပဲ။ မမသုံးယောက်နဲ့ မယ်ယက္ခတို့ကလည်း အခန်းထဲမှာပတ်ပြေးတယ်။ နောက်ဆုံးဘယ်လိုမှ မပြေးနိုင်တော့တဲ့ အဆုံးမှာကျတော့မှ အခန်းအပြင်ကိုအကုန်ထွက်လာကာ ချစ်ရင်ထူးကို အပြင်ကနေ သော့ခတ်ထားလိုက်ရတော့တယ်။

မမနှစ်က မောဟိုက်နေတဲ့ရင်ဘတ်ကို လက်နဲ့အသာဖိထားကာ ချစ်ရင်ထူးရဲ့အခန်းတံခါးကို မှီထားရင်းက. . .

"ဆရာဝန်. . . ဆရာဝန်အမြန်ခေါ်"

လို့ပြောတယ်။ ချစ်ရင်ထူးရဲ့အသံကတော့ အခန်းထဲကနေထွက်လာနေတုန်းပဲ။



www.burmeseclassic.com

# ရာဇဝင်အဆို

"ဟီးဟီးဟီး. . . ငါ့ရွှေခွက်ကြီးပါသွားပြီ၊ ငါ့ရွှေခွက်ကြီးပါသွားပြီ၊ ငါ့ရွှေခွက်ကြီးကို ပြန်ပေး၊ ငါ့ရွှေခွက်ကြီးကိုပြန်ပေး. . . ဟီး. . . ဟီး ဟီး. . . ငါ့ရွှေခွက်ကြီးပါသွားပြီ. . . ဟီး. . . ဟီး. . . ဟီး. . . "





မမသုံးယောက်နဲ့ မယ်ယက္ခတို့အုပ်စုက ဒေါက်တာအသပြာနဲ့အတူ အထဲကို ဘယ်သူမှလိုက်မဝင်ရဲတော့ အပြင်ကနေပဲ စောင့်နားစွင့်နေကြကာ ဒေါက်တာအသပြာထွက်မယ့်အချိန်ကို စောင့်နေမိကြတယ်။

ဒေါက်တာအသပြာကတော့ နဖူးမှာ ဖဲကြိုးတစ်စကို ချည်ထားပြီး ခုတင်မှာ တင်ပျဉ်ခွေထိုင်ကာ တရုတ်သိုင်းကားထဲက သိုင်းသမားတွေ သိုင်းကျင့်သလိုမျိုး လက်တွေကိုဝှေ့ရမ်းနေတဲ့ ချစ်ရင်ထူးအနားကို တိုးကပ်သွားလိုက်တယ်။

"မောင်ချစ်ရင်ထူး"

ဒေါက်တာအသပြာက ခေါ်လိုက်ပေမယ့်လို့ ချစ်ရင်ထူးက မထူးဘူး။ မျက်လုံးတွေကိုမှိတ်ထားကာ လက်တွေကိုပဲ ဝှေ့ရမ်းနေတယ်။

"မောင်ချစ်ရင်ထူး"

ဒေါက်တာအသပြာက ထပ်ခေါ်လိုက်ပေမယ့်လို့ ချစ်ရင်ထူးက လုံးဝ မထူးဘူး။ ဒါနဲ့ ဒေါက်တာအသံပြာက ချစ်ရင်ထူးရဲ့ပခုံးလေးကိုကိုင်ကာ လှုပ်လိုက်တဲ့အခါမှာတော့ ချစ်ရင်ထူးရဲ့ ညာဘက်လက်ဖဝါးက ဒေါက်တာအသပြာရဲ့ပါးနဲ့ မိတ်ဆက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဖောင်း"

"အောင်မလေး!. . . သေပါပြီဗျာ့"

ဒေါက်တာအသပြာရဲ့ ပါးတစ်ဖက်လုံး မီးစနဲ့အထိုးခံလိုက်ရသလို ပူသွားကာ ဘေးကိုဖင်ထိုင်ရက် ပစ်ကျသွားတော့တယ်။ ပြီးတော့ ချစ်ရင်ထူးကိုလည်း မယုံနိုင်သလိုမျက်လုံးမျိုးနဲ့ ကြည့်နေမိတယ်။ ဒီအချိန်မှာပဲ ချစ်ရင်ထူးရဲ့မျက်လုံးတွေက တဖြည်းဖြည်းချင်းပွင့်လာကာ. . .

"ဟင်. . . ငါသိုင်းကျင့်နေတာကို ဘယ်သူလာနှောက်ယှက်သလဲလို့၊ လက်စသတ်တော့ မယဏဂိုဏ်းက ဂိုဏ်းချုပ်ကြီးကိုး"

"ဟင်!"

"ယုတ်မာလိုက်တာ၊ ယုတ်မာလိုက်တာ၊ ငါ့ရဲ့နှစ်တစ်ထောင်လက်ဝါးသိုင်း နောက်ဆုံးအဆင့်ကိုရောက်နေမှ မင်းနှိပ်စက်လို့မအောင်မြင်တော့ဘူး၊ တပည့်တွေကလည်း အပြင်မှာစောင့်နေပါဆိုတာကို ဒီဂူထဲကို လူတစ်ယောက်လုံးဝင်လာတာတောင် မသိလောက်အောင် ညံ့လှချည်လား"

"မ. . . မဟုတ်သေးဘူးလေ မောင်ချစ်ရင်ထူးရဲ့၊ သတိထားစမ်းပါဦး၊ ဒေါက်တာလေကွာ၊ သေချာကြည့်စမ်းပါဦး၊ ဒေါက်တာ့ကိုတောင် မမှတ်မိတော့ဘူးလား"

ဒေါက်တာက အပူမပြယ်သေးတဲ့ ပါးတစ်ဖက်ကိုကိုင်ထားရင်း





ကနေ ပြောလိုက်ပေမယ့် ချစ်ရင်ထူးကတော့ ကြားဟန်မတူ။ အရေးလည်းမစိုက်။ သူ့အတွေးနဲ့သူပဲ ခေါင်းကိုခပ်ဖြည်းဖြည်းရမ်းပြီး အလွန်ကြေကွဲဆို့နင့်သွားတဲ့ဟန်နဲ့. . .

"သွားပြီ၊ သွားပြီ၊ အခုတော့ ငါစားထားတဲ့ ရေခဲတောင်ကြာပွင့်ရဲ့ အာနိသင်တွေအကုန်လုံး ဘာမှမသုံးမဝင်တော့ဘူး၊ အားလုံးအလကားဖြစ်ကုန်ပြီ၊ ပြီးတော့ အတွင်းဒဏ်ရာလည်း ရသွားပြီ"

ချစ်ရင်ထူးက ခေါင်းငိုက်စိုက်ချကာ ခဏငြိမ်သွားတယ်။ ပြီးတော့မှ မီးဝင်းဝင်းတောက်နေတဲ့ အကြည့်မျိုးနဲ့ ဒေါက်တာအသပြာကို ဆတ်ခနဲကြည့်လိုက်ရင်း လက်ညှိုးငေါက်ငေါက်ထိုးကာ. . .

"အဲဒါ မင်းကြောင့်၊ မင်းယုတ်မာလို့ ဖြစ်ရတာ၊ မင်းကိုငါသတ်မယ်၊ မင်းကိုလည်း ဒီသိုင်းလောကကြီးထဲမှာ အရှင်မထားဘူး"

ချစ်ရင်ထူးက ပြောလည်းပြော ဖင်ထိုင်ရက်လဲကျနေတဲ့ဒေါက်တာအသပြာအနားကိုလည်း ခုတင်ပေါ်ကနေ ဝှီးခနဲခုန်ချလိုက်တယ်။ ပြီးတော့ ဒေါက်တာအသပြာဘာမှမပြော၊ ဘာမှမလုပ်နိုင်လိုက်သေးခင်မှာပဲ ဒေါက်တာအသပြာ့ကို ဇွေ့ခနဲပွေ့ယူတဲ့ပြီး ကိုင်ပေါက်ချလိုက်တယ်။

"ယား"

"အူး!"

ဒေါက်တာအသပြာခမျာ မြီးညှောင့်ရိုးတလျှောက် အီစိမ့်



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ဒါပေမယ့် ပြီးသွားပြီလို့ မထင်နဲ့ဦး။ အဲဒီလိုအီစိမ့်နေတုန်းမှာပဲ ချစ်ရင်ထူးက လှစ်ခနဲရောက်လာပြန်ကာ သူ့ကိုဖွေ့ကိုပွေ့ယူလိုက်ပြန်တယ်။

"မ. . . မလုပ်"

"ဂရား"

"အား"

"ဖောင်း"

"အင်း"

"ရော့"

"အွန်း"

သုံးလေးငါးခါလောက် ဆက်ကာဆက်ကာ ကိုင်ပေါက်ခံလိုက်ရအပြီးမှာတော့ ဒေါက်တာအသပြာတစ်ယောက် ဂျိုးဂျိုးကျသွားတော့တယ်။ ဒါပေမယ့် ကြာကြာနာမနေအားသေး။ အနားကိုချစ်ရင်ထူးကရောက်လာပြန်သေးတာကြောင့် အနီးအနားမှာရှိတဲ့ ဖန်ဂေါ်လီလုံးလေးတစ်ခုကို ကောက်ယူလိုက်ကာ. . .

"ဟိုးတား. . ."

ဒေါက်တာအသပြာရဲ့အော်သံအဆုံးမှာ ချစ်ရင်ထူးက ဒေါက်တာကိုပွေ့တော့မယ့်ဟန်အတိုင်း ကုန်းကုန်းကွကွကြီးနဲ့ လေထဲမှာရပ်တန့်နေတယ်။ ဒေါက်တာအသပြာက ဖန်ဂေါ်လီလုံးလေးကို





လက်ထဲမှာ ဆုပ်ကိုင်ထားလိုက်ရင်းက. . .

"မလှုပ်နဲ့နော်၊ လက်ထဲမှာကိုင်ထားတာကိုတွေ့လား. . ."

"ဘာလဲ. . . အဲဒါက"

"ဟားဟား. . . လက်နက်ပုန်းလေ"

"ဟင်!"

ချစ်ရင်ထူးက အလန့်တကြားနဲ့နောက်ဆုတ်သွားတယ်။ ဒီမှာတင်ပဲ ဒေါက်တာအသပြာက "ငါက ဆရာဝန်ပါကွ" ဆိုတဲ့ အထာမျိုးနဲ့ ပြုံးလိုက်ရင်း. . .

"ဟားဟား. . . မင်းသိပ်ကြောက်သွားပြီးမဟုတ်လား၊ ဒီလက်နက်ပုန်းကို ပေါ့သေးသေးတော့မထင်နဲ့နော်၊ မျက်တောင်တစ်ခတ်အတွင်းမှာ မင်းခန္ဓာကိုယ်တစ်ခုလုံး ပြာကျသွားမှာသိရဲ့လား"

ချစ်ရင်ထူးက မျက်လုံးပြူးကာ နောက်ကိုခြေတစ်လှမ်းဆုတ်သွားတော့ ဒေါက်တာအသပြာက မတ်တပ်ထရပ်လိုက်တယ်။

"မလှုပ်နဲ့နော်၊ ရှေ့လည်းတိုးလာဖို့ စိတ်မကူးနဲ့၊ အို. . . ကုန်ကုန်ပြောမယ်၊ အသက်ကိုတောင် ပြင်းပြင်းမရှူနဲ့၊ မင်းလှုပ်ရှားတာနဲ့ ငါကပစ်မှာနော်"

"မင်း. . . မင်း. . . မယုတ်မာနဲ့နော်"

"ဟားဟား. . . အခုတော့ သိပ်ကြောက်သွားပြီမဟုတ်လား၊ အသပြာပါကွ၊ နာမည်တစ်လုံးနဲ့သိုင်းသမားပါ၊ ဟောဒီ သိုင်းလောက



www.burmeseclassic.com

www.burmeseclassic.com



ကြီးထဲမှာ မင်းထက်အရင် ငါကျင်လည်လာတာ၊ မင်းထက်တော်လို့ မယဏာဂိုဏ်းမှာတောင် ဂိုဏ်းချုပ်လုပ်နေတာ၊ မသေချင်သေးရင် ဟို ဘက်လှည့်စမ်း"

"မင်း. . . မင်းဘာလုပ်မလို့လဲ"

ချစ်ရင်ထူးရဲ့ အမေးစကားအဆုံး ဒေါက်တာအသပြာက လက် ထဲက ဂေါ်လီလုံးကို ပစ်ပေါက်တော့မယ့်ဟန်နဲ့ မြှောက်ကိုင်ထားလိုက် ရင်း. . .

"မရှည်နဲ့. . . လှည့်ဆိုရင်လှည့်ပေါ့ကွ၊ ငါပစ်လိုက်မှာနော်၊ လှည့်. . . အခုလှည့်"

ချစ်ရင်ထူးက မလှည့်ချင်လှည့်ချင်ဟန်နဲ့ နောက်ကိုလှည့်သွား တယ်။ ဒီတော့ ဒေါက်တာအသပြာက အခန်းတံခါးကို မျက်လုံးစွေကြည့် လိုက်ရင်းက. . .

"မလှုပ်နဲ့နော်၊ လှုပ်တာနဲ့ပစ်လိုက်မှာ၊ နောက်ကိုလည်းလှည့် မကြည့်နဲ့"

ပြောရင်းက တံခါးပေါက်ရှိရာကို တဖြည်းဖြည်းချင်းရွှေ့လာခဲ့ လိုက်တယ်။ မြီးညှောင့်ရိုးကလည်း တော်တော်လေးနာနေပြီ။ လမ်းသွား ရတာတောင် အရိုးထဲက နာနေတယ်။

"လှည့်မကြည့်နဲ့နော်၊ လှည့်ကြည့်ရင်ပစ်လိုက်မှာ"

အဲဒီလိုရွှေ့လာခဲ့ရင်းကနေ တံခါးပေါက်နားရောက်တော့မှ





တံခါးပေါက်ကို ဝုန်းခနဲဆွဲဖွင့်လိုက်ပြီး အပြင်ကိုအမြန်ထွက်ကာ သော့ အမြန်ပြန်ခတ်ထားလိုက်ရတယ်။

"ဟူး. . ."

သက်ပြင်းမောချအပြီးမှာပဲ ဒေါက်တာအသပြာရဲ့ ဒူးတွေက ညွတ်ခွေကျသွားတယ်။

"ဒေါက်တာ. . . မောင်လေးရဲ့အခြေအနေလေး"

မမနှစ်ရဲ့ အမေးစကားအဆုံးမှာ ဒေါက်တာအသပြာက မျက် နှာကိုရှုံ့မဲ့ထားရင်း ခေါင်းလေးကိုအနိုင်နိုင်ရမ်းပြတယ်။

"ရှင်!"

"အောင်မလေး. . . အဖြစ်ဆိုးလှချည်လား. . . ငချစ်ရဲ့"

မမသုံးယောက်က တစ်ယောက်ကိုတစ်ယောက်ဖက်ကာ ငိုကြ တော့တယ်။ မယ်ယက္ခကတော့ ပါးစပ်ထဲရောက်ကာနီးမှ မြေကြီးပေါ် ပြုတ်ကျသွားတဲ့ မုန့်တစ်ခုလို ကောက်စားရအခက်၊ လွှင့်ပစ်ရအခက် ဖြစ်နေတဲ့ မျက်နှာပေးမျိုးနဲ့ အီလည်လည်ကြီး။

အထဲကချစ်ရင်ထူးကတော့ တံခါးကိုတဒုန်းဒုန်းထုရင်း. . .

"ငါ့ကို ဒီဂူထဲက ထုတ်ပေးကြပါ၊ ငါ့ကိုဒီဂူထဲက ထွက်ခွင့်ပေး ကြပါ"

လို့အော်နေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝဒိဋ္ဌ

ချစ်ရင်ထူးက နဖူးမှာ ပဝါတစ်ထည်ကိုပတ်ချည်ထားပြီး ယပ်တောင်တစ်ချောင်းကို နောက်နားမှာထိုးကာ ခုတင်ပေါ်မှာ တင်ပျဉ်ခွေထိုင်နေပြီးတော့ မယ်ယက္ခရဲ့ဘော်ဒီဂတ်သုံးယောက်ကတော့ အောက်က ကြမ်းပြင်ပေါ်မှာ ဒူးတုပ်လျက်လေးတွေထိုင်ကာ လက်အုပ်လေးတွေ ချီထားကြတယ်။

"မင်းကြီးများ. . ."

လက်ထဲက ဘော့စ်ဘောရှိုက်တံကို သံလျက်အထာနဲ့ ဝှေ့ရမ်းကာ ပြောလိုက်တဲ့ ချစ်ရင်ထူးစကားအဆုံးမှာ အောက်ကသုံးယောက်ကလည်း ရောင်းသူဝယ်သူအသံတူစွာ. . .

"ဘုရား. . ."

လို့ လိုက်လုပ်ပေးရတယ်။ မလုပ်လို့ကလည်း မရဘူးလေ။ မလုပ်ရင် လက်ထဲကတုတ်နဲ့ အဆော်ခံရမှာကိုး။ မယ်ယက္ခနဲ့ မမသုံးယောက်က အပြင်ကနေပဲချောင်းကြည့်နေကြတယ်။ ချစ်ရင်ထူးအနားကို မကပ်ရဲကြတော့ဘူး။





"မင်းကြီးတို့"

"ဘုရား"

"ဟင်. . . ကာရံလည်းမညီဘူး၊ ပြန်ထူး၊ မင်းကြီးတို့. . ."

ပေါက်ခေါမတို့အုပ်စု တစ်ယောက်နဲ့တစ်ယောက် လက်အုပ်ချီထားရင်းကနေ တစ်တောင်ဆစ်တွေချင်းတွန်းထိုးကာ ညှိလိုက်ပြီးသကာလ သံပြိုင်ထွက်လာတာက. . .

"ဖရှိ. . ."

ဒီတစ်ခါတော့ ချစ်ရင်ထူး သဘောကျသွားတယ်။

"ဒီလိုလုပ်စမ်းပါ၊ ဒါမှရှေ့သွားနောက်လိုက်ညီမှာပေါ့၊ မဟုတ်ပေဘူးလား ဝန်မင်းတို့ရဲ့"

"မှန်လှပါဘုရား"

"အိမ်း. . . ခုတလော ဖြူဖြူကျော်သိန်းသီချင်းခွေအသစ် မထွက်ပေဘူးလားကွဲ့"

"မှန်လှပါဘုရား၊ မိန်းကလေးတစ်ယောက် ဒူးပြဲနေတယ်၊ အဲ. . မှားလို့ပါဘုရား၊ မိန်းကလေးတစ်ယောက် အသည်းကွဲနေတယ်ဆိုတဲ့အခွေက နောက်ဆုံးပါဘုရား"

"အလို. . . အဲဒီအခွေကို ငါကိုယ်တော်လည်း နားမထောင်ရသေးပါလား"

"မှန်လှပါဘုရား၊ အရှင်မင်းကြီးနားထောင်ချင်ရင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မျိုးမ သွားရောက်ဝယ်ပြီးဆက်သပါ့မယ်ဘုရား"

"အိမ်း. . . ကောင်းလေစွ၊ ကောင်းလေစွ၊ ဒီလိုအလိုက်သိတဲ့ ဝန်မင်းကို ငါကိုယ်တော်ကလည်း ဆုတော်လာဘ်တော်တွေ ချီးမြှင့်ရမှာပေါ့ကွယ်၊ ကဲ. . . နားဇေထောင်ကြစမ်းဝန်မင်းတို့၊ အခုလိုအလိုက်သိတဲ့ ဝန်မင်းဖက်တီးကို ငှက်ပျောသီးတစ်လုံး ပေးသနားစေဗျား"

ပြောပါများလာတော့ ပေါက်ခေါ်မတို့အုပ်စုလည်း ချစ်ရင်ထူး ဆီက-ဘယ်စကားထွက်လာရင် ဘာပြန်ပြောရမယ်ဆိုတာကို ကောင်းကောင်းညက်နေကြပြီ။ ဒီတော့ သုံးယောက်သားက သံပြိုင်အော်လိုက်ကြတယ်။

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား. . ."





မမသုံးယောက်က ဒေါက်တာငွေခင်ကို ခြံရံပြီး ချစ်ရင်ထူးရဲ့ အခန်းရှိရာကို တက်လာခဲ့ကြတယ်။

"ကျွန်မတို့မောင်လေးကို ကယ်ပါဦးဆရာရယ်၊ ကျွန်မတို့မှာ ဒီမောင်လေးတစ်ယောက်ပဲရှိတာပါ၊ ရွှေလိုဥထားတဲ့မောင်လေးပါဆရာရယ်. . . အခုတော့. . . အခုတော့"

"ဘာမှမပူပါနဲ့ဗျာ၊ ဒီလိုလူနာတွေ ကျွန်တော်ကုလာတာ မရေတွက်နိုင်တော့ပါဘူး၊ စိတ်ချ. . . ကျွန်တော်နဲ့တွေ့ရင် ပျောက်ပြီလို့သာ မှတ်တော့"

"အားကိုးပါတယ်ဆရာရယ်၊ အားကိုးပါတယ်၊ ငွေဘယ်လောက်ကုန်ကုန်ပါ၊ ကျွန်မတို့မနှမြောပါဘူး၊ ပျောက်အောင်သာ ကုပေးပါနော် ဆရာ"

"စိတ်ချပါဗျာ၊ စိတ်ချပါ. . . ကျွန်တော်ဒေါက်တာငွေခင်ပါ၊ နာမည်တစ်လုံးနဲ့ နေနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့၊ ကျွန်မတို့မောင်လေးရဲ့ အနာဂတ်ကို ဆရာ့လက်ထဲ အပ်ပါတယ်ဆရာရယ်၊ ကျွန်မတို့မောင်လေးကိုကြည့်ပြီး ကျွန်မတို့ ရင်နာရလွန်းလို့ပါ၊ ပျောက်အောင်ကုပေးပါနော်"

အဲဒီလို စကားတပြောပြောနဲ့ ချစ်ရင်ထူးရဲ့ အခန်းရှေ့ကို ရောက်လာတယ်။ မမနှစ်က. . .

"ဒီအခန်းပါ. . . ရှေ့ကကြွပါဆရာ"

ဆိုပြီး အခန်းတံခါးကိုဖွင့်ပေးလိုက်တော့ ဒေါက်တာငွေခင်က ရင်ကိုကော့ပြီး ရှေ့ဆုံးက ဝင်လိုက်တယ်။ ဒါပေမယ့် ဒေါက်တာငွေခင်ခမျာ အခန်းထဲကို ခြေတစ်လှမ်းပဲချကာရှိသေးတယ်။ အထဲကနေ ခုန်ပျံထွက်လာတဲ့ ဘော့စ်ဘောရိုက်တံကြီးနဲ့ နဖူးနဲ့မိတ်ဆက်သွားတယ်။

"တိန်!"

ဒေါက်တာငွေခင်တစ်ယောက် နေ့ခင်းကြောင်တောင် ကြယ်တွေလတွေမြင်ပြီး အခန်းအပြင်ကို ပက်လက်လန်ကျသွားတယ်။

"ဒေါက်တာ!!!"

မမသုံးယောက်ရဲ့ အလန့်တကြားအော်လိုက်သံက သံပြိုင်။ ဒီအချိန်မှာပဲ အခန်းတံခါးဝမှာ ချစ်ရင်ထူးက ခါးထောက်ရက်ပေါ်လာကာ. . .

"ငါစိတ်မကြည်ဘူး၊ ငါ့အခန်းနားကို ဘယ်သူမှမကပ်နဲ့၊ ဒါပဲ"

ဆိုပြီး ဘော့စ်ဘောရိုက်တံကိုပြန်ကောက်ကာ အခန်းတံခါးကို





ဂျိန်းခနဲပြန်ပိတ်သွားတယ်။

နာမည်တစ်လုံးနဲ့နေနေတဲ့ ဒေါက်တာငွေခင်တစ်ယောက်ကတော့ နဖူးမှာ အာလူးသီးကြီးထကာ လောကကြီးနဲ့ အဆက်အသွယ်ပြတ်နေရှာတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသစ်ကိုလည်း မြင်လိုက်ရော မမသုံးယောက်စလုံးက ပြေးဖက်ပြီး ငိုချင်းချတော့တယ်။

"အောင်မလေး. . . မောင်လေးဖိုးသစ်ရယ်၊ မင်းသူငယ်ချင်းကိုကယ်ပါဦး၊ မင်းသူငယ်ချင်း ဘာကိုမှမမှတ်မိတော့ဘူး၊ သွက်သွက်ခါအောင်ရူးနေပြီ. . . ဟီးဟီးဟီး. . . ရှွတ်"

"ဟုတ်တယ်. . . ဟုတ်တယ်၊ မမတို့လည်း ဆရာဝန်တွေတစ်ယောက်ပြီးတစ်ယောက် ခေါ်ပြနေတာ၊ မြန်မာနိုင်ငံမှာရှိတဲ့ဆရာဝန်တွေတောင် ကုန်သလောက်ဖြစ်နေပြီ၊ ဘယ်သူမှမကယ်နိုင်ဘူး၊ ရွာသာကြီး ကိုပို့ဖို့ပဲ ကျန်တော့တယ်မောင်လေးရယ်. . . အဟင့်ဟင့်ဟင့်. . . ရှီး"

"ငချစ်လေ. . . ငချစ်. . . အီးဟီးဟီး. . . ရှွတ်"

နှပ်ချေးတွေတရှုံ့ရှုံ့ညှစ်ကာ အဲဒီညှစ်ထားတဲ့လက်တွေနဲ့ပဲ သူ့ကိုလာကိုင်ကာ ငိုနေတဲ့ မမသုံးယောက်လက်ထဲကနေ ဖိုးသစ်က ငွတ်ရုန်းထွက်လိုက်ရင်း. . .





"ငချစ်က. . . သူ့အခန်းထဲမှာပဲလား. . . ဟုတ်လား"

"အင်း. . . ဟုတ်တယ်"

"လာလေ. . . သွားရအောင်"

ဖိုးသစ်စကားလည်းဆုံးရော ငိုနေတဲ့သုံးယောက်က မျက်နှာတွေ ရှုံ့မဲ့သွားကြရင်း ရမ်းလို့ရတဲ့ဟာမှန်သမျှကို အကုန်ရမ်းပြကြရင်းက. . .

"အမလေး. . . မလိုက်ရဲပါဘူး၊ မောင်လေးပဲသွားလိုက်နော်၊ သူကလက်ထဲမှာ ဘော့စ်ဘောရိုက်တဲ့တုတ်ကြီးကို မချတမ်းကိုင်ထားတာ၊ သူ့စိတ်ထဲမကြည့်တာနဲ့ ဆော်တော့တာ၊ မောင်လေးပဲသွားလိုက်နော်၊ ပြီးမှ မမတို့နောက်ကလိုက်လာပြီး အပြင်ကနေ ချောင်းကြည့်နေမယ်၊ ဟုတ်ပြီလား. . ."

ဒီလိုနဲ့ ဖိုးသစ်တစ်ယောက်တည်း ချစ်ရင်ထူးရဲ့အခန်းရှိရာကို တက်လာခဲ့လိုက်တယ်။ ပြီးတော့ အခန်းတံခါးကို သာသာလေးတွန်းဖွင့်ဝင်လိုက်စဉ်မှာပဲ အခန်းတံခါးရဲ့အကွယ်ကနေ လက်တစ်ဖက်ထွက်လာကာ အဲဒီလက်တစ်ဖက်က ဖိုးသစ်ရဲ့ပါးစပ်ကို တင်းကြပ်နေအောင် ပိတ်ထားလိုက်တယ်။

ကြည့်လိုက်တော့ ချစ်ရင်ထူး. . .။

ဖိုးသစ်က တစ်ခုခုပြောဖို့ပြင်လိုက်စဉ်မှာပဲ ချစ်ရင်ထူးက နှုတ်ခမ်းနားမှာ လက်ညှိုးတစ်ချောင်းကိုတေ့ထားရင်း တိတ်တိတ်နေဖို့ပြော



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဖိုးသစ်က ခေါင်းညိတ်ပြလိုက်တော့မှ ချစ်ရင်ထူးက ပါးစပ်ပိတ်ထားတဲ့ လက်ကိုလွှတ်ပေးတယ်။

"မင်းအစ်မတွေပြောကော့ မင်းရှူးနေပြီဆို"

"မရှူးပါဘူးကွာ၊ ငါအားလုံးကိုသိတယ်၊ ဟန်ဆောင်နေတာ၊ အဲဒါတွေပြီးမှ ပြောပြမယ်ကွာ၊ အချိန်မရဘူး၊ ခုငါပြောတာကို သေချာနားထောင်၊ ဟုတ်ပြီလား"

ချစ်ရင်ထူးက ဖိုးသစ်နားနားကိုကပ်ပြီး လုပ်ရမယ့်ကိစ္စတွေကို ပြောတယ်။ ဖိုးသစ်ကလည်း ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေတယ်။

အဲဒီလို မှာစရာရှိတာတွေ မှာပြီးတဲ့အချိန်မှာပဲ အပြင်ဘက်ဆီက မမသုံးယောက်လျှောက်လှမ်းလာတဲ့ ခြေသံကိုကြားလိုက်ရတယ်။

"သွားတော့၊ သေချာလုပ်နော် သေစ်၊ ငါစိတ်ချမယ်"

ဖိုးသစ်က ခေါင်းတစ်ချက်ညိတ်ပြီး အခန်းတံခါးကိုဆွဲဖွင့်ကာ အပြင်ကိုထွက်လိုက်တယ်ဆိုရင်ပဲ မမသုံးယောက်နဲ့ မျက်နှာချင်းဆိုင်ဆုံမိကြတော့တယ်။

ဒီမှာတင်ပဲ ဖိုးသစ်က မျက်နှာကို လက်ဝါးနဲ့အုပ်ငိုလိုက်ရင်းက. . .

"ဟီး. . . အဖြစ်ဆိုးလှချည်လားသယ်ရင်းရာ၊ ငါ့ကိုတောင် မမှတ်မိတော့ဘူးပေါ့၊ ဟီးဟီး. . . မမတို့ ကျွန်တော့်သူငယ်ချင်းကို မ





ကယ်နိုင်ကြတော့ဘူးလားဗျာ၊ ကျွန်တော့်သူငယ်ချင်းကို ဒီအတိုင်းပဲထားလိုက်ကြတော့မှာလား. . . ဟီးဟီးဟီး. . . ရှုတ်"

ဖိုးသစ်က စောစောတုန်းက သူ့ကိုနှပ်ချေးတွေနဲ့သုတ်ပြီး ငိုထားတဲ့မမသုံးယောက်ကို လက်စားချေတဲ့အနေနဲ့ အကွက်ဝင်တုန်း နှပ်ချေးတွေနဲ့ ပြန်သုတ်ပြီးတော့ငိုတယ်။

ဒီတော့မမသုံးယောက်က နောက်ဘက်ကို မသိမသာဆုတ်သွားရင်းကနေ. . .

"မထားပါဘူးကွယ်၊ မထားပါဘူး၊ မင်းသူငယ်ချင်းကို မမတို့ရအောင်ကုမှာပါ၊ မမတို့မှာကလည်း ဒီမောင်လေးတစ်ယောက်ပဲရှိတာပါကွယ်၊ ရအောင်ကုမှာ စိတ်ချနော်"

"ဟုတ်. . . ဟုတ်ကဲ့၊ ကျွန်တော့်သူငယ်ချင်းကို ကျွန်တော်အရမ်းသနားတာပဲ မမတို့ရယ်၊ အဲဒါကြောင့်မို့လို့ ကျွန်တော်သူ့ကို နေ့တိုင်းလာပြီး အဖော်လုပ်ပေးမယ်နော်၊ မမတို့ခွင့်ပြုမယ်မဟုတ်လားဟင်. . ."

"ခွင့်ပြုပါတယ်ကွယ်၊ ခွင့်ပြုပါတယ်၊ မမတို့မောင်လေးအပေါ်ကို အခုလိုမျိုး ဖိုးသစ်က သံယောဇဉ်ကြီးမှန်း သိလိုက်ရတော့ မမတို့သိပ်ဝမ်းသာတာပဲ သိလား"

"ဒါဆို. . . ကျွန်တော် ပြန်လိုက်ဦးမယ်နော်၊ မနက်ဖြန်မှပြန်လာမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

"အေးကွယ်. . အေးအေး. . . "

ဖိုးသစ်က မျက်နှာကို လက်နဲ့အုပ်ကာ ပခုံးတွေလှုပ်ခတ်သွားတဲ့အထိ ဟန်ပါပါငိုရင်း ခြံပြင်ရောက်တဲ့အထိ မနားတမ်းပြေးထွက်လာခဲ့လိုက်တယ်။ ခြံပြင်ရောက်ပြီဆိုတော့မှ ချိုမီကျော်ထင့်ဆီကို ဖုန်းခေါ်လိုက်တယ်။

"အေး. . . ချိုမီကျော်ထင်လား၊ ငါပါ. . . ဖိုးသစ်"

ချိုမီကျော်ထင်နဲ့ ဖိုးသစ်က ငါးမိနစ်လောက်စကားပြောဖြစ်လိုက်တယ်။ ပြီးတော့ ဖိုးသစ်က နောက်ထပ်ဖုန်းတစ်ကော ထပ်ခေါ်တယ်။

"ဟယ်လို. . . ရဲစခန်းကပါလား၊ ဟုတ်ကဲ့ ကျွန်တော်သတင်းတစ်ခုပေးစရာရှိလို့ပါ"





# ဆယ့်နှစ်

"မင်္ဂလာဆောင်ကို ရက်မရွှေ့လို့မရဘူးလားဟင်. . . မမတို့"

ကော်ဖီသောက်ရင်းပြောလာတဲ့ မယ်ယုကွာရဲ့စကားကြောင့် မမနှစ်က စိတ်လေပါတယ်ဆိုတဲ့ အထာနဲ့ကြည့်လိုက်ရင်း. . .

"မရွှေ့လို့ ဘယ်လိုလုပ်ဖြစ်မှာလဲဟဲ့၊ ချေစ်က ပုံမှန်မှမဟုတ်တာ"

"ညီမ. . . ညီမက အရှူးကိုလည်း လင်တော်နိုင်ပါတယ်"

"အောင်မလေး. . . စဉ်းစဉ်းစားစားလည်းပြောစမ်းပါဟယ်၊ မင်္ဂလာဆောင်ပြီး ညအိပ်နေတုန်း ဟိုကနင့်လည်ပင်းကို ဓါးနဲ့ထလှီးရင် ဘယ်လိုလုပ်မတုန်း"

မမသုံးစကားကြောင့် မယ်ယုကွာတစ်ကိုယ်လုံး ကြက်သီးတွေတဖြန်းဖြန်းထသွားတယ်။ ပြီးမှ တွေးကြောက်လာရင်း မင်္ဂလာဆောင်ရက်ရွှေ့မယ့်ကိစ္စကို ဘာမှပြောမနေတော့။ နေကောင်းသွားမှ ထပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



လို့ရတာပဲမဟုတ်လားဆိုပြီး ကိုယ့်ကိုကိုယ်အားပေးလိုက်တယ်။

တကယ်ဆို မနက်ဖြန်က ချစ်ရင်ထူးနဲ့မယ်ယက္ခရဲ့ မင်္ဂလာရက်ပါ။ အခုတော့ ရက်ရွှေ့လိုက်ရပြီ။

အဲဒီလို နံနက်စာစားရင်း စကားတပြောပြောရှိနေတုန်းမှာပဲ ထမင်းစားခန်းထဲကို လူတစ်ယောက်ဝင်လာတာကြောင့် ကြည့်လိုက်မိတော့. . .

"အမလေး"

"အား!"

"သရဲ. . . သရဲ"

"အဟွတ်. . . အဟွတ်"

ဆိုပြီး အကုန်လုံးလန့်ကုန်တယ်။ မယ်ယက္ခဆို ကော်ဖီတွေ တောင်သီးလို့။ မလန့်ခံနိုင်ရိုးလား။ ဝင်လာတဲ့လူက သရဲမျက်နှာဖုံးကြီးတစ်ခုကို စွပ်လာတာလေ။ ရုတ်တရက်ဆိုတော့ လန့်ကုန်တာပေါ့။

ဒီအချိန်မှာပဲ ဝင်လာတဲ့လူက မျက်နှာမှာစွပ်ထားတဲ့ သရဲမျက်နှာဖုံးကြီးကို ချွတ်ပြလိုက်တယ်။

"ဟင်. . . ဖိုးသစ်"

"အမလေး. . . ဖိုးသစ်ရယ်၊ ဘယ်လိုဖြစ်လာတာတုန်း၊ ဒီမှာ လန့်လွန်းလို့ လိပ်ပြာတောင်လွင့်တော့မယ်"

မမတစ်ရဲ့စကားအဆုံး ဖိုးသစ်က ရယ်ကျဲကျဲလုပ်လိုက်ရင်း. .





"ဟီး. . . ချေစ်နဲ့ကစားဖို့ ယူလာတာဗျာ၊ သူ့ကိုအဖော်လာလုပ်ပေးတာလေ၊ သူ. . . သူ့အခန်းမှာပဲ မဟုတ်လား၊ ကျွန်တော်တက်သွားလိုက်မယ်နော်"

"ဩော်. . . အေးအေး၊ သံယောဇဉ်ကလည်း ကြီးပါ့၊ ဒါနဲ့မင်း မနက်စာရော စားလာခဲ့ရဲ့လား၊ မစားရသေးရင် တစ်ခါတည်းဝင်စားလိုက်လေ"

"စားလာခဲ့ပြီ မမသုံး၊ ကျွန်တော်အပေါ်ပဲ သွားလိုက်တော့မယ်"

"ဩော်. . အေးအေး၊ အဲဒါဆိုရင်လည်း သွားသွား"

ချစ်ရင်ထူးက အပေါ်ထပ် တက်သွားတယ်။ မယ်ယက္ခက သူ့နောက်နားမှာ အတန်းစီကာ မတ်တပ်ရပ်နေတဲ့ ဘော်ဒီဂတ်သုံးယောက်ကို တစ်ချက်လှည့်ကြည့်လိုက်ရင်း. . .

"နင်တို့ ဘရိတ်ဖတ်(စ်)စားပြီးပြီမှလား၊ ခြံရှေ့မှာကင်းစောင့်ချည်တော့. . . သွား"

"ရက်(စ်)ဘောစိမ"

ဘော်ဒီဂတ်သုံးယောက်က မယ်ယက္ခကို ဦးတစ်ချက်ညွတ်ပြပြီး အပြင်ထွက်သွားကြတယ်။ နောက်တော့ မမနှစ်နဲ့မမသုံးက အလုပ်ရှိလို့ဆိုပြီး အပြင်ထွက်သွားသလို မယ်ယက္ခကလည်း ခြံထဲဆင်းကာ ဟိုလျှောက်လိုက်ဒီလျှောက်လိုက် လုပ်နေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

# ချာရဝဒီဆိပ်

မမတစ်ကတော့ အိမ်မှာပဲနေတာဆိုတော့ အိမ်အလုပ်တွေနဲ့ပဲ လုံးလည်ချာလည်လိုက်သွားတယ်။ အဲဒီလိုနဲ့ မနက်ကိုးနာရီခွဲလောက် အချိန်မှာတော့ အပေါ်ထပ်ကနေ သရဲမျက်နှာဖုံးကြီးစွပ်ထားတဲ့ ဖိုးသစ်က ပြန်ဆင်းလာတယ်။

မမတစ်က ကြက်မွေးတစ်ချောင်းနဲ့ ဧည့်ခန်းထဲမှာ သန့်ရှင်းရေးလုပ်နေရာကနေ. . .

"ဟဲ့. . . ဖိုးသစ်၊ ပြန်တော့မလို့လား"

ဖိုးသစ်က ခေါင်းညိတ်ပြပြီး အပြင်ထွက်လာတယ်။ ပေါ်တီကိုအောက်ရောက်တော့ ဒန်းစင်ပေါ်မှာ မယ်ယက္ခကိုတွေ့တယ်။ မယ်ယက္ခကတော့ ဘာမှမပြော။ သူ့ကိုတစ်ချက်သာကြည့်တယ်။ ဒါနဲ့ဖိုးသစ်က ခြံပေါက်ဝဆီထွက်လာခဲ့လိုက်တယ်။ ခြံပေါက်ဝရောက်တော့လည်း ဘော်ဒီဂတ်တွေက ဘာမှမပြောဘူး။ ပေါက်ခေါ်မက နှာခေါင်းတစ်ချက်ရှုံ့ကာ သော့ဖွင့်ပေးတယ်။ ဒီလိုနဲ့ ဖိုးသစ်အပြင်ရောက်သွားတယ်။

အဲဒီအချိန်မှာပဲ ဖိုးသစ်အနားကို ကားတစ်စီးက ထိုးဆိုက်လာတယ်။ ကားမောင်းလာတာက ချိုမီကျော်ထင်။ ချိုမီကျော်ထင်ကိုမြင်တော့ ဘော်ဒီဂတ်သုံးယောက်လုံး အကြောတွေဖျင်းခနဲဖြစ်သွားကာ သတိအနေအထားနဲ့ ကြည့်လိုက်မိကြတယ်။ ဒါပေမယ့် ဘာမှတော့ မပြောကြဘူး။





ဒီလိုနဲ့ ဖိုးသစ်က ကားပေါ်ကိုရောက်သွားတဲ့အခါမှာတော့ ကားမှန်ကိုအောက်ဘက်ဆွဲချလိုက်ပြီး ဘော်ဒီဂတ်သုံးယောက်ဘက်ကိုလှည့်ကာ သူ့မျက်နှာမှာစွပ်ထားတဲ့ မျက်နှာဖုံးကြီးကို ချွတ်ပြလိုက်တယ်။

"ဟင်!"

"ဟာ!"

"အီး. . . သေပြီ"

ဘော်ဒီဂတ်သုံးယောက် ဆွေ့ဆွေ့ခုန်ကာ ပျာယာခတ်သွားကြတယ်။ မခတ်ခံနိုင်ရိုးလား။ မျက်နှာဖုံးစွပ်ထားတာက ဖိုးသစ်မဟုတ်ဘဲ ချစ်ရင်ထူးဖြစ်နေတာလေ။

"မကောင်းတော့ဘူး၊ မကောင်းတော့ဘူး၊ ဘောစိမကို အမြန်သွားပြော၊ မြန်မြန်"

ဖက်တီးမက ကုန်းအော်တယ်။ ချစ်ရင်ထူးကတော့ ဘော်ဒီဂတ်သုံးယောက်လုံးကို လျှာထုတ်ပြောင်ပြကာ ဖလိုင်းကစ်တွေဘာတွေ တောင်ပေးလိုက်သေးတယ်။ ပြီးမှ ချိုမီကျော်ထင်က ကားကိုမောင်းထွက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မယ်ယက္ခတို့လိုက်ပါလာတဲ့ကားက ရှေ့မှာတရိပ်ရိပ်ပြေးနေတဲ့ ချစ်ရင်ထူးတို့ ကားနောက်ကို မျက်ခြည်ပြတ်မသွားအောင် အတင်းလိုက်တယ်။

"ကားကို ဒီထက်မြန်မြန်မောင်းစမ်းပါ ကျောက်ပေါက်မရဲ့၊ လွတ်သွားလို့ကတော့ နင်သေမယ်မှတ်"

မယ်ယက္ခက ချစ်ရင်ထူးနဲ့ ချိုမီကျော်ထင်တို့နှစ်ယောက်ပေါင်းပြီး ဘတ်တာကို ခံလိုက်ရတဲ့အတွက် ကြိတ်မနိုင်ခဲမရတွေဖြစ်နေတယ်။ အံကိုတင်းတင်းကြိတ် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ပြီး. . .

"မိလို့ကတော့ အဲဒီကောင်မအသေပဲ၊ ဟင်း. . ."

အဲဒီလို ကြိမ်းဝါးကာ လိုက်လာရင်းကနေ တစ်နေရာအရောက်မှာတော့ သူမတို့ကားကို ရဲသားအချို့က လာတားတယ်။ ဒီတော့ ကျောက်ပေါက်မက ကားကိုရပ်ပေးလိုက်တယ်။

မယ်ယက္ခက အရေးထဲဘာရှုပ်တာလဲ ဆိုတဲ့အထာနဲ့ သူမဘေးက ကားမှန်ကိုချပေးလိုက်တယ်ဆိုရင်ပဲ ရဲသားတစ်ယောက်က သူမကို ငုံ့မိုးကြည့်လိုက်ရင်း. . .



BURMESE CLASSIC .com



"ကျွန်တော်တို့ သတင်းတစ်ခုရထားလို့ ဒီကားမှာရှာဖွေစစ်ဆေးချင်ပါတယ်၊ ကျေးဇူးပြုပြီးတော့ ကားပေါ်ကခဏဆင်းပေးကြပါ"

"ဟာ. . . ကျွန်မတို့ အရေးကြီးနေတယ်၊ ကျွန်မတို့ဘာမှမလုပ်ထားဘူး"

"ဟုတ်ကဲ့. . . ဘာမှမလုပ်ထားရင် ဘာမှမဖြစ်ပါဘူး၊ ကားပေါ်ကသာ ဆင်းပေးကြပါ"

မယ်ယက္ခတို့အုပ်စု မဆင်းချင်ဆင်းချင်နဲ့ ကားပေါ်ကဆင်းပေးလိုက်ကြတယ်ဆိုရင်ပဲ ရဲသားသုံးလေးယောက်က သူမတို့ကားထဲကို နေရာအနှံ့လိုက်ရှာကြတော့တယ်။ မယ်ယက္ခကတော့ မြင်ကွင်းထဲကပျောက်သွားပြီဖြစ်တဲ့ ချစ်ရင်ထူးတို့ကားကို မှန်းမျှော်ကြည့်ရင်း မရှိုးမရွဖြစ်နေတယ်။ ခဏအကြာမှာတော့. . .

"ဟား. . . တွေ့ပြီတွေ့ပြီ၊ ဒီမှာစိန်အတုထုပ်ကြီး၊ သတင်းရထားတဲ့အတိုင်း လူလိမ်အဖွဲ့ဆိုတာ သေချာသွားပြီ၊ တစ်ယောက်မှမလွတ်စေနဲ့၊ အကုန်ဖမ်း"

ရဲသားတစ်ယောက်ရဲ့ အော်သံအဆုံးမှာတော့ မယ်ယက္ခနဲ့ ဘော်ဒီဂတ်သုံးယောက်လုံး မျက်လုံးမျက်ဆန်တွေပြူးကာ လက်တကာကာ ခြေတကာကာနဲ့. . .

"ဟာ. . . မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒါက"

မယ်ယက္ခရဲ့ စကားတောင်မဆုံးလိုက်။ ရဲသားတစ်ယောက်က



www.burmeseclassic.com

မယ်ယကွကို လက်ထိပ်ခတ်လိုက်ရင်း. . .

"ဟုတ်ကဲ့. . . မဟုတ်ဘူး၊ ဟုတ်တယ်ဆိုတာ စခန်းရောက်မှ ဆက်ပြောကြတာပေါ့."

"ရှင်!"

* * *





မမသုံးယောက်ကတော့ ချစ်ရင်ထူးရဲ့ အခန်းတံခါးကို အမောတကောဖွင့်ကာ အထဲကိုဝင်လိုက်ကြရင်း ခုတင်ပေါ်မှာ စောင်ခေါင်းမြီးခြုံနေတဲ့ ချစ်ရင်ထူးကိုလှပ်ကြည့်လိုက်တဲ့အခါမှာတော့. . .

"ဟင်!"

"ဖိုးသစ်"

"ငသစ်"

ဟုတ်ပါတယ်။ ခုတင်ပေါ်မှာရှိနေတာက ချစ်ရင်ထူးမဟုတ်ပါဘူး။ လက်တွေခြေထောက်တွေကို ကြိုးနဲ့တုပ်ခံထားရပြီး ပါးစပ်မှာလည်း တိတ်အဝါအကြီးနဲ့ အကပ်ခံထားရတဲ့ ဖိုးသစ်ပါ။

မမနှစ်က ဖိုးသစ်ပါးစပ်က တိတ်ကို ဗျင်းခနဲဆွဲခွာလိုက်တယ်ဆိုရင်ပဲ ဖိုးသစ်ရဲ့ မရှိမဲ့ရှိမဲ့နှုတ်ခမ်းမွှေးလေးတွေ ပြုတ်ထွက်ပါသွားပြီး ဖိုးသစ်တစ်ကိုယ်လုံး ကြက်သီးတွေတောင် ထသွားတယ်။ ဒါပေမယ့် အဲဒါကို အရေးမထားအားသေးပဲ. . .



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

"ချစ်. . . ချစ်မကောင်းဘူးဗျာ၊ ကျွန်တော့်ခေါင်းကို မူးမေ့အောင်ရိုက်ပြီး အခုလိုလုပ်ခဲ့တာ. . . ဟီးဟီး. . . ဟီး"

ဆိုပြီး မမသုံးယောက်ရှေ့မှာ ငိုပြလိုက်တယ်။ ပြီးမှစိတ်ထဲက နေ. . .

"ခွေးကောင် ချစ်၊ ငါ့ကိုကြိုးနဲ့ပဲတုပ်ပါ၊ ပါးစပ်ကိုတော့ တိပ်နဲ့မကပ်ပါနဲ့ဆိုတာကို ဖွတ်ကပ်ပေးသွားသေးတယ်၊ အခုတော့ နာလိုက်တာကွာ၊ အနှစ်နှစ်အလလကမွေးထားတဲ့ နှုတ်ခမ်းမွေးတွေလည်း ကုန်ပါပြီ၊ တွေ့မယ်. . . တွေ့မယ်"

ဆိုပြီး ကြိမ်းလိုက်တယ်။

မမသုံးယောက်ကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဘာဆက်လုပ်ရမှန်းကိုမသိတော့တဲ့ ပုံတွေနဲ့။




## နင်ရယ်..ငါရယ်..လွမ်းကြွေရယ်

ရန်ကုန်မြို့နဲ့ ဝေးကွာလာပြီဖြစ်တဲ့ ကားလေးပေါ်မှာတော့ ချစ်ရင်ထူးနဲ့ ချိုမီကျော်ထင်တို့က တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားကြကာ နှစ်ယောက်တစ်ဘဝကို တည်ဆောက်ဖို့အတွက် ရင်ခုန်စိတ်လှုပ်ရှားနေကြတယ်။

"ရှင်နဲ့ကျွန်မ ဘယ်တော့မှ မခွဲကြေးနော်ချစ်"

"စိတ်ချပါ၊ ကိုယ့်ဘဝရဲ့ နောက်ဆုံးနေဝင်ချိန်အထိ ချိုမီ့အနားမှာပဲ ကိုယ်ရှင်သန်သွားမှာပါ"

"ကျေးဇူးတင်ပါတယ်. . . ချစ်ရယ်"



ဘဝအဖောများ ပြေပျောက်နိုင်ကြပါစေ .......

ကြိုးစားလျက် .......

ရာဇဝင်ကို

8 : 33 (AM)
7 - 6 - 2013
Friday



www.burmeseclassic.com